# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ နယုန်လပြည့် ၊ စနေနေ့ ၊ (30-5-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၀၃၀)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**ကျောင်းအပ်နှံရေး သီတင်းပတ်**

**( ၂၅-၅-၂၀၂၆ ရက်မှ ၃၁-၅-၂၀၂၆ ရက်ထိ )**

**"လူငယ်များဘဝထက်မြက်ဖို့ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံကြပါစို့"**

- ❖ ၅ နှစ်အရွယ်ကလေးများကို သူငယ်တန်း(KG)သို့ အပ်နှံရန်။
- ❖ ၆ နှစ်အရွယ်ကလေးများကို ပထမတန်း(Grade 1)သို့ အပ်နှံရန်။

# ဒုတိယသမ္မတ ဦးညိုစော ၇၈ ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ စာအောင်သာသနာ့အာဇာနည် အရှင်သူမြတ်တို့အား အောင်လက်မှတ်နှင့် ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း

**နေပြည်တော် မေ ၂၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးဝန်ကြီးဌာန သာသနာရေး ဦးစီးဌာနကကြီးမှူးကျင်းပသည့် ၇၈ ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်သူမြတ်အပါး ၁၀၀ တို့အား ချီးကျူးပူဇော်ပွဲနှင့် အောင်လက်မှတ် ဆက်ကပ်လှူဒါန်းပွဲ မဟာမင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး အတွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော် သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသော ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒဆရာတော်များ၊ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ပုစ္ဆကအကူဆရာတော်များနှင့် ကြီးကြပ်ရေးဆရာတော်များ၊ ၇၈ ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အာဂုံသဘောရေးဖြေ အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည်အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညိုစောနှင့် ဇနီး ဒေါ်စမ်းစမ်းအေး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့်

စာမျက်နှာ ၁၉ ကော်လံ ၁ ☞





**ငါးပါးသီလခံယူဆောက်တည်**

တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဩဝါဒါစရိယအဖွဲ့ဥက္ကဋ္ဌ ရောဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ မိုးကောင်းကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသုမင်္ဂလာစာရာဘိဝံသထံမှ ဒုတိယသမ္မတ ဦးညိုစောနှင့် ဇနီး အမှူးပြုသော ညှော်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြစဉ်။




ရတနာပုံ
၂၀၁၉ ခုနှစ် မေ ၃၀ ရက်
အယ်ဒီတာ့အာဘော်

# လနယုန်နှင့် မဟာသမယအခါတော်နေ့

နယုန်လသည် မြန်မာ့ဆယ့်နှစ်လတွင် တတိယမြောက်လဖြစ်သည်။ နယုန်လ၏ ရာသီအမည်မှာ မေထုန်၊ စန်းပြည့်နက္ခတ်မှာဇေဋ္ဌ၊ ယှဉ်တာရာမှာ မြင်းတာရာ၊ ရာသီရုပ်မှာ မိန်းမ-ယောက်ျား၊ ရာသီပန်းမှာ စံပယ်ပန်း၊ ရာသီပွဲမှာ စာပြန်ပွဲဖြစ်သည်။ နယုန်လသည် နွေရာသီ၏ နွေနှောင်းလ၊ နွေစွန်လဖြစ်သည့်အပြင် နွေရာသီကုန်ဆုံးခါနီး မိုးဦးလေဦး စကျသည့်အခါသမယလည်းဖြစ်သည်။ ထိုသို့ မိုးဦးလေဦးစကျသည့် အခါသမယဖြစ်သည့်အတွက် မိုးမွှား၊ မိုးဖွဲကလေးများ ရွာသွန်းလေ့ရှိသည်။ ထိုမိုးကလေးများကြောင့် မြေပြင်တွင် မြက်နုများ စိုပြည်စိမ်းလန်းလာသည်ကို "နယုန်မိုးသေး မြက်သားမွေး" ဟု ဆိုစမှတ်ပြုခဲ့ကြခြင်းဖြစ်သည်။

နယုန်လ၏ ရာသီပွဲဖြစ်သော စာပြန်ပွဲကျင်းပရခြင်းရည်ရွယ်ချက်မှာ ပရိယတ္တိသာသနာ ထွန်းကားစေရန်ဖြစ်သည်။ စာပြန်ပွဲမှ ထူးချွန်သည့် သံဃာ့အာဇာနည်ရဟန်းတော်များ ပေါ်ထွန်းလာမည်ဖြစ်သည်။ ရဟန်းတော်များသည် ဝါတွင်းသုံးလကာလပတ်လုံး စာဝါအသစ်များကို သင်ယူရမြဲဖြစ်ပြီး စာဝါအသစ်များ မသင်ယူရသေးသော ဝါမဝင်မီကာလဖြစ်သည့် နယုန်လတွင် ယခင်က သင်ယူခဲ့ပြီးသော စာဝါများကို နှုတ်ဖြင့်အာဂုံဆောင်ရွတ်ဆိုခြင်းမှစတင်ကာ စာပြန်ပွဲပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ ရှေးမြန်မာမင်းများသည် စာပြန်ပွဲကျင်းပရုံသာမက စိုက်ပျိုးရေးကို အားပေးသည့်အနေဖြင့် လယ်ထွန်မင်္ဂလာပွဲကိုပါ နယုန်လတွင် ကျင်းပလေ့ရှိကြသည်။

ထို့ပြင် မဟာသမယအခါတော်နေ့ဖြစ်ပေါ်လာပုံမှာ မြတ်စွာဘုရားရှင်သည် ကပိလဝတ်ပြည်အနီး မဟာဝုန်တော၌ သီတင်းသုံးနေထိုင်စဉ် မဟာသမယသုတ်တော်ကို ဟောကြားတော်မူခဲ့သည်။ ထိုသို့ ဟောကြားရာတွင် သာသနာ့ဘောင်သို့ဝင်ရောက်လာသော သာကီဝင်မင်းသား ရဟန္တာ ၅၀၀ တို့သည်လည်း အတူရှိကြသည်။ မြတ်စွာဘုရားရှင်နှင့် ထိုရဟန္တာတို့ကို ဖူးမြော်လိုကြသည့် နတ်၊ ဗြဟ္မာတို့ စုရုံးရောက်ရှိလာသည့်ကာလကို မဟာသမယဟုခေါ်ဆိုသည်။ ထိုသို့ နတ်၊ ဗြဟ္မာတို့ စုရုံးရောက်ရှိလာခြင်းကို မြတ်စွာဘုရားရှင်က နှစ်လိုစွာဖြင့် နတ်၊ ဗြဟ္မာတို့၏ အမည်နာမအမျိုးမျိုးကို ထုတ်ဖော်မြွက်ကြားဟောကြားတော်မူသောသုတ်ကို မဟာသမယသုတ်ဟု ခေါ်သည်။ မဟာသမယသုတ်တော်တွင် နတ်၊ ဗြဟ္မာအသီးသီးတို့သည် မိမိတို့၏အမည်နာမများပါသောကြောင့် အလွန်ကျေနပ်ကြသည်။ ထိုသို့ ဟောတော်မူသည်ကိုအစွဲပြု၍ နယုန်လပြည့်နေ့တွင် မဟာသမယသုတ်တော်ကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်း၊ မဟာသမယအခါတော်နေ့ ဆင်ယင်ကျင်းပခြင်းတို့ကို အစဉ်အဆက် ပြုလုပ်လာခဲ့သည်။

မဟာသမယအခါတော်နေ့သည် လူသားတို့အား ကောင်းမှုပြုလုပ်ရန်နှင့် စိတ်ကောင်းစိတ်မြတ်ထားရှိရန်သတိပေးသော နေ့မြတ်တစ်နေ့ဖြစ်သည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်တိုင်းသည် မဟာသမယအခါတော်နေ့၏ အဓိပ္ပာယ်ကို နားလည်သဘောပေါက်ပြီး မဟာသမယသုတ်ကို အစဉ်အမြဲ ရွတ်ဖတ်ပါက နတ်၊ ဗြဟ္မာတို့၏ ချစ်ခင်မှုကိုရရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဗုဒ္ဓဘာသာဝင်များအတွက် မဟာသမယနေ့သည် နေ့ထူးနေ့မြတ်များစွာအနက် အရေးပါသောနေ့တစ်နေ့ဖြစ်သဖြင့် မဟာသမယအခါတော်နေ့တွင် ဘုရားကျောင်းသို့သွားရောက်၍ သီတင်းသီလဆောက်တည်ခြင်း၊ တရားနာယူခြင်း၊ တရားထိုင်ခြင်း၊ ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်းတို့ကို ပြုလုပ်လေ့ရှိကြသည့်အပြင် မြတ်စွာဘုရားရှင်ဟောကြားတော်မူခဲ့သော မဟာသမယသုတ်တော်ကို သက်ဝင်ယုံကြည်စွာ ရွတ်ဖတ်သရဇ္ဈာယ်ကြခြင်းဖြင့် နတ်၊ ဗြဟ္မာတို့၏ချစ်ခင်မှုကိုရရှိပြီး ကောင်းသောအကျိုးများစွာ ဖြစ်စေနိုင်သည့်အတွက် လိုက်နာကျင့်ကြံပွားများသင့်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေး-မြို့သာ စက်မှုဥယျာဉ်မြို့တော်တည်ဆောက်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့် ရှေ့လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည့်တွေ့ဆုံပွဲ ကျင်းပ



**မန္တလေး မေ ၂၉**

မန္တလေး-မြို့သာ စက်မှုဥယျာဉ်မြို့တော်တည်ဆောက်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ အဆိုပါစီမံကိန်းမှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြသည့်တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးတွင်သာမက နိုင်ငံ၏ စီးပွားတိုးတက်ရေးအတွက် စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ဖြစ်ပေါ်လာစေရန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ တန်ဖိုးမြှင့် MSME စက်ရုံ၊ အလုပ်ရုံများ ပေါ်ထွက်လာရေး၊ တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေရေး အဓိကဦးတည်ဆောင်ရွက်လျက်ရှိပြီး ရင်းနှီးမြှုပ်နှံသူများ အခက်အခဲမရှိစေရန် အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မန္တလေး-မြို့သာ စက်မှုဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီ လီမိတက်ဥက္ကဋ္ဌနှင့်အမှုဆောင်အရာရှိချုပ် ဦးအောင်ဝင်းခိုင်က စီမံကိန်းနှင့်ပတ်သက်၍ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ကြုံတွေ့နေရသည့် အခြေအနေများနှင့် မူလရည်မှန်းချက်များကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များ၊ အများပိုင်ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဒေါက်တာထွန်းထွန်းအောင်က စီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များနှင့် ဖြည့်စွက်ဆွေးနွေးချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# ပုသိမ်ကြီးမြို့နယ် ဂျိုင့်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပုသိမ်ကြီး မေ ၂၉**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဂျိုင့်ကြီးကျေးရွာ၌ ၁၁ ကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို မေ ၂၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက ဂျိုင့်ကြီးကျေးရွာရှိ တာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ ကျေးလက်နေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်များ၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၄ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဂျိုင့်ကြီးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၁၇ ဦးကို ငွေကျပ် ၄၃ ဒသမ ၃ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် သုည ဒသမ ၇ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၂၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အောင်ရဲကျော်**

# ခနုဖြူမြို့နယ်တွင် နာနတ်သီးများ အရောင်းအဝယ်ကောင်းမွန်နေ



**ခနုဖြူ မေ ၂၉**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ခနုဖြူမြို့နယ်တွင် နာနတ်သီးများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ခနုဖြူမြို့နယ် သစ်သီးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းမြင့်က ပြောပြသည်။

ခနုဖြူမြို့နယ် သစ်သီးဈေးကွက်တွင် ယခုနှစ် မေလ တတိယပတ်မှစတင်ပြီး ယနေ့ထိ နာနတ်သီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသတွင်ထွက်ရှိသည့် နာနတ်သီးများ တစ်ရက်လျှင် အလုံးရေ ၂၅၀၀၀ မှ ၄၅၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ခနုဖြူမြို့နယ်ကနေ ထွက်ရှိတဲ့နာနတ်သီးတွေ အဝယ်လိုက်နေပါတယ်။ အခြားဒေသဈေးကွက်က ဝယ်လက်တွေကပါ အဝယ်များနေပါတယ်။ လက်ရှိ နာနတ်သီးတွေ တစ်ရက်ကို အလုံးရေ ၄၅၀၀၀ ထိ ရောင်းချနေရပါတယ်။ နာနတ်သီးတွေက ပိုးမွှားအန္တရာယ်ကင်းရှင်းပြီး အရည်အသွေးကောင်းမွန်တာ တွေ့ရပါတယ်။ အခုနှစ် နာနတ်သီးတွေက အရည်အသွေးကောင်းသလို အထွက်နှုန်းလဲ ကောင်းနေပါတယ်" ဟု ခနုဖြူမြို့နယ် သစ်သီးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းမြင့်က ပြောပြသည်။

ခနုဖြူမြို့နယ်တွင် စိုက်ပျိုးထွက်ရှိပြီး အရောင်းအဝယ်ကောင်းမွန်နေသည့် နာနတ်သီး အလုံးရေ ၁၀၀ လျှင် ငွေကျပ် ၂၅၀၀၀ မှ ၂၇၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါ အရောင်းအဝယ် ကောင်းမွန်နေသည့် နာနတ်သီးများကို ခနုဖြူဈေးကွက်အပြင် မအူပင်၊ ညောင်တုန်း စသည့်ဒေသများသို့ တင်ပို့ရောင်းချ လျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# သထုံမြို့နယ် သောင်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သထုံ မေ ၂၉**

မွန်ပြည်နယ် သထုံခရိုင် သထုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သောင်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သထုံခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်လွင်က မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ရန်ပုံငွေ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သထုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လတ်က ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများ၊ ကျေးလက်နေပြည်သူများ လိုက်နာရမည့် တာဝန်နှင့် ရပိုင်ခွင့်များ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များကို ရှင်းလင်းပြောကြားပြီး ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၂၉ ဒသမ ၄ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက သောင်ကြီးကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ ၄၅ ဦးကို ရန်ပုံငွေကျပ် ၂၉ ဒသမ ၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သုတ**

# စေတုတ္တရာမြို့နယ် အောက်ပုံကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်နေမှု စစ်ဆေး

**စေတုတ္တရာ မေ ၂၉**

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အောက်ပုံကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်နေမှုကို မေ ၂၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စေတုတ္တရာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်ထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဝန်ထမ်းများက အောက်ပုံကျေးရွာ၌ ဘက်စုံသုံးခန်းမ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အောက်ပုံကျေးရွာ၌ အလျားပေ ၄၀၊ အနံပေ ၃၀၊ အမြင့် ၁၁ ပေရှိ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ်သိန်း ၁၂၀ ဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာပံ့ပိုး၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် မေ ၁၅ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၀ ရာခိုင်နှုန်းကျော် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ကိုညို**

# အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါသီးနှံ ၁၀၀၄၁ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ဝါစိုက်ခင်းကို တွေ့ရစဉ်။

**အရာတော် မေ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါသီးနှံ ၁၀၀၄၁ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း အရာတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အရာတော်မြို့နယ်တွင် ဝါသီးနှံ ၁၀၀၄၁ ဧကစိုက်ပျိုးရန် လျာထားပြီး ဇွန်လပထမပတ်မှ စတင်စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ အရာတော်မြို့နယ်မှာ ဝါသီးနှံ ၁၀၀၄၁ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားပါမယ်။ ဝါသီးနှံတွေစိုက်ပျိုးရာမှာ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့၊ စိုက်နည်းစနစ်မှန်ကန်ဖို့၊ ပိုးမွှားရောဂါကင်းရှင်ဖို့ အသိပညာပေးသွားမယ်" ဟု အရာတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးက ပြောပြသည်။

အရာတော်မြို့နယ်တွင် ဝါသီးနှံစိုက်ပျိုးမည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဝါမျိုးကောင်းမျိုးသန့်များ ရရှိစေရေး၊ ဝါသီးနှံအောင်မြင်ဖြစ်ထွန်းစေရေး၊ ပိုးမွှားရောဂါ ကြိုတင်ကာကွယ်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ စိုက်နည်းစနစ် မှန်ကန်ရေး နည်းပညာပေးသင်တန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဝါသီးနှံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းသုံးစွဲမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ဝါသီးနှံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကျော်စိုးက ပြောပြ၍ သိရသည်။ (၂၀၆)

# မင်းလှမြို့နယ် ပတ်တန်းကြီးကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းလှ မေ ၂၉**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပတ်တန်းကြီးကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) ရန်ပုံငွေထုတ်ချေးခြင်းကို မေ ၂၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်ထွန်းက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ရန်ပုံငွေထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များကို ပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၃ ဒသမ ၈ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ပတ်တန်းကြီးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၁ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ရှစ်ဦး၊ စက်ချုပ်လုပ်ငန်းလုပ်ကိုင်သူနှစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၁ ဦးကို ရန်ပုံငွေကျပ် ၃၃ ဒသမ ၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အေးမြတ်**

# ညောင်တုန်းမြို့နယ်တွင် ငါးတန်များ ဝယ်ယူမှုအားကောင်းလာသဖြင့် အရောင်းအဝယ်ကောင်းမွန်နေ

**ညောင်တုန်း မေ ၂၉**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ်တွင် ငါးတန်များ ဝယ်ယူမှုအားကောင်းလာသဖြင့် အရောင်းအဝယ်ကောင်းမွန်နေကြောင်း ညောင်တုန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်က ပြောပြ၍ သိရသည်။

ညောင်တုန်းမြို့နယ်တွင် ငါးတန်များ မေလတတိယပတ်မှ ယနေ့ထိ ဝယ်ယူမှုအားကောင်းလာပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသတွင် နေ့စဉ် ငါးတန်ပိဿာချိန် ၃၅၀၀ မှ ၆၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေပြီး ငါးတန်တစ်ပိဿာလျှင် ငွေကျပ် ၁၉၅၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

"ညောင်တုန်းမြို့နယ်က ထွက်တဲ့ ငါးတန်တွေကို ရန်ကုန်ဈေးကွက်က ဝယ်လိုအားကောင်းနေပါတယ်။ ဒီဘက်ကနေထွက်တဲ့ ငါးတန်တွေ ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ရောင်းချနေပါတယ်။ ငါးတန်က အခုအချိန်မှာအရောင်းအဝယ်အဖြစ်ဆုံးပါ။ ငါးတန်တွေ အရောင်းအဝယ်ကောင်းလာတော့ ရေလုပ်သားတွေ၊ မွေးမြူရေးလုပ်ငန်းရှင်တွေ၊ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်တွေ အဆင်ပြေလာပါတယ်။ ညောင်တုန်းမြို့နယ်ကထွက်တဲ့ ငါးတန်တွေက အရည်အသွေးကောင်းပါတယ်"ဟု ညောင်တုန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်က ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များက ဒေသထွက်ငါးတန်များကို ဝယ်ယူပြီး စနစ်တကျသန့်စင်ကာ ပြန်လည်ဖြန့်ဖြူးရောင်းချနေကြောင်း၊ အဆိုပါ ငါးတန်များ အရောင်းအဝယ် ကောင်းလာသည့်အတွက် ရေလုပ်သားများ၊ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ အဆင်ပြေနေကြောင်း သိရသည်။ **ကျော်ကျော်လင်း**



# ဆေးဖက်ဝင်တမာပင်၏ ကျန်းမာရေးအကျိုးကျေးဇူးများ

ဒေါက်တာလပြည့်ခင်

**တမာ**

တမာပင်သည် မြန်မာနိုင်ငံအလယ်ပိုင်း အညာဒေသများတွင် သဘာဝအလျောက်ပေါ်များစွာ ပေါက်ရောက်သည်။ တမာကို အင်္ဂလိပ်လို Neem ဟုခေါ်ပြီး Meliaceae မျိုးရင်းဝင်ဖြစ်ကာ ရုက္ခဗေဒ အလိုအားဖြင့် Azadirachta indica A.Juss. ဟုခေါ်သည်။

တမာပင်တွင် Nimbolide၊ Hyperoride၊ Nimbin၊ Myristric Acid၊ Limbolide၊ Azadirinin၊ Quercetin၊ Margosalone၊ Margocilin နှင့် Azadirol စသည့် ကျန်းမာရေးအတွက် အကျိုးပြုဓာတ်များစွာပါဝင်သည်။

အပူပိုင်းအမြဲစိမ်း အပင်တစ်မျိုးဖြစ်သည့် တမာကို ရာစုနှစ်များစွာကတည်းက အာရှဒေသနိုင်ငံများတွင် ဆေးဝါးအဖြစ်အသုံးပြုလာခဲ့ကြသည်။ တစ်ပင်လုံးလိုလိုဆေးဖက်ဝင်သည့် တမာမှ တမာရွက်၊ တမာသီး၊ တမာခေါက်နှင့် တမာပွင့်ကို အစာအိမ်၊ အူလမ်းကြောင်းရောဂါများနှင့် ကူးစက်ရောဂါများကာကွယ်ရန်အတွက် အသုံးပြုနိုင်သကဲ့သို့ အင်းဆက်နှင့် ပိုးမွှားများကို နှိမ်နင်းတိုက်ထုတ်ပေးသည့် တမာပိုးသတ်ဆေးအဖြစ် အသုံးပြုသည်။

တမာပင်အခေါက်ကို ငှက်ဖျားရောဂါ၊ အစာအိမ်နှင့် အူလမ်းကြောင်းရောဂါများကို သက်သာစေရန်အတွက် အသုံးပြုနိုင်သည်။

တမာသီးများကို လိပ်ခေါင်းဝေဒနာ၊ အူလမ်းကြောင်းတွင်ဖြစ်သည့် သန်ကောင်၊ တုတ်ကောင်များကို ချေဖျက်ခြင်း၊ ဆီးလမ်းကြောင်းပိုးဝင်ကူးစက်ခြင်း၊ နှာခေါင်းသွေးလျှံခြင်း၊ ချွဲသလိပ်များဖြစ်ခြင်း၊ မျက်လုံးနှင့်သက်ဆိုင်သည့်ဝေဒနာများခံစားရခြင်း၊ ဆီးချို၊ အနာများနှင့် အနာကြီးရောဂါများဖြစ်ပွားခြင်းတို့အတွက် အသုံးပြုကြသည်။

တမာပွင့်ကို သည်းခြေရည်အထွက်များခြင်း၊ ချွဲသလိပ်များဖြစ်ခြင်းနှင့် သန်ကောင်၊ တုတ်ကောင်များကို ချေဖျက်ခြင်းတို့အတွက် အသုံးပြုနိုင်ပါသည်။

တမာပင်၏ အကိုင်းအခက်များကို ချောင်းဆိုးခြင်း၊ ပန်းနာရင်ကျပ်၊ လိပ်ခေါင်း၊ သန်ကောင်၊ တုတ်ကောင်များကို ချေဖျက်ခြင်း၊ အမျိုးသားများတွင် မျိုးအောင်နိုင်စွမ်းကျဆင်းမှုကို သက်သာစေရန် အသုံးပြုနိုင်သကဲ့သို့ ဆီးချိုဝေဒနာ၊ သွားနှင့် သွားဖုံးရောဂါများအတွက်လည်း အသုံးပြုနိုင်သည်။

တမာစေ့နှင့် တမာစေ့ဆီကို အစာအိမ်အူလမ်းကြောင်းဝေဒနာများနှင့် အနာကြီးရောဂါများအတွက် အသုံးပြုနိုင်သည်။ တမာကို ကိုယ်ခံအားတိုးစေရန်အတွက် အသုံးပြုနိုင်သည့်အပြင် အနာသွေးတိတ်စေရန်အတွက်လည်း အသုံးပြုနိုင်သည်။ ဦးရေပြားပေါ်မှ သန်းများကိုဖယ်ရှားရန်၊ အရေပြားပေါ်မှ အနာများကို သက်သာစေရန်နှင့် ဆံသားကောင်းမွန်စေရန်အတွက် အသုံးပြုနိုင်သည်။ ခြင်မကိုက်အောင် ကာကွယ်ရန်အတွက် တမာဆီကို အသုံးပြုနိုင်သကဲ့သို့ မျက်နှာပေါ်မှ ဝက်ခြံများသက်သာစေရန်နှင့် အသားအရေနုးညံ့စိုပြည်စေရန်အတွက်လည်း တမာရွက်ကိုအသုံးပြုနိုင်သည်။

တိုင်းရင်းဆေးများတွင် အရေပြားရောဂါကုသရာ၌ တမာရွက်ကို ထည့်သွင်းဖော်စပ်တတ်ကြသည်။ ရှေးဦးစွာ တမာရွက်ကို ရေနွေးဖြော၍ ညက်နေအောင် ကြိတ်ထားရပြီး တမာရွက်ကြိတ်ဖက်ကို ဝက်ခြံနှင့် အခြားသောအရေပြားရောဂါတို့တွင် အုံပေးပါက အမာရွတ်မကျန်ဘဲ သက်သာစေနိုင်သည်။

တမာရွက်တွင် ဘက်တီးရီးယား၊ ကပ်ပါးကောင်၊ ဖန်းဂပ်စ်မှို၊ ပရိုတိုဇွနှင့် ဗိုင်းရပ်များကို ဆန့်ကျင်နိုင်သော ပိုးမွှားအတော်များများကိုနိုင်သည့် ပိုးသတ်ဆေးအာနိသင်များရှိသောကြောင့် အနာပေါက်နေချိန် တမာရွက်ကိုပြုတ်ပြီး တို့စားခြင်း၊ တမာရွက်ကို ကျိုပြီးရသည့်ရေနှင့်အနာကို ဖန်ရည်ဆေးခြင်းများ ပြုလုပ်ခြင်းဖြင့် အနာသက်သာပျောက်ကင်းနိုင်သည်။

**ခုခံအားစနစ်ကိုကောင်းမွန်စေခြင်း**

တမာရွက်ကိုစားပေးခြင်းဖြင့် ခန္ဓာကိုယ်၏ ကိုယ်ခံစွမ်းအားကို သန်စွမ်းကောင်းမွန်စေပြီး ခန္ဓာကိုယ်အားနည်းစေသည့် ပြင်ပရောဂါများကိုလည်း အတိုင်းအတာတစ်ခုထိ တွန်းလှန်ပေးနိုင်စွမ်းရှိသည်။



**သွေးသန့်စေခြင်း**

တမာရွက်သည် သွေးတွင်းမှအညစ်အကြေးများကို ဖယ်ရှားပေးသောကြောင့် ခန္ဓာကိုယ်တွင် ရောဂါကင်းစေသဖြင့် တမာရွက်ကိုပုံမှန်စားသုံးပေးပါက သွေးသန့်စင်စေပြီး ကိုယ်ခံအားကောင်းစေကာ အသည်းကိုလုပ်ဆောင်နိုင်စွမ်းမြင့်တက်စေနိုင်သည်။

တမာရွက်တွင် အဖျားကျစေနိုင်သော အစွမ်းသတ္တိရှိသောကြောင့် ငှက်ဖျားရောဂါကုသရာတွင် အလွန်ထိရောက်အသုံးဝင်နိုင်သည်။ တမာရွက်သည် ခံတွင်း၌ဖြစ်တတ်သည့် ဘက်တီးရီးယားများကို တိုက်ထုတ်ပေးနိုင်ပြီး သွားများကို ကျန်းမာကြံ့ခိုင်စေသည်။

**အစာခြေစနစ်ကို ကောင်းမွန်စေခြင်း**

တမာရွက်ကိုပြုတ်ပြီးစားသုံးပေးပါက အရသာခံအာရုံမကောင်းမှုကို သက်သာစေပြီး ခံတွင်းပျက်ပြီး စားသောက်ချင်စိတ်မရှိခြင်း၊ ဝမ်းချုပ်ခြင်းနှင့် အစာမကြေခြင်းကို သက်သာစေသကဲ့သို့ ရင်ပူမှုမဖြစ်အောင်လည်းကာကွယ်ပေးနိုင်ပြီး ဝမ်းထဲတွင် သန်ကောင်များရှိပါကလည်းကျစေနိုင်သည်။ အစာခြေလမ်းကြောင်းတွင်ဖြစ်သည့် အနာများကို သက်သာစေနိုင်သည့်အပြင် ဝမ်းချုပ်ခြင်းမဖြစ်အောင်ကာကွယ်ပေးပြီး အစာခြေစနစ်ကို ကျန်းမာစေနိုင်ပါသည်။

**ယားနာသက်သာစေခြင်း**

အရေပြားတွင် ပြတ်ရှရာ သို့မဟုတ် အနာများ နှင်းခူ၊ ဝက်ခြံ၊ အရေပြားဓာတ်မတည့်ခြင်း၊ အရေပြားတွင်အနီကွက်ပေါ်ခြင်း၊ အရေပြားတွင်ယားနာပေါက်ခြင်း စသည်ဖြင့် အရေပြားဝေဒနာအားလုံး အမြန်သက်သာပျောက်ကင်းစေရန် တမာကြိတ်ဖက်ကို နနွင်းရည် သို့မဟုတ် နှင်းဆီရည် တစ်မျိုးမျိုးဖြင့် ရောနယ်ခြင်း သို့မဟုတ် တမာရွက်နှင့်ပြုလုပ်ထားသည့်ပေါင်းဒါမှုန့် သို့မဟုတ် တမာဆီဖြင့် အရေပြားအနာများပေါ်တွင် လိမ်းကျံပေးပါက ယားနာဝေဒနာ သက်သာပျောက်ကင်းစေနိုင်ပြီး ဒဏ်ရာနှင့် အနာများတွင် ကပ်ငြိနေသည့်ပိုးမွှားမှန်သမျှ တွန်းလှန်ပေးပြီး အနာကျက်မြန်စေသည်။ ခန္ဓာကိုယ်အရေပြားယားယံနေပါက တမာရွက်ပြုတ်ရည်နှင့် ရေချိုးခြင်းဖြင့် တမာရွက်၏ ဆေးဖက်ဝင်အာနိသင်ကြောင့် ခန္ဓာကိုယ်တွင် ကပ်ငြိနေသည့်ပိုးမွှားများကို ကင်းစင်စေပြီး အရေပြားယားယံမှုကို ပျောက်ကင်းသက်သာစေနိုင်သည်။

**မီးလောင်ဒဏ်ရာကို သက်သာစေခြင်း**

မီးလောင်ခံရမှုကြောင့် ဖြစ်ပေါ်လာသည့်ဒဏ်ရာများကို ကုသရာတွင် တမာရွက်ထည့်ကျိုထားသည့် တမာရည်ကိုလိမ်းပေးပါက အနာအမြန်ကျက်စေပြီး ပိုးမဝင်စေရန်နှင့် ဓာတ်မတည့်မှုမဖြစ်စေရန် ကာကွယ်ပေးနိုင်သည်။ ရေနွေးပူလောင်ခြင်း၊ ဆီပူလောင်ခြင်းဖြစ်ပေါ်သည့် အပူလောင်ဒဏ်ရာများ ဖြစ်ပါကလည်း တမာရွက်ပြုတ်ရည်ကို ဒဏ်ရာတစ်ဝိုက်လိမ်းပေးခြင်းဖြင့် ပိုးမွှားမဝင်အောင် ကာကွယ်ပေးနိုင်ပြီး အနာကျက်ရန်အတွက်လည်း များစွာအထောက်အကူပြုသည်။

**ဆံသားကိုသန်မာစေခြင်း**

တမာရွက်ကို အခြောက်ပြုလုပ်၍ အမှုန့်ကြိတ်ပြီး ရရှိသော တမာရွက်ခြောက်ကို ဆံပင်ပေါင်းဆေးနှင့် တွဲဖက်ကာ ဆံပင်ကိုပေါင်းတင်ပေးခြင်းဖြင့် ဆံသားကျွတ်ခြင်းနှင့် ဆံပင်ဖြူခြင်းတို့ကို ကာကွယ်ပေးနိုင်သည်။ အခြားဆံပင်လိမ်းဆီအစား တမာဆီကို ဦးရေပြားတွင်လိမ်းပေးပါက ဆံပင်မဖြူအောင်ကာကွယ်ပေးနိုင်ပြီး ဗောက်ထခြင်း၊ သန်းရှိခြင်းနှင့် ဆံပင်ကျွတ်ခြင်းများကို သက်သာလျော့ပါးစေသောကြောင့် တမာဆီသည် ဆံပင်သားကျန်းမာရေးအတွက် များစွာအထောက်အကူပြုသည်ဟုဆိုနိုင်သည်။

**ကြွက်သားနှင့်အဆစ်များနာကျင်မှုကို သက်သာစေခြင်း**

တမာရွက်တွင် ရောင်ရမ်းနာကျင်မှုကို လျော့ပါးသက်သာစေသည့် အစွမ်းသတ္တိရှိသောကြောင့် ခန္ဓာကိုယ်အရိုးအဆစ်များ၊ ကြွက်သားများ ရောင်ရမ်းနာကျင်မှုဖြစ်ပါကလည်းနာကျင်နေသည့် ကြွက်သားနှင့်အဆစ်နေရာများတွင် တမာဆီကို လိမ်းပြီး အသာနှိပ်နယ်ပေးခြင်းဖြင့် အရိုးအဆစ်ရောင်ရမ်းနာ၊ ဂေါက်အဆစ်ရောင်နာ၊ ခါးနာ စသည့် ရောင်ရမ်းနာကျင်မှုဝေဒနာများ လျော့ပါးသက်သာစေနိုင်သည်။

**ကျောက်ပေါက်ဝေဒနာသက်သာစေခြင်း**

ကျောက်ပေါက်ဝေဒနာရှင်များအတွက် တမာရွက်နှင့်တမာကိုင်းများကို ရေနွေးဖြင့်ပြုတ်ပြီး ရလာသော တမာပြုတ်ရည်နွေးနွေးကို ရေချိုးကန်တွင်ထည့်ပြီး စိမ်ပေးပါက ယားယံခြင်းနှင့်အရေပြားနီရဲလာခြင်းကို သက်သာစေနိုင်သည်။ ဝေဒနာပျောက်ကင်းသည့်အခါတွင်လည်း အမာရွတ်အနည်းငယ်သာကျန်စေသည်ထိ တမာပြုတ်ရည်က အစွမ်းထက်ပါသည်။

**သန်ကောင်များ ကင်းစင်စေခြင်း**

တမာရွက်တွင် သန်ကောင်များကို တွန်းလှန်ပေးနိုင်သည့်အစွမ်းရှိပြီး အူလမ်းကြောင်း၏ လုပ်ငန်းဆောင်တာများကို ကျန်းမာစေနိုင်သည်။ တမာရွက်ကို ပြုတ်ပြီးစားခြင်းဖြင့် သန်ကောင်များကို ကင်းစင်စေနိုင်သည်။

**သွေးတွင်းသကြားဓာတ်ကို ထိန်းပေးနိုင်ခြင်း**

တမာရွက်တွင်ပါဝင်သည့် ဓာတုဓာတ်များက သွေးတွင်းသကြားဓာတ်ကို ပုံမှန်ဖြစ်အောင် ထိန်းပေးနိုင်သောကြောင့် ဆီးချိုသွေးချိုရောဂါရှိသူများအတွက် ထိရောက်သည့်ဆေးတစ်လက်ဟုဆိုကြသည်။ တမာရွက်တွင် ဆီးချို၊ သွေးချိုကို ကျစေနိုင်သည့်အစွမ်းသတ္တိအပြည့်ရှိသဖြင့် ဆီးချို၊ သွေးချိုသမားများအနေဖြင့် စားသုံးသင့်သည်။

တမာရွက်ကို အခြောက်ပြုလုပ်၍ လက်ဖက်ခြောက်ရွက်နှင့်ရောခတ်ကာ တမာရွက်ခြောက်ကျန်းမာရေးရေနွေးကြမ်းအဖြစ် သောက်သုံးခြင်းဖြင့်လည်း ကျန်းမာရေးကောင်းမွန်စေနိုင်သည်။

**တမာအသုံးမပြုသင့်သူများ**

တမာရွက်၊ တမာစေ့၊ တမာအကိုင်းအခက်၊ တမာခေါက်၊ တမာပွင့် စသည့်တမာပဉ္စငါးပါးက ဆေးဖက်ဝင်သော်လည်း ရောဂါအခံရှိသူများ၊ ဆေးတစ်မျိုးမျိုးစွဲသောက်နေရသူများ၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ ကလေးငယ်များအနေဖြင့် ဆရာဝန်၏ခွင့်ပြုချက်ဖြင့်သာ အသုံးပြုသင့်ပြီး သာမန်လူများအနေဖြင့်လည်း အလွန်အကျွံအသုံးပြုခြင်းကို မပြုသင့်ပေ။ တမာကို များများစားလျှင် အကြောတက်သဖြင့် "တန်ဆေး၊ လွန်ဘေး" ဆိုသည့် စကားအတိုင်း တန်သင့်ရုံသာသုံးစွဲသင့်သည်။ တမာသည် သဘာဝကရသည်ဆိုသော်လည်း ဓာတုဗေဒနည်းအရ သန့်စင်ထားခြင်းမရှိပါက ခန္ဓာကိုယ်ကို ဘေးဖြစ်စေတတ်သောကြောင့် သတိထားသုံးစွဲရန် လိုအပ်သည်။

**အနှစ်ချုပ်**

တမာပင်တစ်ပင်လုံးတွင် ရောင်ရမ်းနာကျင်မှုကို လျော့ပါးသက်သာစေသည့်အစွမ်းသတ္တိ၊ ဆီးချိုသွေးချိုကိုကျစေနိုင်သည့်အစွမ်းသတ္တိ၊ ကင်ဆာဖြစ်ခြင်းကို လျော့နည်းစေနိုင်သည့်အစွမ်းသတ္တိ၊ အဖျားကျစေနိုင်သောအစွမ်းသတ္တိ၊ ဘက်တီးရီးယားပိုး၊ မှိုပိုး၊ ဗိုင်းရပ်ပိုး၊ ပါရာဆိုက်ပိုးများကို သေစေနိုင်သည့် အစွမ်းသတ္တိ၊ အရေပြားယားယံမှုကိုသက်သာစေနိုင်သည့် အစွမ်းသတ္တိများစွာရှိသောကြောင့် တမာပင်၏ အခေါက်၊ အရွက်၊ အသီးအပွင့်များကို ပန်းနာရင်ကျပ်ရောဂါ၊ အရေပြားရောဂါ၊ ဆီးချိုရောဂါ၊ အဖျား စသည့်ရောဂါများအတွက် ဆေးများဖော်စပ်ရာတွင် ထည့်သုံးလေ့ရှိသည်။ အေးမြသည့်အရိပ်ပေးသော တမာကို ဆေးဝါးအဖြစ်အသုံးပြုသကဲ့သို့ အစားလည်းဆေး ဆေးလည်းအစာဆိုသည့်အတိုင်း တမာချဉ်ကို အတို့အမြုပ်အဖြစ် ငါးပိရည်နှင့်တွဲဖက်စားသုံးခြင်း၊ သုပ်စားခြင်းတို့ကို တန်ဆေးလွန်ဘေးမဖြစ်ရအောင် သင့်တင့်မျှတစွာ စားသုံးသင့်ကြောင်း ရေးသားလိုက်ရပါသည်။

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ် ၁၀မှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# ငြိမ်းချမ်းသာစွ နယုန်လ

– မေထုန်ရာသီ နယုန်လ
မိုးဦးအစ အချိန်ခါ၊
နေရာစုံ မိုးလေသွေးတော့
မြက်သားမွေးကာ၊
နက္ခတ်က ဇေဋ္ဌပါ
ထွန်းပကာ အာကာနန်း၊
လုလင်ပျို မစုံအတွဲ
မခွဲအသွင်ဆန်း။

– တောတောင်တစ်ခွင် စိမ်းစိုလန်း
ရောင်စုံပန်းတို့ မွှေးကြိုင်ကာ၊
ငွေစံပယ် ပင်ယံဦးမှာ
ဖူးပွင့်လို့ဖြာ၊
စာပြန်ပွဲ အချိန်ခါ
ထေရ်သံဃာ ပူဇော်ကြ၊
သံဃာ့ဂုဏ် ဖူးမြော်ကြလို့
ထူးမြတ်သည့်လ။

– ညီညွတ်ကာ လက်တွဲကြလို့
ငြိမ်းချမ်းလျက် အတူနေ၊
ရောဟဏီမြစ်ရေ အတူသုံးငြား
ဟောကြားစိန္တေ၊
ငြိမ်းချမ်းရေး ရခဲ့ပေ
အတူဝေ သုံးခဲ့ကြ၊
"မဟာသမယသုတ်တော်" ဟောကြားပြသည့်
လပြည့်နယုန်လ။ ။

ရွှေတိုး(ထုံးဘို)

# မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၅၇၀၀ စိုက်ပျိုးမည်



ယခင်နှစ်က ခရမ်းချဉ်စိုက်ခင်းကို တွေ့ရစဉ်။

**မြင်းမူ မေ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၅၇၀၀ စိုက်ပျိုးမည်ဖြစ်ကြောင်း မြင်းမူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၅၇၀၀ စိုက်ပျိုးရန် လျာထားပြီး အဆိုပါဟင်းသီးဟင်းရွက်စိုက်ပျိုးမှုကို ယခုနှစ် ဇွန်လပထမပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာ ဟင်းသီးဟင်းရွက် ဧက ၅၇၀၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက် ပေးသွားပါမယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်းချဉ်၊ မုန်လာဥ စတဲ့သီးနှံတွေ စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့စိုက်ပျိုးနိုင်ဖို့၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်စေဖို့၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေပေးသွားပါမယ်"ဟု မြင်းမူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးပိုင်က ပြောပြသည်။

မြင်းမူမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးမည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့်သီးနှံဖြစ်စေရန် နည်းပညာများပေးခြင်း၊ တောင်သူများ ဟင်းသီးဟင်းရွက်ဧက တိုးချဲ့စိုက်ပျိုးလာရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက် ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြင်းမူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးပိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

# မြစ်ကြီးနားမြို့နယ် မော်ဖောင်းနယ်မြေ(၈)ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**မြစ်ကြီးနား မေ ၂၉**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကုန်ထုတ်လုပ်မှုမြှင့်တင်ရန်နှင့် ကျေးလက်နေပြည်သူများ ရာသီမရွေး ကျေးလက်ထုတ်ကုန်များ ကုန်စည်စီးဆင်းနိုင်ရန်အတွက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စုအထွေထွေပိုလျှံရန်ပုံငွေ(GRF)ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် မော်ဖောင်းနယ်မြေ(၈)ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှုကို မေ ၂၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြစ်ကြီးနားမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေသူရိန်စိန်လှ၊ တာဝန်ခံအင်ဂျင်နီယာတို့နှင့်အတူ မော်ဖောင်းနယ်မြေ(၈)ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများက ကျေးရွာလမ်း ဖြစ်မြောက်ရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီးစီးခဲ့သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ မော်ဖောင်းနယ်မြေ(၈)ကျေးရွာ၌ လမ်းအရှည် တစ်မိုင်၊ အကျယ် ၁၆ ပေ၊ အမြင့်ကိုးလက်မရှိ ကျောက်လမ်းခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စုအထွေထွေပိုလျှံရန်ပုံငွေကျပ် ၂၆၁ ဒသမ ၇၉ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုနှစ် ဧပြီလ တတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မြစ်ကြီးနားမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေသူရိန်စိန်လှထံမှ သိရသည်။

ချစ်ဦးကို

# ဘုတ်ပြင်းမြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဘုတ်ပြင်း မေ ၂၉**

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းခရိုင် ဘုတ်ပြင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင်အသေးစားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊ အတိုးနှုန်းသက်သာသည့် ငွေကြေးအရင်းအနှီးရရှိစေရန်ရည်ရွယ်၍ သဲဖြူကျေးရွာနှင့် ကျွဲချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို မေ ၂၈ ရက် နံနက်ပိုင်းက သဲဖြူကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဘုတ်ပြင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မိုးမြင့်က စီမံကိန်းရန်ပုံငွေများဆုံးရှုံးမှုမရှိစေရေး စနစ်တကျ ထိန်းသိမ်း ဆောင်ရွက်သွားရန်လိုကြောင်း၊ စီမံကိန်းရန်ပုံငွေဖြင့် လုပ်ငန်းများ အမှန်တကယ်ဆောင်ရွက်ပြီး မိသားစုဝင်ငွေတိုးပွားရေးကို စနစ်တကျဆောင်ရွက်ပေးစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဘုတ်ပြင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မိုးမြင့်က မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၆၂ သိန်းကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက သဲဖြူကျေးရွာနှင့် ကျွဲချောင်းကျေးရွာရှိ တစ်နိုင်တစ်ပိုင်အသေးစားစီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ အသင်းသား၊ အသင်းသူ ၇၂ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ် ၄၆၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

မိုးမိုး

# နိုင်ငံတကာ သတင်းများ

## ဂါဇာကမ်းမြောင်ဒေသ၏ ၇၀ ရာခိုင်နှုန်းထိ ထိန်းချုပ်ထားရန် အစ္စရေးဝန်ကြီးချုပ် ညွှန်ကြား

**ဂျေရုဆလင် မေ ၂၉**

ဂါဇာကမ်းမြောင်ဒေသတစ်ခုလုံး၏ ၇၀ ရာခိုင်နှုန်းထိကို ထိန်းချုပ်ထားရန် တပ်မတော်ကိုညွှန်ကြားထားသည်ဟု အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက မေ ၂၈ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

၂၀၂၃ ခုနှစ်တွင် အစ္စရေးနှင့် ဟားမတ်စ်တို့ကြား စစ်ရေးပဋိပက္ခစတင်ဖြစ်ပွားခဲ့ပြီး နောက်ပိုင်း အစ္စရေးတပ်များက ၆၅ ရာခိုင်နှုန်းထိ ထိန်းချုပ်ထားပြီးဖြစ်ကြောင်း သိရသည်။

သို့ရာတွင် လက်ရှိအခြေအနေအရ ဂါဇာကမ်းမြောင်ဒေသတစ်ခုလုံး၏ ၇၀ ရာခိုင်နှုန်းထိထိန်းချုပ်ထားရန် တပ်မတော်ကို အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက ထပ်မံ ညွှန်ကြားထားကြောင်း သိရသည်။

အစ္စရေးနိုင်ငံနှင့် ဂါဇာကမ်းမြောင်အခြေစိုက် ဟားမတ်စ်အုပ်စုတို့သည် ပြီးခဲ့သည့်နှစ် အောက်တိုဘာလတွင် အမေရိကန်နိုင်ငံ၏ ကြားဝင်မှုဖြင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် ရယူထားပြီးဖြစ်သည်။

သို့ရာတွင် အစ္စရေးနိုင်ငံသည် ဂါဇာကမ်းမြောင်ဒေသကို စစ်ရေးအရတိုက်ခိုက်မှုများ ဆက်လက်ပြုလုပ်နေဆဲ ဖြစ်သကဲ့သို့ ဟားမတ်စ် အုပ်စုကလည်း လက်နက်စွန့်လွှတ်ခြင်း မရှိသေးကြောင်း သိရသည်။

ဂါဇာကမ်းမြောင်ဒေသ၌အစ္စရေးတပ်များက စစ်ဆင်ရေးများမြင့်တင်ပြုလုပ်နေချိန်တွင် ဂါဇာကမ်းမြောင်ဒေသတစ်ခုလုံး၏ ၇၀ ရာခိုင်နှုန်းထိ ထိန်းချုပ်ထားရန် အစ္စရေးဝန်ကြီးချုပ်က ညွှန်ကြားထားခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**



## ဂျပန်၏လူဦးရေ ၂၀၂၅ ခုနှစ်၌ စံချိန်တင်ကျဆင်း

**တိုကျို မေ ၂၉**

ပြီးခဲ့သည့် ငါးနှစ်တာကာလအတွင်း ဂျပန်နိုင်ငံ၏ လူဦးရေစုစုပေါင်းမှာ ၂ ဒသမ ၅ ရာခိုင်နှုန်းထိ စံချိန်တင်ကျဆင်းခဲ့သည်ဟု ယနေ့သတင်းများတွင် ရေးသားတင်ပြထားကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

ကမ္ဘာပေါ်၌ စီးပွားရေးအင်အားစတုတ္ထအကြီးဆုံးဖြစ်သည့် ဂျပန်နိုင်ငံအနေဖြင့်လူဦးရေပြဿနာကိုကျော်ဖြတ်ရန် ရုန်းကန်နေရချိန်တွင် လူဦးရေစံချိန်တင်ကျဆင်းမှုနှင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။

ဂျပန်အစိုးရက ယနေ့တွင် ထုတ်ပြန်ခဲ့သော အစီရင်ခံစာအရ ၂၀၂၅ ခုနှစ်တွင် ဂျပန်နိုင်ငံ၏ စုစုပေါင်းလူဦးရေမှာ ၁၂၃ သန်းထိရှိခဲ့ရာ ၂၀၂၀ ပြည့်နှစ် လူဦးရေထက် သုံးသန်းကျော် ပိုနည်းပါးသွားကြောင်း သိရသည်။

၂၀၂၅ ခုနှစ် ဂျပန်လူဦးရေကျဆင်းမှုသည် ၁၉၂၀ ပြည့်နှစ်နောက်ပိုင်း အနိမ့်ဆုံးလူဦးရေကျဆင်းမှုဖြစ်ကြောင်း ဂျပန်တာဝန်ရှိသူများက ပြောကြားထားသည်။

ဂျပန်နိုင်ငံသည် ၂၀၂၀ ပြည့်နှစ်မှစ၍ ငါးနှစ်လျှင်တစ်ကြိမ် လူဦးရေစစ်တမ်း စတင်ကောက်ခံခဲ့သည်။

ဂျပန်နိုင်ငံသည် ကမ္ဘာပေါ်၌ ကလေးမွေးဖွားမှုနှုန်း အနည်းဆုံးနှင့် သက်ကြီးလူဦးရေအများဆုံး ကမ္ဘာ့နိုင်ငံများထဲတွင် ပါဝင်သည့်နိုင်ငံဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## အကြီးတန်းရာထူးနေရာများ လျှော့ချမည်ဟု ကုလသမဂ္ဂအကြီးအကဲ ဂူတာရက်စ် ပြောကြား



**နယူးယောက် မေ ၂၉**

ကုလသမဂ္ဂ ပြုပြင်ပြောင်းလဲရေးအစီအစဉ်များအရ လာမည့်နှစ်နှစ်တာကာလအတွင်း မလိုအပ်သည့်အကြီးတန်းရာထူးနေရာများကို လျှော့ချရန်နှင့်ဖျက်သိမ်းရန် စီစဉ်ထားကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က မေ ၂၈ ရက်တွင် ထုတ်ဖော် ပြောကြားခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ကုလသမဂ္ဂအနေဖြင့် ဘဏ္ဍာရေးအကျပ်အတည်းနှင့် ရင်ဆိုင်နေရချိန်တွင် ကုလသမဂ္ဂဖွဲ့စည်းပုံကို ပြင်ဆင်ပြောင်းလဲရန်နှင့် အသုံးစရိတ်လျှော့ချရန်လိုကြောင်း ဂူတာရက်စ်က ပြောကြားထားသည်။

လက်ရှိတွင် ကုလသမဂ္ဂအနေဖြင့် ၂၀၂၆ ခုနှစ် အသုံးစရိတ်ကန့်သတ်ချက်အရ ကုလသမဂ္ဂဝန်ထမ်းဦးရေ ၂၀၀၀ ကျော်ကို လူနေမှုစရိတ်မြင့်မားသည့် ဂျီနီဗာနှင့် နယူးယောက်ကဲ့သို့ နေရာများမှ လူနေမှုစရိတ်နည်းပါးသော နေရာများသို့ ရွှေ့ပြောင်းနေရာချထားပြီးဖြစ်ကြောင်း ကုလသမဂ္ဂအကြီးအကဲ၏ အဆိုအရ သိရသည်။

ထို့ပြင် လာမည့်နှစ်နှစ်အတွင်း ကုလသမဂ္ဂ အကြီးတန်းရာထူးနေရာအများအပြားကို ဖျက်သိမ်းရန်နှင့် လျှော့ချရန်စီစဉ်ထားကြောင်း ဂူတာရက်စ်က ပြောကြားထားသည်။

ကုလသမဂ္ဂ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ အောင်မြင်မှုသည် အဖွဲ့ဝင်နိုင်ငံများ၏ ဆုံးဖြတ်ချက်အပေါ် မူတည်နေကြောင်း ကုလသမဂ္ဂအကြီးအကဲက သုံးသပ်ထားသည်။

ပေါ်တူဂီ ဝန်ကြီးချုပ်ဟောင်း ဂူတာရက်စ်သည် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ရာထူးကို သက်တမ်းနှစ်ဆက် ၁၀ နှစ်ထိ တာဝန်ယူထားသူ ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## ကုလသမဂ္ဂလုံခြုံရေးကောင်စီအစည်းအဝေး၌ ကီယက်ဗ်ကိုတိုက်ခိုက်မှုအတွက် ရုရှားကို အမေရိကန် ဝေဖန်

**နယူးယောက် မေ ၂၉**

ယူကရိန်းနိုင်ငံ ကီယက်ဗ်မြို့ကို အော်ရက်ရှ်နစ်ခ်ဒုံးကျည်အသုံးပြုတိုက်ခိုက်ခဲ့မှုအတွက် ရုရှားနိုင်ငံကို အမေရိကန်နိုင်ငံက မေ ၂၈ ရက်တွင် ဝေဖန်ပြောကြားခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ယူကရိန်းနိုင်ငံ၏ တောင်းဆိုမှုအရ မေ ၂၈ ရက်တွင် ကျင်းပခဲ့သော ကုလသမဂ္ဂလုံခြုံရေးကောင်စီအစည်းအဝေး၌ အမေရိကန်နိုင်ငံက ရုရှားနိုင်ငံကို ဝေဖန်ပြောကြားခဲ့ခြင်းဖြစ်သည်။

ရုရှားနိုင်ငံအနေဖြင့် ကီယက်ဗ်မြို့ကို အော်ရက်ရှ်နစ်ခ်ဒုံးကျည်စနစ်ဖြင့် တိုက်ခိုက်မှုမှာ အန္တရာယ်များပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ထိခိုက်သွားနိုင်ကြောင်း ကုလသမဂ္ဂဆိုင်ရာ အမေရိကန်ဒုတိယသံအမတ်ကြီး တမ်မီဘာရုစ်က ဝေဖန်ပြောကြားခဲ့ကြောင်း သိရသည်။



ထို့ပြင် ယူကရိန်းနိုင်ငံ ကီယက်ဗ်မြို့ကို ထပ်မံတိုက်ခိုက်မည့်အစီအစဉ်ကိုလည်း ရုပ်သိမ်းပေးရန် အမေရိကန်ဒုတိယသံအမတ်ကြီး၏ တောင်းဆိုချက်ကို ရုရှားနိုင်ငံက ပယ်ချခဲ့သည်။

လူးဟန့်စ်ဒေသရှိ ကျောင်းသားဘော်ဒါဆောင်တစ်ခု တိုက်ခိုက်ခံရမှုကို တုံ့ပြန်သည့်အနေဖြင့် ရုရှားနိုင်ငံသည် ယူကရိန်းနိုင်ငံ ကီယက်ဗ်မြို့ကို အော်ရက်ရှ်နစ်ခ်ဒုံးကျည်အပါအဝင် ဒုံးကျည်များ၊ မောင်းသူမဲ့ဒရုန်းယာဉ်များဖြင့် ပြင်းထန်စွာ တိုက်ခိုက်ခဲ့သည်။

ထို့ပြင် ရုရှားတပ်မတော်အနေဖြင့် ကီယက်ဗ်မြို့တွင်းရှိ စစ်ရေးပစ်မှတ်များကို ထပ်မံတိုက်ခိုက်မည်ဖြစ်ရာ ကီယက်ဗ်မြို့တွင်းမှ ပြည်ပသံတမန်များ ထွက်ခွာကြရန် ရုရှားနိုင်ငံက သတိပေးပြောကြားထားကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

## အပစ်အခတ်ရပ်စဲရေး သက်တမ်းတိုးရေးဆိုင်ရာသဘောတူညီချက် အီရန်နှင့် အမေရိကန်ရယူထား

**ဝါရှင်တန် မေ ၂၉**

ဧပြီ ၈ ရက်တွင် ရယူထားသော အပစ်အခတ်ရပ်စဲရေးကို သက်တမ်းတိုးပေးထားပြီး ဟော်မုဇ်ရေလက်ကြား ရေလမ်းကြောင်းကန့်သတ်ချက်များ ရုပ်သိမ်းပေးထားသော သဘောတူညီချက်တစ်ရပ်ကို အမေရိကန်နှင့်အီရန်နိုင်ငံတို့က မေ ၂၈ ရက်တွင် ရယူခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

သို့ရာတွင် အဆိုပါသဘောတူညီချက်မှာ အတည်မဖြစ်သေးဘဲ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ အတည်ပြုချက်ကို စောင့်ဆိုင်းနေဆဲဖြစ်သည်။

သက်ဆိုင်ရာ သတင်းအရင်းအမြစ်များ၏အဆိုအရ အဆိုပါသဘောတူညီချက်တွင် ဧပြီ ၈ ရက် အပစ်အခတ်ရပ်စဲရေးကို ရက်ပေါင်း ၆၀ သက်တမ်းထပ်တိုးပေးရန်၊ ဟော်မုဇ်ရေလက်ကြားရေလမ်းကြောင်းများ ပြန်ဖွင့်ပေးရန်တို့ပါဝင်ကြောင်း သိရသည်။

ထို့ပြင် အီရန်နျူကလီးယားအစီအစဉ်ကဲ့သို့ ခက်ခဲသောပြဿနာများကို ဆက်လက်ဆွေးနွေးရန်လည်း အဆိုပါသဘောတူညီချက်၌ ဖော်ပြထားသည်။

အဆိုပါ သဘောတူညီချက်ကို အမေရိကန်အစိုးရနှင့် အီရန်အစိုးရတို့က အတည်ပြုခဲ့ပါက သုံးလကြာ ပဋိပက္ခကို အဆုံးသတ်နိုင်ရန် ငြိမ်းချမ်းရေးသဘောတူညီချက်ရယူနိုင်ရေးအတွက် အဓိကခြေလှမ်းတစ်ရပ် ဖြစ်လာနိုင်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## စက်ရုပ်နည်းပညာသုံး ပြုပြင်ထိန်းသိမ်းရေးဂြိုဟ်တုတစ်စင်းကို ယခုနှစ်နွေရာသီအတွင်း ဒါပါက လွှတ်တင်ရန်စီစဉ်ထား



**ဝါရှင်တန် မေ ၂၉**

အမေရိကန်ကာကွယ်ရေး သုတေသနစီမံကိန်းများ အေဂျင်စီ (ဒါပါ) သည် စက်ရုပ်နည်းပညာသုံး ပြုပြင်ထိန်းသိမ်းရေး ဂြိုဟ်တုတစ်စင်းကို ယခုနှစ် နွေရာသီအတွင်း လွှတ်တင်ရန် စီစဉ်ထားကြောင်း မေ ၂၈ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဒါပါသည် RSGS အမည်ရှိ အဆိုပါ နည်းပညာပြုပြင်ထိန်းသိမ်းရေးဂြိုဟ်တုကို လွှတ်တင်ရန် အတွက် ရှေးယခင်ကပင် စီစဉ်ထားသော်လည်း အကြောင်းအမျိုးမျိုးကြောင့် ကြန့်ကြာခဲ့ရသည်။

သို့ရာတွင် လက်ရှိအချိန်၌ RSGS နည်းပညာပြုပြင်ထိန်းသိမ်းရေးဂြိုဟ်တုကို ယခုနှစ် နွေရာသီအတွင်း လွှတ်တင်ရန် အသင့်အနေအထား ရှိနေပြီဖြစ်ကြောင်း ဒါပါက ကြေညာချက် ထုတ်ပြန်ထားသည်။

၎င်းဂြိုဟ်တုသည် လွှတ်တင်ပြီးပါက ကမ္ဘာပတ်လမ်းကြောင်းပေါ်၌ အခြားဂြိုဟ်တုများကို ပြုပြင်ထိန်းသိမ်းမှု၊ ပတ်လမ်းမြှင့်တင်ပေးမှု စသည့်နည်းပညာများကို စမ်းသပ်မည်ဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီးချိန်တွင် အဆိုပါဂြိုဟ်တုသည် ကမ္ဘာမြေပြင်အထက် အမြင့် ၂၂၂၃၆ မိုင်အကွာတွင်ရှိသော ပတ်လမ်းပေါ်၌ နေရာယူမည်ဖြစ်သည်။

ဒါပါသည် RSGS နည်းပညာ ပြုပြင် ထိန်းသိမ်းရေးဂြိုဟ်တုကို ၂၀၁၇ ခုနှစ်ကပင် ကြိုးစားခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ကြန့်ကြာခဲ့ရသည်။

Ref : Sputnik News

Trs : KKO

## အားတီးမစ်-၃ မစ်ရှင်တွင်လိုက်ပါမည့် အာကာသယာဉ်မှူးများ၏ အမည်ကို လာမည့် ဇွန် ၉ ရက်တွင် နာဆာကြေညာမည်

**ဝါရှင်တန် မေ ၂၉**

အားတီးမစ်-၃ မစ်ရှင်တွင် လိုက်ပါမည့် အာကာသယာဉ်မှူးများ၏ အမည်ကို အမေရိကန် အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေး အေဂျင်စီ (နာဆာ) က ဇွန် ၉ ရက်တွင် ကြေညာမည်ဖြစ်ကြောင်း သိရသည်။

နာဆာအဖွဲ့သည် အားတီးမစ် -၂ မစ်ရှင်ကို ယခုနှစ်အတွင်း အောင်မြင်စွာ လွှတ်တင်ခဲ့ပြီးနောက် အားတီးမစ်-၃ မစ်ရှင်ကို ၂၀၂၇ ခုနှစ်တွင် ထပ်မံလွှတ်တင်ရန်လည်းစီစဉ်ထားသည်။

နာဆာအဖွဲ့သည် ယခုနှစ် ဧပြီလတွင် အားတီးမစ် -၂ မစ်ရှင်အရ အာကာသယာဉ်မှူး လေးဦးလိုက်ပါသွားသည့် အိုရီယွန်အာကာသယာဉ်ကို SLS ဒုံးပျံဖြင့် အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့သည်။



အားတီးမစ် -၂ မစ်ရှင်အတွင်း အိုရီယွန် အာကာသယာဉ်သည် နာဆာအာကာသယာဉ်မှူး သုံးဦးနှင့် ကနေဒါအာကာသယာဉ်မှူး တစ်ဦးတို့ကို လကမ္ဘာအနီးသို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

နာဆာအဖွဲ့သည် အားတီးမစ် -၃ မစ်ရှင်သည်လည်း အာကာသယာဉ်မှူးလေးဦးလိုက်ပါမည့် အိုရီယွန်အာကာသယာဉ်ကို လကမ္ဘာအနီးသို့ ထပ်မံစေလွှတ်မည်ဖြစ်ကြောင်း သိရသည်။

အားတီးမစ်-၃ မစ်ရှင် အောင်မြင်ခဲ့ပါက အာကာသအဖွဲ့သည် အားတီးမစ်-၄ မစ်ရှင်ဖြင့် လပေါ်သို့ လူသားများ စေလွှတ်မည်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## တရုတ်အမျိုးသားအာကာသအေဂျင်စီ၏ ရှန်ကျိုး-၂၁ အာကာသယာဉ်မှူးများက ကမ္ဘာမြေအပြန်ခရီးအတွက် ပြင်ဆင်နေ

**ပေကျင်း မေ ၂၉**

တရုတ်အမျိုးသားအာကာသ အေဂျင်စီ၏ ရှန်ကျိုး-၂၁ အာကာသယာဉ်မှူးများသည် မေ ၂၈ ရက်တွင် တီယန်ကောင်းအာကာသ စခန်းလုပ်ငန်းတာဝန်များကို ရှန်ကျိုး-၂၃ အာကာသယာဉ်မှူးများထံ လွှဲပြောင်းအပ်နှင်းခဲ့ပြီး ကမ္ဘာမြေအပြန် ခရီးအတွက် ပြင်ဆင်နေကြောင်း ယနေ့သတင်းများအရ သိရသည်။

အာကာသစခန်းလုပ်ငန်း တာဝန်များ လွှဲပြောင်းပြီးနောက် မစ်ရှင်ပြီးဆုံးခဲ့ပြီဖြစ်၍ ရှန်ကျိုး -၂၁ အာကာသယာဉ်မှူးသုံးဦးတို့သည် ကမ္ဘာမြေအပြန်ခရီးအတွက် စတင် ပြင်ဆင်နေခြင်းဖြစ်သည်။

ရှန်ကျိုး-၂၁ အာကာသယာဉ်မှူးသုံးဦးတို့သည် လာမည့်ရက် အနည်းငယ်အတွင်း ရှန်ကျိုး-၂၂ အာကာသ လူသယ်ယာဉ်ဖြင့် ပြန်လည် ဆင်းသက်မည်ဖြစ်ပြီး အဆိုပါ အာကာသယာဉ်မှူးများ ပြန်လည်လိုက်ပါလာမည့် ရှန်ကျိုး -၂၂ အာကာသလူသယ်ယာဉ်သည် တရုတ်နိုင်ငံ မြောက်ပိုင်းအတွင်း မွန်ဂိုလီးယားဒေသ၌ ပြန်လည် ဆင်းသက်မည်ဖြစ်သည်။

တရုတ်နိုင်ငံသည် ရှန်ကျိုး-၂၃ အာကာသယာဉ်မှူးသုံးဦးကို မေ ၂၄ ရက်တွင် လောင်းမတ်ချ်-၂ အေ ဒုံးပျံဖြင့် တီယန်ကောင်းအာကာသ စခန်းသို့ လွှတ်တင်ခဲ့သည်။

အဆိုပါရှန်ကျိုး- ၂၃အာကာသ လူသယ်ယာဉ်သည် မေ ၂၅ ရက် တွင် တီယန်ကောင်းအာကာသ စခန်းနှင့် ချိတ်ဆက်နိုင်ခဲ့ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## VERVE - 102 ထိုးဆေးသစ်တစ်မျိုးက ဆီးကျိုးပြုကိုလက်စထရောပါဝင်မှုကို လျှော့ချနိုင်

**နယူးယောက် မေ ၂၉**

သွေးလည်ပတ်မှုစနစ်အတွင်း ဆိုးကျိုးပြု ကိုလက်စထရောပါဝင်မှုကို VERVE – 102 အမည်ရှိ ထိုးဆေးသစ်တစ်မျိုးသည်ဆိုးကျိုးပြု ကိုလက်စထရောပါဝင်မှုကို လျှော့ချနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ မေ ၂၈ ရက် သတင်းများအရ သိရသည်။

လက်တွေ့စမ်းသပ်မှုမှ ပေါ်ထွက်လာသည့် ရလဒ်များအရ အဆိုပါ ထိုးဆေးသည် တစ်ကြိမ် ထိုးနှံပြီးနောက် ၁၈ လအတွင်း ဆိုးကျိုးပြု ကိုလက်စထရောပါဝင်မှုအဆင့်ကို ၆၀ ရာခိုင်နှုန်းထိ လျှော့ချပေးနိုင်ကြောင်း၊ အဆိုပါ ထိုးဆေးသစ်ကို အမေရိကန်နိုင်ငံ အခြေစိုက် Bli Lilly ကုမ္ပဏီက ထုတ်လုပ်စမ်းသပ်ခြင်းဖြစ်ကြောင်း သိရသည်။

Bli Lilly ကုမ္ပဏီမှ သုတေသနပညာရှင်များသည် VERVE – 102 အမည်ရှိ အဆိုပါမျိုးဗီဇကုထုံးထိုးဆေးကို အရွယ်ရောက်လူနာ ၃၅ ဦးတို့ဖြင့် လက်တွေ့စမ်းသပ်ကုသမှုများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

စမ်းသပ်မှုမှ ပေါ်ထွက်လာသည့် ရလဒ်များအရ VERVE – 102 ထိုးဆေးဖြင့် ကုသမှုခံယူထားသူများ၌ ၁၈ လအတွင်း ဆိုးကျိုးပြု ကိုလက်စထရော ပါဝင်မှုအဆင့် ၆၀ ရာခိုင်နှုန်းထိ ကျဆင်းသွားသည်ကိုတွေ့ရကြောင်း၊ အဆိုပါ ထိုးဆေးသည် ဆိုးကျိုးပြု ကိုလက်စထရောများ ပေါ်ထွက်မှုတွင် အဓိကအခန်းကဏ္ဍ၌ ပါဝင်လာသော အသည်းအင်္ဂါ အတွင်းရှိ မျိုးဗီဇတစ်မျိုးကိုလည်း ထိန်းချုပ်ပေးနိုင်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## အမျိုးသမီးများ သံဓာတ်ချို့တဲ့မှုပြဿနာကို မာလကာသီးဖျော်ရည်သောက်သုံးခြင်းဖြင့် ကုသနိုင်

**လန်ဒန် မေ ၂၉**

အမျိုးသမီးထု၏ သုံးပုံတစ်ပုံ ကျော်ရင်ဆိုင်ရတတ်သော သံဓာတ်ချို့တဲ့မှုပြဿနာကို မာလကာသီးဖျော်ရည် သောက်သုံးခြင်းဖြင့်ကုသနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကိုကိုးကား၍ မေ ၂၈ ရက် သတင်းများတွင် ဖော်ပြထားသည်။

သံဓာတ်ချို့တဲ့မှုပြဿနာသည် ကမ္ဘာတစ်ဝန်းမှ မျိုးဆက်ပွားနိုင်သော အသက်အရွယ်ရှိ အမျိုးသမီးများ လူမမာဖြစ်ရခြင်း၏အဓိကအကြောင်းတရား ငါးရပ်ထဲ၌ တစ်မျိုးအပါအဝင်ဖြစ်သည်။

သံဓာတ်ချို့တဲ့မှုပြဿနာအတွက် ကုထုံးမှာရိုးစင်းသော်လည်း ၎င်းပြဿနာ၏ ရောဂါလက္ခဏာများကို ဟော်မုန်းပြောင်းလဲမှုလက္ခဏာ၊ စိတ်ကျဝေဒနာလက္ခဏာများဖြင့် အမှတ်မှားလေ့ရှိသည်။

သို့ရာတွင် ဗြိတိန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ သံဓာတ်ချို့တဲ့မှုပြဿနာကို မာလကာသီးဖျော်ရည်သောက်သုံးခြင်းဖြင့် ကုသနိုင်သည်။

မာလကာသီးသည် အသီးအရွက်များတွင်ပါရှိသည့် သံဓာတ်ကို ကိုယ်ခန္ဓာက ပိုမိုစုပ်ယူနိုင်ရေးအတွက် အထောက်အကူပေးသော ဗီတာမင်-စီ ကြွယ်ဝသည့် သစ်သီးတစ်မျိုးဖြစ်သည်။

ဗြိတိန်သုတေသနပညာရှင်များသည် အမျိုးသမီး ၂၃၅ ဦးတို့ပါဝင်သော လေ့လာချက်ပေါင်း ၁၂ ခုတို့မှရရှိသော သတင်းအချက်အလက်များကို ဆန်းစစ်ပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို ဖော်ပြခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



# နိုင်ငံတကာ အားကစားသတင်းများ

## လာမည့်နှစ်ဘောလုံးရာသီတွင် ဥရောပအဆင့် ပြိုင်ပွဲများသို့ ပရီးမီးယားလိဂ်ပြိုင်ပွဲမှ အသင်းကိုးသင်းထိ ပါဝင်ခွင့်ရရှိ

လန်ဒန် မေ ၂၉

လာမည့်နှစ်ဘောလုံးရာသီတွင် ဥရောပ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ဥရောပအဆင့် ပြိုင်ပွဲများတွင် ပရီးမီးယားလိဂ်ပြိုင်ပွဲမှ အသင်းကိုးသင်းထိပါဝင်ခွင့်ရရှိမည်ဖြစ်ကြောင်း UEFA.com သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ဥရောပ ဘောလုံးအဖွဲ့ချုပ်က လိဂ်အဆင့် သတ်မှတ်ချက်အရ ချန်ပီယံလိဂ်ပြိုင်ပွဲသို့ ပရီးမီးယားလိဂ်ပြိုင်ပွဲ၏ အဆင့်(၁)မှ အဆင့်(၅)ထိအသင်းများ ဝင်ခွင့်ရရှိမည်ဖြစ်သည့်အတွက် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင်ချန်ပီယံဆုဖလားဆွတ်ခူးခဲ့သည့် အာဆင်နယ်အသင်းနှင့်အတူ အဆင့်(၂)မှ မန်စီးတီးအသင်း၊အဆင့်(၃)မှ မန်ယူအသင်း၊ အဆင့်(၄)မှ လီဗာပူးအသင်း၊ အဆင့်(၅)မှ အေဗီလာအသင်းတို့က ဝင်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

အလားတူ အဆင့်(၆)မှ ဘုန်းမောက်အသင်းနှင့် အဆင့်(၇)မှ ဆန်းဒါးလန်းအသင်းတို့က ယူရိုပါလိဂ်ပြိုင်ပွဲသို့ ဝင်ခွင့်ရရှိမည်ဖြစ်သည်။

ထို့ပြင် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် အဆင့်(၁၅)၌ ရပ်တည်ခဲ့သည့် ပဲလေ့စ်အသင်းသည် ယခုနှစ်ဘောလုံးရာသီ ယူရိုပါကွန်ဖရန့်လိဂ် ချန်ပီယံဆုဖလားဆွတ်ခူးခဲ့သည့်အတွက် လာမည့်ဘောလုံးရာသီတွင် ယူရိုပါလိဂ်ပြိုင်ပွဲသို့ တိုက်ရိုက်ဝင်ခွင့် ရရှိမည်ဖြစ်ပြီး အဆင့်(၈)မှ ဘရိုက်တန်အသင်းက ယူရိုပါကွန်ဖရန့်လိဂ်ပြိုင်ပွဲဝင်ခွင့် ရရှိမည်ဖြစ်ကြောင်း သိရသည်။

Ref : UEFA.com

Trs : STA

## French Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် ဂျန်နစ်ခ်ဆင်နာ ရှုံးနိမ့်



ပဲရစ် မေ ၂၉

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ကျင်းပနေသည့် French Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်ပွဲစဉ်တစ်ပွဲအဖြစ် ကမ္ဘာ့အဆင့်(၁) အီတလီ တင်းနစ်ကစားသမား ဂျန်နစ်ခ်ဆင်နာနှင့် အာဂျင်တီးနားတင်းနစ်ကစားသမား စီရန်ဒိုလိုတို့ ယှဉ်ပြိုင်ခဲ့ရာ စီရန်ဒိုလိုက (၃-၆၊ ၂-၆၊ ၇-၅၊ ၆-၁၊ ၆-၁) ရလဒ်ဖြင့် အနိုင်ရပြီး ဒုတိယအဆင့်သို့တက်ရောက်ခဲ့ကြောင်း Sky Sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျန်နစ်ခ်ဆင်နာသည် ဗိုလ်စွဲရန် ရေပန်းစားနေသည့် ကစားသမားတစ်ဦးဖြစ်ပြီး ၂၀၂၆ ခုနှစ်အတွင်း ပုံစံကောင်းများ ဆက်တိုက်ပြသနေသော်လည်း စီရန်ဒိုလိုနှင့် ပွဲစဉ်တွင် ကျန်းမာရေးပြဿနာရှိနေခဲ့သည့်အတွက် တတိယပွဲငယ်မှစတင်၍ ကြံ့ခိုင်မှုအပြည့်ဖြင့် ကစားနိုင်ခြင်းမရှိဘဲ ရှုံးနိမ့်ခဲ့သည်။

ဂျန်နစ်ခ်ဆင်နာက "တတိယပွဲငယ်မှာ အားအင်ကုန်ခမ်းသွားသလိုခံစားရပြီးတော့ မလှုပ်ရှားနိုင်တော့ပါဘူး။ ကျွန်တော့်အနေနဲ့ ကျန်းမာရေးပြဿနာရှိပေမဲ့ ပွဲပြီးတဲ့ထိကစားမယ်ဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ ပွဲပြီးအောင်ကစားခဲ့ပါတယ်။ ဒါပေမဲ့ နောက်ဆုံးပွဲငယ်နှစ်ပွဲမှာ ပြေးပြေးလွှားလွှား မကစားနိုင်ပါဘူး။ စိတ်ပျက်စရာကောင်းတဲ့အခြေအနေပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sky Sports

Trs : AZL

## အာဆီယံ ယူ-၁၉ ချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာ ယူ-၁၉ အမျိုးသားအသင်း အင်ဒိုနီးရှားနိုင်ငံသို့ ထွက်ခွာ




ရန်ကုန် မေ ၂၉

အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ၂၀၂၆ အာဆီယံ ယူ-၁၉ ချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲ(AFF U-19 Championship) သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာယူ-၁၉ အမျိုးသားအသင်းသည် နည်းပြချုပ် Mr. Ryuji Sueoka ဦးဆောင်၍ ယနေ့နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှတစ်ဆင့် အင်ဒိုနီးရှားနိုင်ငံသို့ ထွက်ခွာခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲအတွက် မြန်မာယူ-၁၉ အမျိုးသား အသင်းကို ကစားသမား ၂၃ ဦးဖြင့် အပြီးသတ်စုဖွဲ့ထားပြီး အုပ်စု(A)တွင် အိမ်ရှင် အင်ဒိုနီးရှားအသင်း၊ ဗီယက်နမ်အသင်း၊ တီမောလက်စ်တေ အသင်းတို့နှင့်အတူ ကျရောက်နေသည်။

မြန်မာယူ-၁၉ အမျိုးသားအသင်းအနေဖြင့် အုပ်စုတွင်းပွဲစဉ်များအဖြစ် လာမည့် ဇွန် ၁ ရက်(တနင်္လာနေ့) မြန်မာစံတော်ချိန် ည ၇ နာရီခွဲတွင် အိမ်ရှင်အင်ဒိုနီးရှားအသင်းနှင့် စတင်ကစားရမည်ဖြစ်သည်။

ဆက်လက်ပြီး အုပ်စုလက်ကျန်ပွဲစဉ်များအဖြစ် လာမည့် ဇွန် ၄ ရက်(ကြာသပတေးနေ့) မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် ဗီယက်နမ် အသင်းနှင့်လည်းကောင်း၊ ဇွန် ၇ ရက်(တနင်္ဂနွေနေ့) မြန်မာစံတော်ချိန် ည ၇ နာရီခွဲတွင် တီမောလက်စ်တေ အသင်းနှင့်လည်းကောင်း ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

STA

## အာဆီယံဘောလုံးလိဂ်တန်ကြေးသတ်မှတ်ချက်တွင် မြန်မာနေရှင်နယ်လိဂ်အနေဖြင့် ယူရို ၁၅ ဒသမ ၇၃ သန်းဖြင့် အဆင့်(၇)နေရာ၌ ရပ်တည်

ရန်ကုန် မေ ၂၉

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ အာဆီယံလိဂ်တန်ကြေးသတ်မှတ်ချက်တွင် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲအနေဖြင့် ယူရို ၁၅ ဒသမ ၇၃သန်းဖြင့် အဆင့်(၇)နေရာ၌ ရပ်တည်ခဲ့ကြောင်း သိရသည်။

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ အာဆီယံလိဂ်တန်ကြေးသတ်မှတ်ချက်တွင် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲအနေဖြင့် ယူရို ၁ ဒသမ ၇၀ သန်း တန်ကြေးကျဆင်းခဲ့ပြီး အဆင့်(၇)နေရာ၌ ရပ်တည်ခဲ့ခြင်းဖြစ်သည်။

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ အာဆီယံလိဂ်တန်ကြေးသတ်မှတ်ချက်အရ အင်ဒိုနီးရှားစူပါလိဂ်ပြိုင်ပွဲသည် ယူရို ၁၅ ဒသမ ၁၃ သန်းမြင့်တက်လာခဲ့ပြီး စုစုပေါင်း ယူရို ၈၆ ဒသမ ၆၇ သန်းဖြင့် အာဆီယံဒေသတွင်း တန်ကြေးအမြင့်ဆုံးလိဂ်အဖြစ် ရပ်တည်နိုင်ခဲ့သည်။

အင်ဒိုနီးရှား စူပါလိဂ်နောက်တွင် ထိုင်းလိဂ်-၁ ပြိုင်ပွဲက ယူရို ၈၆ ဒသမ ၄၈ သန်းဖြင့် အဆင့်(၂)၊ မလေးရှားစူပါလိဂ်ပြိုင်ပွဲက ယူရို ၅၆ ဒသမ ၈၂ သန်းဖြင့် အဆင့်(၃)၊ ဗီယက်နမ်လိဂ်-၁ ပြိုင်ပွဲက ယူရို ၅၆ ဒသမ ၅၀ သန်းဖြင့် အဆင့်(၄)၊ စင်ကာပူပရီးမီးယားလိဂ်ပြိုင်ပွဲက ယူရို ၁၉ ဒသမ ၁၁ သန်းဖြင့် အဆင့်(၅)၊ ကမ္ဘောဒီးယားလိဂ်ပြိုင်ပွဲက ယူရို ၁၈ ဒသမ ၄၆ သန်းဖြင့် အဆင့်(၆)၊ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲက ယူရို ၁၅ ဒသမ ၇၃ သန်းဖြင့် အဆင့်(၇)၊ဖိလစ်ပိုင်လိဂ်ပြိုင်ပွဲက ယူရို ၁၁ ဒသမ ၄၇ သန်းဖြင့် အဆင့်(၈)၊ လာအိုလိဂ်-၁ ပြိုင်ပွဲက ယူရို ၄ ဒသမ ၇၉ သန်းဖြင့် အဆင့်(၉)၊ လီဂါတီမောလက်စ်တေပြိုင်ပွဲက ယူရို သုည ဒသမ ၄၃ သန်းဖြင့် အဆင့်(၁၀)၊ ဘရူနိုင်းစူပါလိဂ်ပြိုင်ပွဲက ယူရို သုည ဒသမ ၁၄ သန်းဖြင့် အဆင့်(၁၁)နေရာတွင် ရပ်တည်နေကြောင်း သိရသည်။

STA

## မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၂)တွင် ဟံသာဝတီယူနိုက်တက်အသင်းနှင့် ဂလက်ဆီအက်ဖ်စီအသင်းတို့ နိုင်ပွဲကိုယ်စီရရှိ

ရန်ကုန် မေ ၂၉

မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၂)ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင် ကျင်းပခဲ့ရာ ဟံသာဝတီယူနိုက်တက်အသင်းနှင့် ဂလက်ဆီအက်ဖ်စီအသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၂)ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃နာရီခွဲက ရန်ကုန်မြို့ ဗဟန်း အားကစားကွင်းတွင် ဂလက်ဆီအက်ဖ်စီ အသင်းနှင့် ရှောဝတီယူနိုက်တက်အသင်းတို့ ကစားခဲ့ရာ ဂလက်ဆီအက်ဖ်စီ အသင်းက သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး ဂလက်ဆီအက်ဖ်စီ အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၃၈ မိနစ်တွင် သက်နိုင်ဦး၊ ပွဲချိန် ၆၈ မိနစ်တွင် ပိုင်ဇော်ထွန်း၊ ပွဲချိန် ၈၅ မိနစ်တွင် စိုင်းမင်းအောင်တို့ကသွင်းယူခဲ့ပြီး ပွဲချိန် ၁၈ မိနစ်တွင် ဂလက်ဆီအက်ဖ်စီ အသင်းကပင် ဟိန်းသန့်ချစ်ခင်က ကိုယ့်ဂိုးကိုယ် သွင်းယူမိခဲ့သည့်အတွက် ရှောဝတီယူနိုက်တက်အသင်းက သွင်းဂိုး တစ်ဂိုးရရှိခဲ့ခြင်းဖြစ်သည်။

အလားတူ ညနေ ၃ နာရီခွဲက YUSC အားကစားကွင်းတွင် ဟံသာဝတီယူနိုက်တက် အသင်းနှင့် ဒဂုံစတားအသင်းတို့ကစားခဲ့ရာ ဟံသာဝတီယူနိုက်တက် အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး ဟံသာဝတီယူနိုက်တက် အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၈ မိနစ်နှင့် ပွဲချိန် ၅၅ မိနစ်တို့တွင် အံ့ချစ်အောင်က သွင်းယူခဲ့သည်။



မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၂)ပွဲစဉ်များအဖြစ် မေ ၃၀ရက်(**ယနေ့**)ညနေပိုင်းတွင် ရန်ကုန်မြို့၌ မြဝတီအက်ဖ်စီ အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်း၊ ရန်ကုန်စီးတီးအသင်းနှင့် ဖယ်ကွန်အက်ဖ်စီအသင်း၊ ချင်းလန်းအက်ဖ်စီ အသင်းနှင့် ရှမ်းယူနိုက်တက် အသင်းတို့ ဆက်လက် ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

STA

# ၂၀၂၆ ခုနှစ်ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ချန်ပီယံဆုရရှိရန် ရေပန်းစားနေသော နိုင်ငံလက်ရွေးစင်အသင်းများ

M L




လာမဲ့၂၀၂၆ခုနှစ်ကမ္ဘာ့ဖလားပြိုင်ပွဲကို အမေရိကန်၊ ကနေဒါ၊ မက္ကဆီကို နိုင်ငံတို့က သုံးနိုင်ငံပူးပေါင်းကျင်းပခွင့်ရရှိထားတာဖြစ်ပါတယ်။ အခုနှစ်ကျင်းပမဲ့ပြိုင်ပွဲကတော့ ၂၃ ကြိမ်မြောက်ဖြစ်ပြီး ပြိုင်ပွဲဝင်အသင်း ၄၈ သင်းနဲ့ ပထမဆုံးအကြိမ် အသင်းအရေအတွက်တိုးမြှင့်ခဲ့တာကိုတွေ့ရမှာပါ။ ပြိုင်ပွဲစတင်မှာကတော့ လာမဲ့ ဇွန် ၁၁ ရက်ကနေ ဇူလိုင် ၁၉ ရက်ထိကျင်းပသွားမှာဖြစ်ပြီး အသင်း ၄၈ သင်းဟာ ပြိုင်ပွဲပေါင်း ၁၀၄ ပွဲထိ ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ အဲဒီပြိုင်ပွဲတွေကိုတော့ ကနေဒါနိုင်ငံက ကစားကွင်းနှစ်ကွင်း၊ မက္ကဆီကိုနိုင်ငံကကစားကွင်းသုံးကွင်း၊ အမေရိကန်နိုင်ငံကကစားကွင်း ၁၁ ကွင်းမှာ ကစားရမှာဖြစ်ပါတယ်။ လက်ရှိချန်ပီယံကတော့ အာဂျင်တီးနားအသင်းဖြစ်ပေမဲ့ ရေပန်းစားမှုမှာတော့ နံပါတ်လေးနေရာရောက်ရှိနေပြီး စပိန်အသင်း၊ အင်္ဂလန်အသင်း၊ပြင်သစ်အသင်းတို့နောက်ရောက်ရှိနေတာကိုတွေ့ရမှာပါ။ နံပါတ်ငါးနေရာမှာတော့ စီရော်နယ်ဒိုဦးဆောင်တဲ့ ပေါ်တူဂီအသင်းက ဆုဖလားရဖို့အတွက် ရေပန်းစားနေတာဖြစ်ပါတယ်။

**စပိန်အသင်း**

စပိန်အသင်းကတော့ ၂၀၂၆ခုနှစ်ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စု H မှာ ကိတ်ဗာဒီ၊ ဥရုဂွေး၊ ဆော်ဒီအာရေဗျအသင်းတို့နဲ့ကစားရမှာဖြစ်ပြီး ဆုဖလားရဖို့ နံပါတ်တစ်နေရာကနေ လူကြိုက်များနေတဲ့အသင်းဖြစ်တာကိုတွေ့ရမှာပါ။ လက်ရှိအတည်ပြုထုတ်ပြန်ထားတဲ့ ကစားသမား ၂၆ ဦးစာရင်းမှာတော့ ဂိုးသမားများအဖြစ် အူနိုင်းဆိုင်မွန်၊ ရာယာ၊ ဂျော်ဒန်ဂါစီယာ၊ ခံစစ်ပိုင်းမှာတော့ ပက်ထရိုပိုရို၊ လာပေါ်တီ၊ ကျူဘာစီ၊ ပူဘောလ်၊ အဲရစ်ဂါစီယာ၊ ကူကူရယ်လာ၊ ဂရီမယ်ဒို၊ ကွင်းလယ်ပိုင်းမှာတော့ ရိုဒရီဂိုဟာနန်ဒက်စ်၊ ဇူဘီမန်ဒီ၊ ဂွန်ဇာလက်စ်၊ ဖေဘီဘန်ရုဇ်၊ မာရင်နို၊ ဂါဗီ၊ အဲလက်ဘေနာ၊ တိုက်စစ်ပိုင်းမှာတော့ အိုရာဇာဘယ်၊ ယာမယ်၊ ဖာရန်တောရက်စ်၊ အီဂယ်စီယာ၊ ဒန်နီအိုမိုလ်၊ မူနို့ဇ်၊ နစ်ကိုးဝီလျံ၊ ပီနိုတို့ပါဝင်နေတာဖြစ်ပါတယ်။ စပိန်အသင်းရဲ့ အဓိကတိုက်စစ်အတွဲကတော့ ယာမယ်နဲ့နစ်ကိုးဝီလျံတို့အတွဲဖြစ်ပြီး ဒီလူငယ်ကစားသမားနှစ်ဦးရဲ့ တောင်ပံတိုက်စစ်အားက ပြိုင်ဘက်ခံစစ်ကြောင်းကို နေရာလွတ်တွေဖြစ်ပေါ်စေခဲ့တာကြောင့် အခုကမ္ဘာ့ဖလားပြိုင်ပွဲမှာ အကောင်းဆုံးတိုက်စစ်အတွဲကိုပိုင်ဆိုင်ထားတဲ့ စပိန်အသင်းက ဆုဖလားရဖို့ နံပါတ်တစ်နေရာရောက်ရှိနေတယ်လို့ ဆိုရမှာပါ။

သူတို့အသင်းဟာ ၂၀၂၆ ခုနှစ်ကမ္ဘာ့ဖလားပြိုင်ပွဲခြေစစ်ပွဲကိုတော့ အုပ်စု E မှာ တူကီယဲ၊ ဂျော်ဂျီယာ၊ ဘူလ်ဂေးရီးယားအသင်းတို့နဲ့ ကစားခဲ့ရပြီး အုပ်စုခြောက်ပွဲမှာ ငါးပွဲနိုင်၊တစ်ပွဲသရေ ရမှတ် ၁၆ မှတ်နဲ့ အမှတ်ပေးဇယားထိပ်ကနေ ခြေစစ်ပွဲအောင်မြင်ခဲ့တာဖြစ်ပါတယ်။ နည်းပြဖူအန်တီကတော့ ၄-၃-၃ ကစားကွက်နဲ့အမြဲတမ်းပွဲထွက်နေပြီး ထိပ်တန်းအဆင့်ကစားသမားတွေကိုပိုင်ဆိုင်ထားတာကြောင့် ပွဲချိန်အတွင်းမှာ နည်းဗျူဟာပိုင်းအမျိုးမျိုး ပြောင်းလဲကစားနိုင်ခဲ့တာဖြစ်လို့ နိုင်ပွဲဆက်နေတယ်လို့ဆိုရမှာပါ။ ဒါ့ပြင် ၂၀၂၂ ခုနှစ်ကမ္ဘာ့ဖလားပြိုင်ပွဲနောက်ပိုင်းကစလို့သူတို့အသင်းဟာအဓိကပြိုင်ပွဲတွေမှာ ရှုံးပွဲမရှိတဲ့ စံချိန်ကောင်းကိုလဲပိုင်ဆိုင်ထားတာကြောင့် အခုပြိုင်ပွဲမှာဆုဖလားရဖို့ ပရိသတ်အကြိုက်ဆုံးဖြစ်နေတာကိုတွေ့ရမှာပါ။

**အင်္ဂလန်အသင်း**

အင်္ဂလန်အသင်းကတော့ ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စု L မှာ ခရိုအေးရှား၊ ဂါနာ၊ ပနားမား အသင်းတို့နဲ့ ကစားရမှာဖြစ်ပါတယ်။ လက်ရှိအသင်းရဲ့ ကစားသမား ၂၆ ဦးစာရင်းမှာတော့ ဂိုးသမားများအဖြစ် ဂျော်ဒန်ပစ်ဖို့ဒ်၊ ဟန်ဒါဆန်၊ ထရက်ဖို့ဒ်၊ခံစစ်ကစားသမားတွေကတော့ ရီစီဂျိမ်း၊ ကွန်ဆာ၊ ကွမ်ဆာဟ်၊ စတုန်း၊ ဂူဟီ၊ ဘန်း၊ အိုရိုင်းလီ၊ စပန်စီ၊ လီဗရာမန်တို၊ ကွင်းလယ်ကစားသမားတွေကတော့ ဒီကလန်ရိုက်၊ အန်ဒါဆန်၊ မိုင်နူး၊ ဟန်ဒါဆန်၊ ရော်ဂျာ၊ ဘယ်လင်ဟမ်၊ အက်ဇီ၊ တိုက်စစ်ကစားသမားတွေကတော့ ဟယ်ရီကိန်း၊ တိုနေး၊ ဝက်ကင်း၊ ဆာကာ၊ ရက်ရှ်ဖို့ဒ်၊ ဂေါ်ဒွန်၊ မက်ဒူခီတို့နဲ့ စုဖွဲ့ထားတာကိုတွေ့ရမှာပါ။ သူတို့အသင်းအနေနဲ့ ကမ္ဘာ့ဖလားခြေစစ်ပွဲအုပ်စုအဆင့်မှာတော့ အယ်လ်ဘေးနီးယား၊ ဆားဘီးယား၊ လတ်ဗီးယား၊ အန်ဒိုရာအသင်းတို့နဲ့ကစားခဲ့ရပြီး အုပ်စုပွဲစဉ်ရှစ်ပွဲမှာ ရှုံးပွဲမရှိဘဲ ရှစ်ပွဲစလုံးအနိုင်နဲ့ အမှတ်ပေးဇယား အဆင့်တစ်ကနေ တိုက်ရိုက်ခြေစစ်ပွဲအောင်မြင်ခဲ့တာဖြစ်ပါတယ်။

အင်္ဂလန်အသင်းဟာ ကမ္ဘာ့ဖလားပြိုင်ပွဲသမိုင်းမှာ ၁၉၆၆ ခုနှစ်က ဆုဖလားတစ်ကြိမ်ရရှိခဲ့ပြီးနောက် ဆီမီးဖိုင်နယ်အဆင့်ထိသာ အမြင့်ဆုံးတက်ရောက်နိုင်ခဲ့တာဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ်ပြိုင်ပွဲမှာလဲ ဆုဖလားရဖို့ရေပန်းစားခဲ့ပေမဲ့ ဆီမီးဖိုင်နယ်အဆင့်မှာ ခရိုအေးရှားအသင်းကို ရှုံးခဲ့လို့ စတုတ္ထနေရာနဲ့သာကျေနပ်ခဲ့ရတာဖြစ်ပြီး ၂၀၂၂ ခုနှစ်ပြိုင်ပွဲမှာတော့ ပြင်သစ်အသင်းကိုကွာတားဖိုင်နယ်အဆင့်မှာ အရေးနိမ့်ခဲ့တာကြောင့် ပြိုင်ပွဲကထွက်ခွာခဲ့တာကိုတွေ့ရမှာပါ။ အခုနှစ်ပြိုင်ပွဲမှာ အင်္ဂလန်အသင်းဟာ လူငယ်ကစားသမားကောင်းတွေနဲ့ စုဖွဲ့ထားတာကြောင့် ဆုဖလားရဖို့နံပါတ်နှစ်နေရာကနေ လူကြိုက်များနေတာဖြစ်ပါတယ်။ နည်းပြတူချယ်ရဲ့ ၄-၂-၃-၁ ကစားကွက်မှာတော့ တောင်ပံခံစစ်ပိုင်းက အိုရိုင်းလီ၊ ရီစီဂျိမ်း၊ ကွင်းလယ်ကမိုင်နူးနဲ့ဒီကလန်ရိုက်တို့က ခံစစ်နဲ့တိုက်စစ်ကိုအကောင်းဆုံးချိတ်ဆက်ပေးနိုင်ပြီး ဟယ်ရီကိန်းကအဆုံးသတ်သေချာတာကြောင့် အင်္ဂလန်အသင်းဟာ အခုပြိုင်ပွဲမှာ ဆုဖလားရဖို့ရေပန်းစားနေတယ်လို့ဆိုရမှာပါ။

**ပြင်သစ်အသင်း**

ပြင်သစ်အသင်းဟာ ကမ္ဘာ့ဖလားပြိုင်ပွဲသမိုင်းမှာ ဆုဖလားနှစ်ကြိမ်ရရှိထားပြီး နောက်ဆုံးဆုဖလားကိုတော့ ၂၀၁၈ခုနှစ်ကမ္ဘာ့ဖလားပြိုင်ပွဲမှာရရှိထားတာဖြစ်ပါတယ်။ ဒါ့ပြင် ၂၀၂၂ ခုနှစ်ကမ္ဘာ့ဖလားပြိုင်ပွဲမှာလဲ ဗိုလ်လုပွဲစဉ်ထိတက်ရောက်နိုင်ခဲ့ပြီး ပင်နယ်တီအဆုံးအဖြတ်မှာ အာဂျင်တီးနားအသင်းကိုရှုံးနိမ့်ခဲ့လို့ ဒုတိယနဲ့ကျေနပ်လိုက်ရတာကို တွေ့ရမှာပါ။ ဒါကြောင့် ပြင်သစ်အသင်းဟာ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ အတွေ့အကြုံကောင်းတွေပိုင်ဆိုင်ထားသလိုယုံကြည်မှုပိုင်းလဲအားကောင်းနေတာကို သတိပြုရမှာပါ။ လက်ရှိအတည်ပြုထုတ်ပြန်ထားတဲ့ ကစားသမားစာရင်းမှာတော့ ဂိုးသမားများအဖြစ် ဆမ်ဘာ၊ မိုင်ဂနန်၊ ရစ်ဆာ၊ ခံစစ်ကစားသမားများအဖြစ် ဂတ်စတို၊ ဒင်ဂီ၊ အူပါမီကာနို၊ ခွန်ဒီ၊ ကွန်နာတီ၊ ဆာလီဘာ၊သီယိုဟာနန်ဒက်စ်၊ လူးကပ်ဟာနန်ဒက်စ်၊ မက်ဇန်စီ၊ ကွင်းလယ်ပိုင်းမှာတော့ ကန်တီ၊ မာနူကိုနီ၊ ရာဘီယို့စ်၊ ချူအာမန်နီ၊ ဇိုင်ရီအမ်မရီ၊ တိုက်စစ်ပိုင်းမှာ အာလီအိုချီ၊ ဘာကိုလာ၊ ချာကီ၊ ဒမ်ဘီလီ၊ ဒိုအီ၊ မာတီတာ၊ အမ်ဘက်ပီ၊ အိုလီဆီ၊ မားကပ်သူရမ်တို့နဲ့ စုဖွဲ့ထားတာဖြစ်ပါတယ်။

လက်ရှိကမ္ဘာ့ဖလားပြိုင်ပွဲမှာတော့ သူတို့အသင်းဟာ အုပ်စု I မှာ အီရတ်၊ နော်ဝေ၊ ဆီနီဂေါအသင်းတို့နဲ့ တစ်အုပ်စုတည်းကစားရမှာဖြစ်လို့ အုပ်စုချောင်နေပြီး နောက်တစ်ဆင့်တက်ဖို့သေချာနေတာဖြစ်ပါတယ်။ နည်းပြဒက်ချမ့်အနေနဲ့ အသင်းလိုက်ကစားအားကို အကောင်းဆုံးပုံစံနဲ့တည်ဆောက်လာနိုင်ရင်တော့ အခုကမ္ဘာ့ဖလားပြိုင်ပွဲမှာဆုဖလားရမှာသေချာနေလို့နံပါတ်သုံးနေရာကနေ ရေပန်းစားနေတယ်လို့ဆိုရမှာပါ။

**အာဂျင်တီးနားအသင်း**

အာဂျင်တီးနားအသင်းကတော့ လက်ရှိကမ္ဘာ့ဖလားချန်ပီယံဆုကို ရရှိထားတဲ့အသင်းဖြစ်ပြီး အခုပြိုင်ပွဲမှာလဲ ဆုဖလားရဖို့ရေပန်းစားနေတာကိုတွေ့ရမှာပါ။ အခုပြိုင်ပွဲမှာတော့ တောင်အမေရိကဇုန် အမှတ်ပေးဇယားမှာ ၁၈ ပွဲကစားခဲ့ရပြီး ၁၂ ပွဲနိုင်၊ နှစ်ပွဲသရေ၊ လေးပွဲရှုံးရလဒ်နဲ့ ရမှတ် ၃၈ မှတ်ရခဲ့တာကြောင့် အမှတ်ပေးဇယားထိပ်ကနေ တိုက်ရိုက်ဝင်ခွင့်ရရှိခဲ့တဲ့အသင်းဖြစ်ပါတယ်။ သူတို့အသင်းဟာ ကမ္ဘာ့ဖလားပြိုင်ပွဲမှာတော့ဘရာဇီးအသင်းပြီးရင်ဆုဖလားသုံးကြိမ်ထိရရှိထားတဲ့ ဒုတိယမြောက်အသင်းဖြစ်တာကြောင့် အခုပြိုင်ပွဲမှာလဲမက်ဆီဦးဆောင်လာတဲ့ သူတို့အသင်းကို ပရိသတ်အများစုအကြိုက်တွေ့နေတာကို တွေ့ရမှာပါ။

လက်ရှိနည်းပြစကာလိုနီဦးဆောင်တဲ့ အာဂျင်တီးနားအသင်း ၂၆ ဦးစာရင်းမှာတော့ ဂိုးသမားများအဖြစ် မာတီနက်ဇ်၊ ရူလီ၊ မက်ဆို၊ ခံစစ်ကစားသမားများအဖြစ် ဘာလာဒီ၊ တာဂလီယာဖီကို၊ မွန်တီရယ်၊ လီဆန်ဒရိုမာတီနက်ဇ်၊ ရိုမီရို၊ အော်တာမန်ဒီ၊ မီဒီနာ၊ မိုလီနာ၊ ကွင်းလယ်ပိုင်းမှာတော့ ပါရီဒက်စ်၊ ဒီပေါလ်၊ ဘာကို၊ လိုဆဲလ်လို၊ ပါလာစီအို့စ်၊ အန်ဇိုဖာနန်ဒက်စ်၊ မက်အယ်လစ်စတာ၊ တိုက်စစ်ပိုင်းမှာတော့ အယ်ဗာရက်ဇ်၊ မက်ဆီ၊ ဂွန်ဇာလက်ဇ်၊ အယ်မာဒါ၊ ဆီမြွန်နီ၊ နီကိုပက်ဇ်၊ မန်နူရယ်လိုပက်ဇ်၊ လူတာရိုမာတီနက်ဇ်တို့ ပါဝင်နေတာဖြစ်ပါတယ်။ လက်ရှိကမ္ဘာ့ဖလားအုပ်စုပွဲစဉ်မှာတော့ အုပ်စု J မှာ အယ်ဂျီရီးယား၊ ဩစတြီးယား၊ ဂျော်ဒန်တို့လိုအသင်းတွေနဲ့ ကစားရမှာဖြစ်လို့ အုပ်စုချောင်နေတယ်လို့ဆိုရမှာပါ။ နည်းပြစကာလိုနီကတော့ ပြိုင်ဘက်ရဲ့ကစားပုံကိုကြည့်ပြီး ၄-၄-၂ သို့မဟုတ် ၄-၃-၃ ကစားကွက်နဲ့ ပွဲထွက်နေပြီး တိုက်စစ်မှူးမက်ဆီဂိုးသွင်းနိုင်တဲ့ပွဲတွေမှာတော့ ဂိုးပြတ်နိုင်ပွဲရခဲ့တာကိုသတိပြုရမှာပါ။ ဒါကြောင့်အခုပြိုင်ပွဲမှာလဲ တိုက်စစ်မှူးမက်ဆီဦးဆောင်တဲ့သူတို့အသင်းဟာ ချန်ပီယံဆုကိုထပ်မံကာကွယ်သွားနိုင်မလားဆိုတာစောင့်ကြည့်ရင်း ဆုဖလားရဖို့နံပါတ်လေးနေရာမှာ ရှိနေတာဖြစ်ပါတယ်။

**ပေါ်တူဂီအသင်း**

ပေါ်တူဂီအသင်းကတော့ ကမ္ဘာ့ဖလားပြိုင်ပွဲသမိုင်းမှာ ဆုဖလားတစ်ကြိမ်မှမရရှိသေးဘဲ အမြင့်ဆုံးကတော့ ၁၉၆၆ ခုနှစ်ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ဆီမီးဖိုင်နယ်တက်ရောက်ခဲ့ပြီး တတိယနေရာနဲ့ ပြီးဆုံးခဲ့တာဖြစ်ပါတယ်။ နောက်ပိုင်းနှစ်တွေမှာတော့ ကွာတားဖိုင်နယ်ထိသာတက်ရောက်ခဲ့ပြီး ချန်ပီယံဆုကိုစိန်ခေါ်နိုင်ဖို့ ခက်ခဲနေတာကိုတွေ့ရမှာပါ။ ၂၀၂၂ ခုနှစ်ကမ္ဘာ့ဖလားပြိုင်ပွဲမှာလဲ သူတို့အသင်းဟာ ထိပ်တန်းအဆင့်လူငယ်ကစားသမားတွေကိုပိုင်ဆိုင်ထားတာကြောင့် ဆုဖလားရဖို့ရေပန်းစားခဲ့ပေမဲ့ ကွာတားဖိုင်နယ်အဆင့်မှာ မော်ရိုကိုအသင်းကိုရှုံးနိမ့်ခဲ့ပြီး ပြိုင်ပွဲမှထွက်ခွာခဲ့ရတာဖြစ်ပါတယ်။လက်ရှိကမ္ဘာ့ဖလားပြိုင်ပွဲခြေစစ်ပွဲမှာတော့ အိုင်ယာလန်၊ ဟန်ဂေရီ၊ အာမေးနီးယားတို့လို အသင်းတွေနဲ့ကစားရပြီး အုပ်စုခြောက်ပွဲမှာ လေးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးခဲ့ပြီး အုပ်စုပထမနဲ့ တိုက်ရိုက်ခြေစစ်ပွဲအောင်မြင်ခဲ့တာကို တွေ့ရမှာပါ။

လက်ရှိသူတို့အသင်းရဲ့ ကစားသမားစာရင်းမှာတော့ ကော်စတာ၊ ဂျို့ဆာ၊ ရူအီဆေးဗား၊ ရီကာဒိုဗယ်ဟို၊ ခံစစ်ပိုင်းမှာတော့ အာရူဂျိုကန်ဆယ်လို၊ ဒါလော့၊ ရူဘင်ဒီယက်စ်၊ အီနာစီယို၊ မန်ဒက်စ်၊ နူနက်စ်၊ ဆီမီညို၊ ဗီအီဂါ၊ ဆန်မြူရယ်ကော်စတာ၊ ဘရူနိုဖာနန်ဒက်စ်၊ နီဗက်စ်၊ ရူဗင်နီဗက်စ်၊ ဘာနာဒိုဆေးဗား၊ ဗီတင်ဟာ၊ တိုက်စစ်ပိုင်းမှာတော့ ကွန်စီကာအို၊ ဂျာအိုဖီးလစ်၊ ဂွီဒက်စ်၊ လီအို၊ နက်တို၊ ဂွန်ကာလိုရာမို့စ်၊ စီရော်နယ်ဒို၊ ထရင်ကာအိုတို့နဲ့ စုဖွဲ့ထားတာကြောင့် ကစားသမားစုဖွဲ့မှုကောင်းတဲ့အသင်းဖြစ်နေတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ လက်ရှိကမ္ဘာ့ဖလားအုပ်စု K မှာ ကိုလံဘီယာ၊ ကွန်ဂို၊ ဥဇဘက်ကစ္စတန်တို့နဲ့ကစားရမှာဖြစ်လို့ အုပ်စုတက်ရောက်ဖို့ သေချာနေတာဖြစ်ပါတယ်။ ဒါ့ပြင် နည်းပြမာတီနက်ဇ်အနေနဲ့ စီရော်နယ်ဒိုဦးဆောင်တဲ့အသင်းလူစာရင်းကို အကောင်းဆုံးတည်ဆောက်နိုင်ရင်တော့ ပေါ်တူဂီအသင်းဟာ အခုပြိုင်ပွဲမှာပထမဆုံးကမ္ဘာ့ဖလားကို ရရှိသွားမှာဖြစ်ကြောင်း လေ့လာရေးသားလိုက်ရပါတယ်။

# မြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာပါစေ

မန္တလာကိုကိုဝင်း

ဗုဒ္ဓဘာသာအနွယ်ဝင် သူတော်စင်တို့သည် နယုန်လပြည့်နေ့ကို မဟာသမယအခါတော်နေ့အဖြစ် အလေးအနက်ထားကာ မဟာသမယသုတ်တော်ကို ရွတ်ပွားပူဇော်ကြသည်။ သုံးလောကထွတ်ထား မြတ်စွာဘုရားရှင်လက်ထက် နယုန်လ အခါသမယတွင် မိုးခေါင်ရေရှားဖြစ်ပွားရာ ရောဟဏီမြစ်ရေကိုအားကိုးနေကြသော ကပိလဝတ်နှင့် ကောလိယတိုင်းသားတို့ ရေလုမှုဖြင့် အငြင်းများ၍ စစ်ပြင်သည့်အခြေအနေသို့ ဆိုက်ရောက်လာခဲ့သည်။ ထိုစဉ်တွင် မြတ်စွာဘုရားရှင်သည် ကောင်းကင်ယံမှ ကြွရောက်လာတော်မူသည်။ ငြိမ်းချမ်းရေးတရားမြတ်ဖြစ်သော ဇာတ်တော်ပေါင်း ငါးဇာတ်ကို ဟောကြားတော်မူသည်။ ထို့နောက် မဟာဝုန်တောသို့ကြွရောက်ကာ နယုန်လပြည့်နေ့တွင် စကြဝဠာတိုက်တစ်သောင်းမှ နတ်ဗြဟ္မာအပေါင်းအား မဟာသမယသုတ်တော်ကို ဟောကြားတော်မူခဲ့သည်။ ဤသည်ကိုအစွဲပြု၍ မဟာသမယသုတ်တော်ရွတ်ဖတ်ပူဇော်တော်မူကာ"မဟာသမယအခါတော်နေ့"ဆင်ယင်ကျင်းပကြသည်။

အချင်းချင်း ခိုက်ရန်ဖြစ်ပွားပြီး သေကျေဒဏ်ရာရမည့်ဘေးမှကင်းလွတ်ခြင်းသည် ချမ်းသာခြင်းသုခကို ရရှိခြင်းဖြစ်သည်။ ဘုရားရှင်၏ တရားတော်ကြောင့် လူသားအချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းမရှိတော့ဘဲ အေးအတူပူအမျှနေထိုင်ခြင်းဖြင့် လောကချမ်းသာကိုစံစားကြရသည်။ စစ်မက်ဘေးဒုက္ခသည် လူသားတို့ကို အစားဆင်းရဲခြင်း၊ အနေဆင်းရဲခြင်း၊ အဝတ်အစားဆင်းရဲခြင်းတို့နှင့်အတူ စိတ်သောကကြီးစွာဖြင့် နေထိုင်ကြရသည်မှာ ကောင်းသောဖြစ်ရပ်မျိုးမဟုတ်ပေ။ လူအချင်းချင်း သင့်သင့်မြတ်မြတ်နေထိုင်ခြင်းဖြင့် လူ့ဘဝကို ပျော်ရွှင်စွာဖြတ်သန်းကြရမည်ဖြစ်သည်။

လူသားတိုင်းတွင် လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနတို့ရှိကြသည်ဖြစ်ရာ အဆိုပါမကောင်းသောတရားတို့ကို ထိန်းချုပ်နိုင်ခြင်းဖြင့် လောကကိုကောင်းအောင်ပြုလုပ်ကြရမည်ဖြစ်သည်။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသော ဗြဟ္မစိုရ်တရားများထားရှိကာ တစ်ဦးအပေါ်တစ်ဦး တန်ဖိုးထားကြရမည်ဖြစ်သည်။ ယနေ့ကာလတွင် နိုင်ငံကြီးများသည် နိုင်ငံငယ်များအပေါ် ဗိုလ်ကျစိုးမိုးနေခြင်းမှာ ကောင်းသောလုပ်ရပ်မဟုတ်ပေ။ လူသားတို့ကို ဒုက္ခနွံတွင်း သက်ဆင်းခိုင်းခြင်းဖြစ်သည်။ ကပိလဝတ်နှင့် ကောလိယတိုင်းသားတို့ ရေလုမှုဖြင့် အငြင်းများ၍ တိုက်ခိုက်ခဲ့ကြသော အသက်များ ဆုံးရှုံးကြသည်မှလွဲ၍ ကောင်းကျိုးဖြစ်ထွန်းနိုင်မည်မဟုတ်ပေ။ မြတ်စွာဘုရားရှင်သာ အချိန်မီရောက်လာခဲ့သော် လူသားတို့ ကြီးမားသောဒုက္ခနှင့် ရင်ဆိုင်ကြရတော့မည်ဖြစ်သည်။

လူအချင်းချင်းလှည့်ပတ်ခြင်း ကင်းရှင်းကြပါစေ၊ အထင်သေးခြင်းအချင်းချင်း ကင်းရှင်းကြပါစေ ဆိုသည့် မေတ္တာစာပိုဒ်သည် လူသားတို့ကောင်းကျိုးကိုမျှော်မှန်းကာ ဆရာတော်သံဃာတော်များက ရေးဖွဲ့ထားခြင်းဖြစ်သည်။ ယခုအခါ မြန်မာသက္ကရာဇ် ၁၃၇၈ ခုနှစ် နယုန်လသို့ ရောက်ရှိလာပြီဖြစ်သည်။ နယုန်လသည် ရာသီအားဖြင့် မေထုန်ရာသီဖြစ်သည်။ မောင်နှံရုပ်(လက်တစ်ဖက်ကလှင်ကန်၊ လက်တစ်ဖက်က စောင်းကိုင်ထားသောမိန်းမယောကျာ်းအရုပ်) ရှိသောရာသီဟုဆိုသည်။ နယုန်လတွင် လနှင့်ယှဉ်သောနက္ခတ်(စန်းယှဉ်နက္ခတ်)မှာ ဇေဋ္ဌနက္ခတ်ဖြစ်သည်။ နယုန်လတွင် မိုးသံလေသံကြားနေရပြီဖြစ်သည်။

**❖ မြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေမှန်ကို လူငယ်များသိထားသင့်သည်။ ထိုသို့ သိထားသည်နှင့်အမျှ မိမိတို့ပါဝင်နိုင်သည့် အခန်းကဏ္ဍကို မိမိတို့ရွေးချယ်ကာ ငြိမ်းချမ်းရေးဆောင်ရွက်မှုများ နိုင်ငံနှင့် ပြည်သူ့အကျိုးဖြစ်ထွန်းစေမည့်ကိစ္စရပ်များကို ဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံတော်၏ လက်ရှိကာလအတွက် လူငယ်ထုက အရေးကြီးသော သက်ရှိစွမ်းအားအရင်းအမြစ်များဖြစ်သည်။ လူငယ်များအနေဖြင့် မြန်မာနိုင်ငံတွင် နှစ်ပေါင်းရှည်စွာ ရင်ဆိုင်နေရသည့် လက်နက်ကိုင်ပဋိပက္ခကြောင့် အလှမ်းဝေးနေရသည့် ဖွံ့ဖြိုးတိုးတက်မှုများနှင့် အေးချမ်းသာယာဝပြောမှုများအတွက် ခံစားသူသက်သက်မဟုတ်ဘဲ ပူးပေါင်းပါဝင်ဆောင်ရွက်သူများ ဖြစ်ကြရပေမည်။ ❖**

ကျေးငှက်များလည်း ပျော်မြူးနေကြသည်။ နယုန်လ၏ ရာသီပန်းဖြစ်သော စံပယ်ပန်း၊ မြတ်လေးပန်းတို့သည်မွှေးပျံ့နေသည်။ စံပယ်ပန်းသည် နန်းသုံးတော်ဝင်ပန်းဖြစ်ကြောင်း "နန်းရဝေ၊ မန်းမြေမှာ စံပယ်လှိုင်တော့"ဆိုသည့် ဦးပုည၏ကဗျာလေးက ဖော်ပြလျက်ရှိသည်။ ဘုရင်မင်းမြတ်တို့သည် လယ်ထွန်မင်္ဂလာပွဲဆင်နွှဲရာတွင် စံပယ်ပန်း၊ ဇွန်ပန်းများကို ရင်မှာဆွဲထားကြသည်။ မြတ်လေးပန်းသည်လည်း နယုန်လ၏ရာသီပန်းဖြစ်သည်။ မုလေးပန်းဟုလည်း ခေါ်သည်။ အပွင့်တကာတို့တွင် မြတ်လေးပန်းသည် မြတ်ကြောင်း စာပေများတွင်ဆိုထားသည်။ မြတ်လေးပန်းမြတ်ကြောင်း ဘုရားဟောသည်ကို မှန်မမှန်လက်တွေ့စမ်းသပ်ရန် သီဟိုဠ်ကျွန်းမှ ဘာတိယမင်းကြီးသည် အခန်းတစ်ခန်းထဲတွင် ပန်းတောင်းထဲ၌ မွှေးသော ပန်းမျိုးစုံထည့်ထားပြီး အလယ်တွင် မြတ်လေးပန်းတစ်ဆုပ်ကိုထား၍ အခန်းတံခါးပိတ်ထားပြီးနောက် ပြန်ဖွင့်လိုက်သောအခါ မြတ်လေးပန်း၏ မွှေးရနံ့ကို အရင်ဆုံးရသည့်အတွက် ဘုရားဟောသည်မှာ မှန်ပေစွာဟု ရှိခိုးပူဇော်ကြောင်းလည်း သိရှိရသည်။

ထိုပြင် "မုလေးရိုလျက်၊ စံပယ်ခက်ကို၊ ငွေလျက်ကုန်ကာ၊ မဝယ်ရာသို့"ဟု နေမိဘုန်းခန်းပျို့တွင် ရေးဖွဲ့ထားချက်အရ အင်းဝခေတ်တွင် စံပယ်ပန်းထက် မုလေးပန်း(မြတ်လေးပန်း)ကို လူတို့ပို၍နှစ်သက်ကြောင်း တွေ့ရသည်။ မြတ်လေးဟူသော အရေးအသားနှင့် မုလေးဟူသောအရေးအသား နှစ်မျိုးစလုံးကို ရှေးကဗျာများတွင် တွေ့နိုင်သည်။ ဦးပုည၏ လေးမောင်စံကျောင်းတေးထပ်တွင် မုလေးရုံတောအစ၊ ဒေါနလမ်းမြေညီစသည်ဖြင့် စာစီထားခြင်းမှာ မြတ်လေးပန်းကိုအလေးထားကြောင်း တွေ့နိုင်သည်။

အမှန်အားဖြင့် နယုန်လသည် လူသားတို့၏ စိတ်နှလုံးကို သာသာယာယာဖြစ်စေသည်။ နယုန်လကို ရေရှူးထချိန်ဟု ဆိုစမှတ်ပြုကြသည်။ လျှပ်စီးတဝင်းဝင်းနှင့် တဖြိမ့်ဖြိမ့် အသံပေးကာ မိုးသဲသဲမဲမဲရွာချသည်။ တောအနှံ့တောင်အနှံ့ ဒလဟော စီးဆင်းပြီး တွေ့သမျှတို့ကို တိုက်ခတ်သယ်ဆောင်သွားတတ်သည့်အတွက် နယုန်လရေရှူးသည် ကြောက်စရာကောင်းသည်။ လူငယ်ကလေးများအဖို့ မိုးရေထဲတွင် ပြေးလွှားခုန်ပေါက်ရသဖြင့် ပျော်စရာကောင်းလှသည်။ မိုးနည်းသောဒေသတွင် နယုန်မိုးသေး၊ မြတ်သားမွှေးဆိုသည့်အတိုင်း မိုးသေး၊ မိုးဖွဲသာရွာသော်လည်း မိုးကောင်းသောဒေသတွင်မူ "နယုန်ရေရှူး၊ ရေဦးရေလွှင်၊ ရေသမင်" ဆိုသည့်အတိုင်း အရှိန်အဟုန်ဖြင့် ပြင်းပြင်းထန်ထန် ရွာလေ့ရှိသည်။

မြန်မာနိုင်ငံတွင် နွေ၊ မိုး၊ ဆောင်းဟူ၍ ရှိပေရာ နွေအကုန်မိုးအကူး အေးမြခြင်းနှင့် နယုန်လသို့ ရောက်လာပြီဖြစ်ပြီး မိုးရွာသွန်းမှုနှင့်အတူ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများလည်း စတင်တော့မည်ဖြစ်သည်။ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ဆက်လက်တွေးမြင်ကြည့်မည်ဆိုပါက မြန်မာနိုင်ငံသည် လွတ်လပ်ရေးရရှိသည့်အချိန်မှ ယနေ့အချိန်ထိ လက်နက်ကိုင်ပဋိပက္ခများ ရှည်ကြာလျက်ရှိသည်။ လက်နက်ကိုင်ပဋိပက္ခများကြောင့် လူသားတို့ငြိမ်းချမ်းစွာနေထိုင်ရခြင်းမရှိသည့်အပြင် လောကကောင်းကျိုးအတွက် တည်ဆောက်ပေးထားသည့် အရာများကိုပင်ဖျက်ဆီးပစ်နေသည်မှာ "ပညာမဲ့သူများပေါ်များနေ၍၊ အသိဉာဏ်ချို့ယွင်းသူများ ပေါ်များနေ၍" ဖြစ်သည်။ ဘာသာတရား၏ ဆိုဆုံးမမှုကို လိုက်နာကျင့်သုံးရန် တွေးခေါ်မြော်မြင်မှုမရှိခြင်းကြောင့်လည်း လက်နက်ကိုင်ပဋိပက္ခများ ရှည်ကြာနေခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေမှန်ကို လူငယ်များသိထားသင့်သည်။ ထိုသို့သိထားသည်နှင့် အမျှ မိမိတို့ပါဝင်နိုင်သည့် အခန်းကဏ္ဍကို မိမိတို့ရွေးချယ်ကာ ငြိမ်းချမ်းရေးဆောင်ရွက်မှုများ နိုင်ငံနှင့် ပြည်သူ့အကျိုးဖြစ်ထွန်းစေမည့် ကိစ္စရပ်များကို ဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံတော်၏ လက်ရှိကာလအတွက်လူငယ်ထုက အရေးကြီးသော သက်ရှိစွမ်းအားအရင်းအမြစ်များဖြစ်သည်။ လူငယ်များအနေဖြင့် မြန်မာနိုင်ငံတွင် နှစ်ပေါင်းရှည်စွာ ရင်ဆိုင်နေရသည့် လက်နက်ကိုင်ပဋိပက္ခကြောင့် အလှမ်းဝေးနေရသည့် ဖွံ့ဖြိုးတိုးတက်မှုများနှင့် အေးချမ်းသာယာဝပြောမှုများအတွက် ခံစားသူသက်သက်မဟုတ်ဘဲ ပူးပေါင်းပါဝင်ဆောင်ရွက်သူများဖြစ်ကြရပေမည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငြိမ်းချမ်းရေးသည် အရေးပါသည့် အခန်းကဏ္ဍတွင် ရှိနေသည်။

စာရေးသူအနေဖြင့် ကဆုန်လပြည့် "မဟာသမယအခါတော်နေ့"တွင် ကပိလဝတ်နှင့် ကောလိယတိုင်းသူပြည်သားများ စစ်မက်ဖြစ်ပွားခြင်းမရှိဘဲ ငြိမ်းချမ်းရေးရရှိသလို တိုင်းရင်းသားလူမျိုးပေါင်းစုံ မီတင်းနေထိုင်သည့် မြန်မာနိုင်ငံတွင် စစ်မက်ဖြစ်ပွားခြင်းမရှိဘဲ ငြိမ်းချမ်းခြင်းကိုအလိုရှိသည်။ ငြိမ်းချမ်းခြင်း၊ မငြိမ်းချမ်းခြင်းဆိုသည်မှာ လူသားတို့၏ လုပ်ကိုင်ဆောင်ရွက်မှုပင်ဖြစ်သည်။ လူဆိုသည်မှာ သက်တမ်းတစ်ခုထက် ပိုမို၍ နေထိုင်နိုင်ကြသူဟူ၍ မရှိပေ။ မိမိတို့ ရှင်သန်နေထိုင်စဉ်ကာလအတွင်း မိမိတို့နေထိုင်သည့် နိုင်ငံနှင့် ပြည်သူများကို စိတ်အေးချမ်းသာအောင် နေထိုင်စေခြင်းဖြင့် ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။ နောင်လာမည့် အနာဂတ်လူငယ်များအတွက်၊ တိုင်းသူပြည်သားများအတွက် ငြိမ်းချမ်းခြင်းလက်ဆောင်ကို ပေးနိုင်အောင် ကြိုးစားကြစေချင်သည်။ နယုန်လပြည့် မဟာသမယအခါတော်နေ့တွင် ကပိလဝတ်နှင့် ကောလိယတိုင်းသားတို့ ရေလုမှုဖြင့် အငြင်းမများဘဲ ငြိမ်းချမ်းစေသကဲ့သို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးသည်လည်း ငြိမ်းချမ်းသာယာပါစေကြောင်း ဆန္ဒပြုရေးသားလိုက်ရပါသည်။

## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job–PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit–PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာ လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job–PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

အလုပ်သမားဝန်ကြီးဌာန

# ခြောက်ခြောက်ကြမ်းကြမ်း ရုပ်ရှင်ဇာတ်ကားကို ဇွန်လပထမပတ်တွင် နိုင်ငံတစ်ဝန်း အဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်




**ရန်ကုန် မေ ၂၉**

ကောင်း ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် ခြောက်ခြောက်ကြမ်းကြမ်းရုပ်ရှင်ဇာတ်ကားကို ဇွန်လပထမပတ်တွင် နိုင်ငံတစ်ဝန်း အဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်ဖြစ်ကြောင်း အဆိုပါ ခြောက်ခြောက်ကြမ်းကြမ်း ရုပ်ရှင်ဇာတ်ကားကို တာဝန်ယူ ပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာ ပြည့်ဖြိုးနိုင်ထံမှ သိရသည်။

အဆိုပါ ခြောက်ခြောက်ကြမ်းကြမ်းရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဒီဒီထက်အောင်က ရေးသားထားပြီး ဒါရိုက်တာ ပြည့်ဖြိုးနိုင်က ကောင်း ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူ ပုံဖော်ရိုက်ကူးထားခြင်း ဖြစ်ကြောင်း သိရသည်။

"ဇွန်လအတွင်း ရုံတင်ပြသတော့မဲ့ ကျွန်တော်ရိုက်ကူးထားတဲ့ ခြောက်ခြောက်ကြမ်းကြမ်း ရုပ်ရှင်ဇာတ်ကားကတော့ ထိတ်လန့်သည်းဖိုဟာသ ရုပ်ရှင်ဇာတ်ကားပါ။ ပထမဆုံးရိုက်ဖြစ်တဲ့ ထိတ်လန့်သည်းဖိုဟာသ အမျိုးအစားပါ။ ကိုယ်မကျွမ်းကျင်တဲ့ ဇာတ်လမ်းအမျိုးအစား ဖြစ်တဲ့အတွက် ဦးခင်လှိုင်က အများဆုံးအားဖြည့်ကူညီပေးခဲ့ပါတယ်။ တကယ်လို့ ဦးခင်လှိုင်မကူညီခဲ့ရင် ခြောက်ခြောက်ကြမ်းကြမ်းက ခုလောက်ရယ်ရမယ်မထင်ပါဘူး။ ပြီးတော့ ပါဝင်ထားတဲ့ အခြားသရုပ်ဆောင်တွေအားလုံးကြောင့်လဲ ခြောက်ခြောက်ကြမ်းကြမ်းက ထင်ထားတာထက်ပိုပြီး ကောင်းခဲ့တယ်လို့ ထင်ပါတယ်"ဟု ဒါရိုက်တာ ပြည့်ဖြိုးနိုင်က ပြောပြသည်။

အဆိုပါ ခြောက်ခြောက်ကြမ်းကြမ်း ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် လွှမ်းပိုင်၊ ရဲရင့်အောင်၊ တိုင်ရွှန်း၊ ထူးအောင်၊ နေထူးနိုင်၊ ခင်လှိုင်၊ နေ့သစ်အေးအောင်၊ လင်းလင်း၊ ယုသန္တာတင်၊ ချောရတနာ၊ ရတနာဗို၊ မန်ဒီ၊ ဒွေးသည်သရုပ်ဆောင် ရဲလွင်ဦးနှင့် အနုပညာရှင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

# Lily May B ရုပ်ရှင်ဇာတ်ကား၌ မင်းသမီး ဂျန်နာအော်တေဂါ ပါဝင်မည်

**နယူးယောက် မေ ၂၉**

Lily May B အမည်ရှိ ရုပ်ရှင်ဇာတ်ကား၌ မင်းသမီး ဂျန်နာအော်တေဂါ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း မေ ၂၈ ရက် သတင်းများအရ သိရသည်။

Lily May B ဇာတ်ကားသည် လျှို့ဝှက်ချက်ကိုယ်စီ ရှိနေကြသည့် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးငယ်တစ်ဦးတို့၏ အန္တရာယ်များသော ခရီးစဉ်တစ်ခုအကြောင်းကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

Lily May B ဇာတ်ကားကို ဒါရိုက်တာ လီယိုကားရက်က တာဝန်ယူ ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကိုလည်း ဒါရိုက်တာ လီယိုကားရက်ကိုယ်တိုင် ရေးသား ပေးထားကြောင်း သိရသည်။

Lily May B ရုပ်ရှင်ဇာတ်ကားသည် ဒါရိုက်တာ လီယိုကားရက်၏ သတ္တမမြောက် ရုပ်ရှင်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Lily May B ဇာတ်ကားကို ယခုနှစ် ဆောင်ဦးရာသီတွင် စတင်ရိုက်ကူးရန် ထုတ်လုပ်သူများက စီစဉ်ထားကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



# တေးသံရှင် အိမ့်ချစ်၏ Colours of Love in Mandalay တေးဂီတဖျော်ဖြေပွဲကို ချမ်းအေးသာစံမြို့နယ်ရှိ The Square Theatre Bar တွင် ပြုလုပ်မည်ဖြစ်

**မန္တလေး မေ ၂၉**

တေးသံရှင် အိမ့်ချစ်၏ Colours of Love in Mandalay တေးဂီတဖျော်ဖြေပွဲကို မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ The Square Theatre Bar ၌ ဇွန် ၁၃ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် အိမ့်ချစ်ထံမှ သိရသည်။

တေးသံရှင် အိမ့်ချစ်၏ Colours of Love in Mandalay တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင် အိမ့်ချစ်နှင့်အတူ တေးသံရှင် မေခလာ၊ ချမ်းမြေ့မောင်ချို၊ ဗီတာမင်တို့ကလည်း အကောင်းဆုံး ပါဝင်သီဆိုဖျော်ဖြေပေးမည် ဖြစ်ကြောင်း သိရသည်။

"လာမဲ့ ဇွန် ၁၃ ရက်မှာ The Square မှာ အန်တီ မေခလာ၊ ချမ်းမြေ့မောင်ချိုနဲ့ ဗီတာမင်တို့လဲ အားဖြည့်ပေးမှာဖြစ်ပါတယ်။




Daily Gita Band ကလဲ အကောင်းဆုံး ပံ့ပိုးတီးခတ်ပေးမှာမို့ မန်းသူ၊ မန်းသားတွေအတွက် အကောင်းဆုံး ဖျော်ဖြေပေးမဲ့ Colours of Love in Mandalay ဂီတညလေးကို အရောက်လာခဲ့ဖို့ ဖိတ်ခေါ်ပါတယ်"ဟု တေးသံရှင် အိမ့်ချစ်က ပြောပြသည်။

တေးသံရှင် အိမ့်ချစ်၏ Colours of Love in Mandalay တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင် မေခလာ၊ ချမ်းမြေ့မောင်ချို၊ ဗီတာမင်တို့အပြင် YGN Drage Queens နှင့် MDY Drage Queens အကအဖွဲ့တို့၏ အကအလှများကိုလည်း ကြည့်ရှုကြရမည်ဖြစ်ကြောင်း သိရသည်။

ASH

# Tyrant ထိတ်လန့်သည်းဖိုဇာတ်ကား၌ မင်းသား မိုက်ကယ်ချစ်ကလစ် ပါဝင်လာ

**နယူးယောက် မေ ၂၉**

Amazon MGM စတူဒီယို၏ Tyrant အမည်ရှိ ထိတ်လန့်သည်းဖိုဇာတ်ကား၌ မင်းသား မိုက်ကယ်ချစ်ကလစ် ပါဝင်လာကြောင်း မေ ၂၈ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

Tyrant ဇာတ်ကားတွင် မင်းသား မိုက်ကယ်ချစ်ကလစ်သည် မင်းသမီး ချားလစ်သီရွန်၊ ဂျူလီယာဂါနာ၊ ဒီမီမိုးတို့နှင့်အတူ သရုပ်ဆောင်ရမည် ဖြစ်ကြောင်း သိရသည်။

Tyrant ဇာတ်ကား၌ မင်းသား မိုက်ကယ်ချစ်ကလစ် ပါဝင်သရုပ်ဆောင်ရမည့် ဇာတ်ကောင်နေရာကို မသိရသေးပေ။

Tyrant ဇာတ်ကားကို ဒါရိုက်တာ ဒေးဗစ်ဝီးက တာဝန်ယူ ရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကိုလည်း ၎င်းကိုယ်တိုင် ရေးသားထားသည်။

လက်ရှိအချိန်တွင် Tyrant ဇာတ်ကား၏ဇာတ်လမ်းဇာတ်အိမ် အသေးစိတ်ကို Amazon MGM စတူဒီယိုက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Tyrant ဇာတ်ကား ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်းကို လက်ရှိအချိန်တွင် လော့စ်အိန်ဂျလိစ်မြို့တော်၌ စတင်နေပြီဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



# Ghost Hotel တစ္ဆေဟိုတယ် ရုပ်ရှင်ဇာတ်ကားကို ဇွန်လပထမပတ်တွင် နိုင်ငံတစ်ဝန်းရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်

**ရန်ကုန် မေ ၂၉**

Triple Six & Double Win Film Production တို့က ရိုက်ကူးထုတ်လုပ်သည့် Ghost Hotel တစ္ဆေဟိုတယ် ရုပ်ရှင်ဇာတ်ကားကို ဇွန်လပထမပတ်တွင် နိုင်ငံတစ်ဝန်းရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်ဖြစ်ကြောင်း အဆိုပါ Ghost Hotel တစ္ဆေဟိုတယ် ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်ထားသည့် သရုပ်ဆောင် မေမြင့်မိုရ်ထံမှ သိရသည်။

အဆိုပါ Ghost Hotel တစ္ဆေဟိုတယ် ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို ဒါရိုက်တာ မောင်မျိုးမင်း (ရင်တွင်းဖြစ်)က ရေးသားထားပြီး မိုးစက်ဝိုင်နှင့် သူရဿဝါက ဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာ မိုးမိုးက တာဝန်ယူပုံဖော်ရိုက်ကူးထားခြင်း ဖြစ်ကြောင်း သိရသည်။

"ဒီရုပ်ရှင်ဇာတ်ကားမှာ ဒါရိုက်တာအနေနဲ့ ကိုမိုးမိုးက ပထမဦးဆုံး ရိုက်မှာဖြစ်ပါတယ်။ ကိုမိုးမိုးနဲ့ ရိုက်ရလို့လဲပျော်ပါတယ်။ ဂုဏ်ယူပါတယ်။ ပါဝင်ကြတဲ့မောင်နှမတွေက သရုပ်ဆောင်ချိန်မှာလဲ အကုန်လုံးက အပေးအယူမျှမျှရိုက်ထားတာမို့ ပရိသတ်ကြိုက်နှစ်သက်မဲ့ ဇာတ်ကားဖြစ်မယ်လို့ ထင်ပါတယ်"ဟု သရုပ်ဆောင် မေမြင့်မိုရ်က ပြောပြသည်။

Ghost Hotel တစ္ဆေဟိုတယ် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် ကျော်ကျော်ဗို၊ မင်းဘုန်းမြတ်၊ စစ်နိုင်၊ ငှက်ပျောကြော်၊ ဇော်ဝင်းနိုင်(မန်း)၊ ဆင်မဂျိုကာ၊ သွက်လက်၊ ဒိုပေါက်၊ အုန်းဒိုင်း၊ မေမြင့်မိုရ်၊ ဝေလာရီ၊ ဆွိ၊ ဆူး၊ ခိုင်စု၊ သွန်းစုနဒီထက်နှင့် အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင် ထားကြောင်း သိရသည်။

ASH

# Vice President U Nyo Saw presents certificates and titles to monks who passed the 78th Tipitakadhara Tipitakakovida examination



Vice President U Nyo Saw and wife Daw San San Aye and the congregation receive the Five Precepts from Sayadaws.

**Nay Pyi Taw May 29**

One-hundred monks who passed the 78th Tipitakadhara Tipitakakovida examination sponsored by the Religious Affairs Department of the Ministry of Religious Affairs of Republic of Union of Myanmar were honoured and presented certificates at an auspicious ceremony held at the Maha Pasana Cave, the venue of the Sixth Buddhist Council, at Thirimingala Kaba Aye hillock, Yangon, this morning.

Present to pay respects to eminent Sayadaws led by Chairman of State Sangha Maha Nayaka Committee (SSMNC) Thanlyin Minkyaung Pahtamabyan religious school Sayadaw Abhidhaja Maha Rattha Guru Agga Maha Pantita Agga Maha Saddhamma Jotikadhaja Dr Bhaddanta Candiama Bhivamsa, Ovadacariya Sayadaws of Tipitakadhara Tipitakakovida examination board, Tipitakadhara Tipitakakovida Sayadaws, Tipitakadhara Tipitakakovida examination Pucchaka assistance Sayadaws, supervisor Sayadaws and monks who passed the 78th Tipitakadhara Tipitakakovida examination at the ceremony were Vice President the Republic of Union of Myanmar U Nyo Saw and wife Daw San San Aye, union ministers, Dr Thet Khaing Win, U Htein Lin, U Tin Oo Lwin, and Yangon Region Chief Minister U Aung Naing Thu and their wives, senior military officers from Office of Commander-in-Chief, the Yangon Command commander, the region Hluttaw speaker, region ministers, departmental personnel and guests.

The congregation led by the Vice President and wife received the Five Precepts from Chairman of Ovadacariya Sayadaws of Tipitakadhara Tipitakakovida examination board Sayadaw Abhidhaja Maha Rattha Guru Abhidhaja Agga Maha Saddhamma Jotikadhaja Bhaddanat Sudhammacara Bhivamsa.

The SSMNC Chairman Sayadaw delivered the Saraniya Ovadakahta.

Then, Union Minister for Religious Affairs U Tin Oo Lwin delivered a presentation on religious affairs.

Afterward, Vice President U Nyo Saw conferred degrees and certificates on Ashin Wisitthasara of the Tipitaka Maha Gandawin Nikaya Monastery in Dagon Township, Yangon Region, who was awarded the Tipitaka Dhara Tipitaka Kaowida degree, and Ashin Gandama of the Tipitaka Nikaya Monastery in Dagon Township, Yangon Region, who received the Mulabhidhammika degree.

Then, Union Ministers, Region Chief Ministers, and responsible officials presented titles and certificates to monks who had earned various religious degrees, including two monks awarded the Mulabhidhammika degree, three monks awarded the Digha Nikaya Kaowida degree, one monk awarded the Digha Banaka degree, seven monks awarded the Vinaya Kaowida degree, 28 monks awarded the Vibanga Dhara degree, 11 monks awarded the Ubataw Vibanga Kaowida degree, and 46 monks awarded the Ubataw Vibanga Dhara degree.

Afterward, the Vice President and his wife, together with invited guests, listened to a sermon of appreciation delivered by Bhaddanta Vasettha Bhivamsa, a member of the executive committee of the State Sangha Maha Nayaka Committee, Maha Nayaka Sayadaw of Masoeyein New Monastery in Mandalay, and presiding Sayadaw of Dhammasamiddhi Monastery, who holds the titles of Agga Maha Pandita, Agga Maha Saddhammajotikadhaja, and Maha Dhammakathika Bahujanahitadhara. They then shared merits and poured water in dedication for the various donations made.

Then, the Vice President, his wife, invited guests, and donors presented religious offerings to the monks who had successfully passed the Tipitaka Dhara and Tipitaka Kaowida selection examination. They later toured the cave temple grounds, which were opened to the public to mark the 70th anniversary of the Sixth Buddhist Synod Achievement Ceremony. During the visit, they viewed exhibitions showcasing religious activities from the First Buddhist Synod Achievement Ceremony through the Sixth Buddhist Synod Achievement Ceremony, as well as displays highlighting current religious activities.

The Tipitaka Dhara and Tipitaka Kaowida selection examination is conducted with the aim of recognizing individuals of exceptional wisdom and merit within the Buddhist religion, promoting the highest level of the Dhamma, and identifying and honoring those who have mastered the recitation of the Three Pitakas. Since its inception in Myanmar Era 1310, and over the period from 1948 to 2026, a total of 18 monks have been awarded the titles of Tipitaka Dhara and Tipitaka Kaowida. The 18th recipient emerging from the 78th Tipitaka Dhara and Tipitaka Kaowida selection examination is Ashin Wisittasara. It is reported that more monks will continue to be awarded the Tipitaka Dhara and Tipitaka Kaowida titles in the future.

100

# Iran's IRGC says 24 ships crossed Hormuz Strait in past 24 hrs

**Tehran May 29**

Iran's Islamic Revolution Guard Corps (IRGC) said on Friday 24 ships had transited the Strait of Hormuz within the past 24 hours in coordination with its Navy.

Making the remarks in a statement published on its official news outlet Sepah News, the IRGC said the vessels, including oil tankers and commercial ships, crossed the waterway after obtaining permission from and under the protection of its naval forces.

The IRGC said Iran is exercising smart control over the Strait of Hormuz with power, and will respond to any violation with "crushing blows."

Iran tightened its grip on the Strait of Hormuz beginning Feb. 28, when it barred safe passage of vessels belonging to or affiliated with Israel and the United States following joint strikes on Iranian territory.

Xinhua

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Pyithu Hluttaw Speaker U Khin Yi meets with Yangon Region Hluttaw speaker, deputy speaker, members of bill committee, legal affairs & special cases assessment commission



**Speaker of the Pyithu Hluttaw U Khin Yi meets Yangon Region Hluttaw speaker, deputy speaker, Hluttaw committee members and retired legal scholars.**

**Nay Pyi Taw May 29**

Speaker of the Pyithu Hluttaw U Khin Yi met with Speaker of Yangon Region Hluttaw U Htay Aung, Deputy Speaker U Kyaw Kyaw Soe, members of the Bill Committee and the Legal Affairs and Special Cases Assessment Commission and legal scholars (retired) at the Pearl Hall of Yangon Region Hlutaw this afternoon.

First, Speaker of Yangon Region Hluttaw U Htay Aung reported on formation of the legal affairs and special cases assessment commisstion and members of the commission introduced themselves to the Pyithu Hluttaw speaker.

Then, the Pyithu Hluttaw speaker said he was meeting with legal scholars of the Yangon Region Hluttaw to contribute to enactment of the law protecting the interests of the people and to make enactment of laws effective.

He was always thinking about holding talks with legal scholars, who were urged to make recommendations to amend, add to or replace existing law that were not relevant to the times and on enacting new laws that catch up with the times. Concerted efforts must be made to enable the public to live peacefully and safely and to be prosperous. In regional and international relations, it was necessary to enact laws to protect the national interests. Priority was given to enact the law combating online scams, which reflected the current situation of the State, as soon as possible. He, therefore, urged legal scholars to discuss recommendations for the law.

Afterward, the speaker and deputy speaker of Yangon Region Hluttaw, members of the bill committee and legal affairs special cases assessment commission and legal scholars (retired) held relevant discussions and the speaker of the Pyithu Hluttaw made concluding remarks on their discussions.

Then, Pyithu Hluttaw Speaker U Khin Yi cordially greeted Hluttaw representatives who were taking part in the planning, budget and monetary management workshop at the training hall of Yangon Region Hluttaw. 100

# Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) General Kyaw Swa Lin inspects training schools, local regiments and units in Bahtoo Cantonment, comforts those receiving medical treatment at Tatmadaw hospital



**General Kyaw Swa Lin observes medical equipment at the Tatmadaw Hospital in Bahtoo Cantonment.**



**General Kyaw Swa Lin observes the display of samples of crop seeds.**

**Nay Pyi Taw May 29**

Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) General Kyaw Swa Lin, accompanied by senior military officers from the Office of the Commander-in-Chief, the commander of the Eastern Command and officials, inspected training schools, local regiments and units, and the Tatmadaw hospital in Bahtoo Cantonment today.

At the trainee mess hall of the Tatmadaw (Army) Warrant Officer and Non-Commissioner Training School in Bahtoo Cantonment, the General inspected the storage of rations, meat, fish and vegetables at the stores, cooking process, and meal preparations. The General gave instructions on spraying for prevention of mosquito and flies in order to ensure the healthy conditions at the mess halls, systematically keeping rations neat and tidy, growing crops plantations of the mess halls, and providing nutritious meals for trainees under the set rates. The General cordially greeted the People's Military Servant trainees.

The General inspected the training sessions in the compound of the training school, hostels, lecture halls and the booth of the Tatmadaw (Army) Officer Training School (Bahtoo).

In the afternoon, the General and party had the lunch together with trainees from the infantry commanding officer course at Myawady Mess Hall of the Tatmadaw (Army) Combat Forces Training School and cordially greeted them. *See Page 14*

# Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) General Kyaw Swa Lin meets officers, other ranks and families of Bahtoo Station



General Kyaw Swa Lin meets officers, other ranks and families of Bahtoo Station.

**Nay Pyi Taw May 29**

Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) General Kyaw Swa Lin, accompanied by wife Daw Nang Kuu Ku, senior military officers from the Office of the Commander-in-Chief and wives, the Eastern Command commander and officials, met officers, other ranks and families of Bahtoo Station at Aung San Hall this afternoon.

In his speech, the General expressed pleasure and honour to meet officers, other ranks and families of Bahtoo garrison town that is generating good human resources, vital for the Tatmadaw. He said he recognized the dedication of the instructors of the training schools of the Bahtoo Station.

Geographically, Myanmar is located between the two powers that are practicing different political systems. After the country regained independence, armed insurgency broke out resulting from disagreements based on political and racial issues. The Tatmadaw successfully crushed the armed insurgency together with the people.

Region-wise terrorist groups with different names including PDF terrorist group, a puppet of the illegal forced groups, CRPH and NUG, came into existence in the late 2021 due to the instigation of internal and external organizations and destructive media, which are against peace and stability, by taking differences in political views as an opportunity. The terrorist acts of PDF and certain EAOs were harming peace and stability, rule of law and regional development in ethnic areas. Taking advantage of the situation, some EAOs were trying to extend territory. In this regard, the Tatmadaw in cooperation with families of units and battalions, members of Myanmar Police Force, and the people who want peace and stability, took area security measures with might and main, and finally, restored peace and stability in the areas.

It is the duty of the Tatmadaw to ensure national peace and stability, the main requirements for steering the country firmly towards the well-disciplined multiparty democracy, and building a Union based on democracy and federalism. Hence, through individual efforts, the Tatmadaw must always be the one that has full combat capability and combat readiness and that wins the trust and reliance of the people.

Training schools should systematically bring about soldiers with combat capability and combat readiness for the Tatmadaw. As the training schools in Bahtoo Station are producing human resources for the Tatmadaw, instructors should do their job with goodwill and all-out efforts. In accord with the virtues of a teacher, instructors must have loving-kindness, compassion, and sincerity in providing trainings and admonishing the traineeswith full love and dedication. Instructors must be well versed in the subjects they are teaching.

Soldiers must never get involved in transporting, trafficking abusing narcotic drugs, that can terminate the human race, and any involvement in one of the said illegal activities will be met with severe punishment.

He stated that physical fitness is important to ensure that daily duties and responsibilities are not neglected. He added that since one can only work when healthy and fit, it is necessary to avoid drinking alcohol, which can affect health, and to consistently engage in daily physical activities. He noted that only then, with physical and mental well-being, can one successfully handle and overcome various duties and challenges with a strong body and a resilient mind. He further mentioned that to perform national defence and security duties, individuals must train to remain physically strong and fit, and performing one's individual daily responsibilities correctly is a form of training.

Also, he stated that personnel and family members need to be loyal to the State and the Tatmadaw. He added that since the time independence was gained, the Tatmadaw has protected the State from collapsing by sacrificing much life, blood, and sweat. He noted that our Tatmadaw must continue to maintain the fine historical traditions of standing firmly and defending at the absolute forefront against various difficulties encountered in the State throughout successive governments and eras. He further mentioned that as our personnel are those who bear the Four Oaths upon their heads, they must remain loyal to the State and the Tatmadaw.

He then stated that as supportive family members of military personnel, they also need to behave so as to be good partners for their own benefit, family benefit, and organizational benefit. He added that moreover, family members will be able to create welfare by balancing their income and expenditure, and they need to distinguish between necessary expenses and wasteful spending to ensure a balance between income and expenditure. He noted that as the Bahtoo region has a fertile soil type for cultivation, they need to strive to engage in small-scale agriculture and livestock farming. He further mentioned that only then will it greatly contribute to their welfare.

Regarding education, he stated that the Head of State places special emphasis on and encourages education, and serious attention is being paid to compulsory education up to KG+9 for every school-aged child, so as the only inheritance that military personnel and family members can give to their children is education, they need to place emphasis on making them educated.

Following the meeting, General Kyaw Swa Lin presented foodstuffs for the officers, soldiers, and family members of the station, which were accepted by the station commander. Similarly, the General's wife presented cash awards for the station's Maternal and Child Welfare Association, which were accepted by responsible officials. Afterwards, General Kyaw Swa Lin and party cordially greeted the officers, soldiers, and family members in attendance at the meeting, according to reports.

100

---

*From Page 13*

The General also inspected the Animal Husbandry and Training Battalion in Bahtoo Cantonment. At the battalion office, the commanding officer reported to the General on the implementation of the assigned duties, and progrss of the model agriculture and livestock zone. The General instructed officials to strive to achieve acutal success in operating the agriculture and livestock activities, and initiate the agriculture and livestock zone as a model in the region, and other measures.

The General observed the display of quality seeds of crops and viewed round thriving seasonal crops in the green house at the compound of the battalion, the packaging process of quality seeds of vegetablessuch as ladyfinger, pumpkin, roselle, beans, gourd, mustard, radish and eggplant in the seed packaging room, and the storage of seeds at the store. The General asked what he wanted to know and coordinated necessary measures with officials.

General Kyaw Swa Lin, together with his wife Daw Nang Kuu Ku, senior military officers from the Office of the Commander-in-Chief and their wives, the commander of the Eastern Command officials, visited the Tatmadaw Hospital in Bahtoo Cantonment where they were welcomed by the commandant, specialists, medical officers and officials.

The General and party cordially individually inquired the officers, other ranks and families about their illness, medical treatment, and progress in health recovery, and presented food items to them at the local hospital in Bahtoo Cantonment.

The General viewed the Portable Digital Dental X-ray machine provided by the Head of State and the CT Scan which can examine patient's inner organs through the computerization process for officers, other ranks, families and local people.

Daw Nang Kuu Ku, the wife of the General, and party visited the Maternal and Child Care Ward where they comforted the patients receiving medical treatment and presented foodstuffs.

The General and party inspected the local regiments and units by car and cordially greeted officers, other ranks and families. The General coordinated the reports of Tatmadaw members and families with officials and presented foodstuffs and cash awards.

100

# Three more illegal 4-story residential buildings used for online gambling fraud in Shwe Kokko region systematically demolished; 15 illegal buildings already destroyed

Before demolition.



After demolition.



An illegal building in the Shwe Kokko area, Myawady District, Kayin State, used for online gambling operations, destroyed by machinery.

Before demolition.



After demolition.



An illegal building in the Shwe Kokko area, Myawady District, Kayin State, used for online gambling operations, destroyed by machinery.

**Nay Pyi Taw May 29**

The government has been systematically demolishing illegal buildings in Shwe Kokko and KK Park regions, where online gambling fraud operations were most rampant, to prevent such activities from continuing. Joint task forces have been clearing these areas, destroying confiscated equipment used in operations, and permanently demolishing illegal structures to prevent future crimes. Today, three additional illegal 4-story residential buildings in the Shwe Kokko region were systematically demolished.

Out of 77 buildings used for online gambling fraud in Shwe Kokko, 57 are designated for demolition using machinery, and 20 for demolition by explosives, with destruction carried out systematically by building type.

Today, three of the 57 buildings scheduled for machine demolition—specifically, three 4-story residential buildings—were systematically destroyed using vehicles and machinery. To date, a total of 15 buildings have been demolished, and the remaining 62 illegal buildings will continue to be systematically destroyed.

The government views the fight against online gambling fraud which poses a danger to neighboring countries and the world as a national duty. To ensure these operations cannot take root in Myanmar, authorities are actively coordinating with both domestic forces and neighboring governments. 100

# All plantations of Bocade bean harvested in Wakema Township

**Wakema May 29**

Local farmers have harvested all plantations of Bocade bean in Wakema Township of Ayeyawady Region, said Daw Khin Htay Myint, the head of Myaungmya District Agriculture Department.

During the winter crop growing season, farmers in Wakema Township were able to cultivate 5,059 acres of Bocade bean crops. The cultivated Bocade beans have now been harvested, and as of today, all 5,059 targeted acres have been completely harvested, with an average yield of up to 17.37 baskets per acre.

"During the winter cropping season, more than 5,000 acres of Bocade beans were targeted for cultivation. In some areas, farmers selected and planted high-quality certified seeds. The Department of Agriculture provided agricultural technical assistance to ensure that winter crops could be cultivated without difficulties. To protect winter crops from pests and diseases and to achieve good yields, we cooperated with local farmers in carrying out the necessary measures. At a time when the prices of fertilizers and pesticides are rising, we have also been conducting awareness and technical training programs to help farmers use these inputs systematically and avoid unnecessary waste," said Daw Khin Htay Myint.

In Myaungmya Township, the Department of Agriculture has been working closely with local farmers to ensure that winter Bocade bean cultivation can be carried out systematically and without difficulties according to the targeted acreage. The department has also been conducting field-based farmer education activities to promote good agricultural practices, improve crop yields and quality, and prevent pest and disease outbreaks.

Kyaw Kyaw Lin

# Hungary secures release of 16.4 bln euros in EU funds, PM says

**Brussels May 29**

Hungarian Prime Minister Peter Magyar announced on Friday that Hungary had reached a political agreement with the European Union on the release of 16.4 billion euros (19.1 billion U.S. dollars) in previously frozen EU funds.

The agreement was reached following talks with European Commission President Ursula von der Leyen in Brussels and would unlock approximately 6,000 billion forints in EU resources, equivalent to about 13 percent of Hungary's gross domestic product, Magyar said.

He added that Hungary had fulfilled, and in some areas exceeded, the requirements expected by Brussels, citing the country's decision to join the European Public Prosecutor's Office (EPPO), a step that had not been among the formal conditions for accessing the funds.

The Hungarian prime minister traveled to the Belgian capital on Thursday for negotiations with NATO Secretary General Mark Rutte, Belgian and EU officials, and finally von der Leyen to announce a political settlement concerning EU funds that had been withheld from Hungary.

Xinhua

# Eurasian Economic Forum focuses on AI application

**Astana May 29**

The fifth Eurasian Economic Forum opened here Thursday to explore the role of digital technologies and artificial intelligence (AI) in promoting sustainable economic development.

The two-day forum, themed "The Eurasian Economic Union in the Global Digital Race: Betting on Artificial Intelligence," focuses on AI application in customs regulation, transport and logistics, industrial production and product quality control.

Kazakh President Kassym-Jomart Tokayev, Russian President Vladimir Putin, Belarusian President Alexander Lukashenko and Kyrgyz President Sadyr Japarov addressed the forum's plenary session on Thursday.

Russia, with such advantages as scientific expertise, qualified personnel, strong educational institutions, and energy resources necessary for large-scale AI infrastructure, is one of the few countries capable of creating sovereign AI platforms, said Putin, adding that the country is prepared for upcoming changes and will use them to accelerate economic growth.

Tokayev said analyses estimate that AI could contribute an additional 7 trillion U.S. dollars to global gross domestic product in the coming years, while around 40 percent of jobs worldwide may be affected by AI technologies.

Calling the Eurasian Economic Union (EAEU) an important participant in the world economy, he called on the union's member states to coordinate efforts, bridge the digital divide, seize the historic opportunities brought by AI, so as to strengthen their positions in the future global landscape. Xinhua

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း

## ဗထူးတပ်မြို့ရှိ သင်တန်းကျောင်းများ၊ နယ်မြေခံတပ်ရင်း၊တပ်ဖွဲ့များ လိုက်လံကြည့်ရှုစစ်ဆေး၊ တပ်မတော်ဆေးရုံတွင်တက်ရောက်ကုသနေသူများကို ကြည့်ရှုအားပေး



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း သင်တန်းသားစားရိပ်သာတွင် သင်တန်းသားများကိုကျွေးမွေးရန် ပြင်ဆင်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း(ဗထူး)၌ ခြေလျင်တပ်ရင်းမှူးသင်တန်းမှ သင်တန်းသားများနှင့်အတူ နေ့လယ်စာအတူတကွသုံးဆောင်စဉ်။

**နေပြည်တော် မေ ၂၉**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းသည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့တွင် ဗထူးတပ်မြို့ရှိ သင်တန်းကျောင်းများ၊ နယ်မြေခံတပ်ရင်း၊တပ်ဖွဲ့များနှင့် တပ်မတော်ဆေးရုံတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အဖွဲ့ဝင်များသည် ဗထူးတပ်မြို့ရှိ တပ်မတော်(ကြည်း) အရာခံ/အကြပ်ကြီးသင်ကျောင်းရှိ သင်တန်းသားစားရိပ်သာသို့ ရောက်ရှိပြီး ရိက္ခာ၊ အသား၊ငါးနှင့် ဟင်းသီးဟင်းရွက်များကို စတိုခန်းများအတွင်းထားရှိမှုအခြေအနေများ၊ ချက်ပြုတ်နေမှုနှင့် ကျွေးမွေးရန် ပြင်ဆင်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး စားရိပ်သာများအတွင်း ကျန်းမာရေးနှင့် ညီညွတ်စေရေးအတွက် ခြင်ယင်များမရှိစေရန် ဆေးဖျန်းခြင်းများဆောင်ရွက်ရန်၊ စတိုအတွင်း ရိက္ခာများကိုသန့်ရှင်းသပ်ရပ်စွာဖြင့် စနစ်တကျထားရှိရန်၊ရိပ်သာစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးရန်၊ ချက်ပြုတ်ကျွေးမွေးရာတွင် သတ်မှတ်နှုန်းထားများအတိုင်း အာဟာရပြည့်မီစွာဖြင့် ကျွေးမွေးနိုင်ရေး စေတနာထားဆောင်ရွက်ရန်တို့မှာကြားပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းသားများကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် သင်တန်းကျောင်းဝင်းအတွင်း လေ့ကျင့်ရေးပိုင်းဆိုင်ရာ ဆောင်ရွက်နေမှုများ၊ အိပ်ဆောင်များ၊ စာသင်ဆောင်များနှင့် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (ဗထူး)ပြခန်းတွင်း ခင်းကျင်းပြသထားမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

နေ့လယ်ပိုင်းတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း(ဗထူး) မြဝတီစားရိပ်သာတွင် ခြေလျင်တပ်ရင်းမှူးသင်တန်းမှ သင်တန်းသားများနှင့်အတူ နေ့လယ်စာကို အတူတကွသုံးဆောင်ကြပြီး သင်တန်းသားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ဗထူးတပ်မြို့ရှိ တိရစ္ဆာန်မွေးမြူရေးနှင့် လေ့ကျင့်ရေးတပ်ရင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ တပ်ရင်းရုံး၌ တပ်ရင်းမှူးက ရည်မှန်းချက်တာဝန်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုနှင့် စံပြစိုက်ပျိုးမွေးမြူရေးဇုန်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အမှန်တကယ် အောင်မြင်ဖြစ်ထွန်းအောင် လုပ်ဆောင်ကြရန်၊ စံပြစိုက်ပျိုးမွေးမြူရေးဇုန်ဖြစ်သည်နှင့်အညီ ဒေသတွင်းစံပြဖြစ်အောင်ဆောင်ရွက်ရန်နှင့် အခြားလိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အဖွဲ့ဝင်များသည် မျိုးစေ့များ ခင်းကျင်းပြသထားမှုကိုကြည့်ရှုကြပြီး တိရစ္ဆာန်မွေးမြူရေးနှင့် လေ့ကျင့်ရေးတပ်ရင်းရှိ Green House အတွင်း ရာသီသီးနှံများစိုက်ပျိုးထားရှိမှု၊ မျိုးစေ့ထုပ်ပိုးခန်းအတွင်း ရုံးပတီ၊ ခွေဖရုံ၊ ချဉ်ပေါင်၊ တိုင်ထောင်ပဲ၊ဘူး၊ မုန်ညင်း၊ မုန်လာဥ၊ ခရမ်းတို့ကို မျိုးကောင်းမျိုးသန့်များအဖြစ် အဆင့်ဆင့်မျိုးစေ့များထုပ်ပိုးနေမှု၊သိုလှောင်ခန်းအတွင်း မျိုးစေ့များသိုလှောင်ထားရှိမှုများလိုက်လံကြည့်ရှုစစ်ဆေးပြီး သိရှိလိုသည်များ မေးမြန်းဆွေးနွေးကာ လိုအပ်သည်များ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းသည် ဇနီး ဒေါ်နန်းကူးကူး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်

### ❖ တွန်းဇံမြို့မှအဆက်

ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် နိုင်ငံတော်အစိုးရက ထောက်ပံ့ပေးအပ်သည့် လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်များနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို အဆိုပါမြို့များအရောက်ပို့ဆောင်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ အကြမ်းဖက်သမားများဖျက်ဆီးခဲ့မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရသည့် ဆေးရုံများ၊ စာသင်ကျောင်းများ၊ အစိုးရရုံးဌာနများနှင့် ဘာသာရေးဆိုင်ရာအဆောက်အအုံများ၊ လမ်းတံတားများကို အမြန်ဆုံးပြန်လည်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လိုအပ်သည့် ဘိလပ်မြေ၊ သွပ်၊ သွပ်ရိုက်သံအစရှိသည့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ဒေသခံပြည်သူများအတွက် လူသုံးကုန်ပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ကျန်းမာရေးသုံးပစ္စည်းများတင်ဆောင်လာသည့် မော်တော်ယာဉ်သည် ယနေ့တွင် ချင်းပြည်နယ် တီးတိန်မြို့မှတစ်ဆင့် တွန်းဇံမြို့သို့ရောက်ရှိကြောင်း သိရသည်။



ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်မည့် ချင်းပြည်နယ် တွန်းဇံမြို့သို့ လုပ်ငန်းသုံးပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ ရောက်ရှိလာရာ တာဝန်ရှိသူများက ဒေသခံပြည်သူများထံ ဆက်လက်ဖြန့်ဝေပေးစဉ်။



ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်မည့် ချင်းပြည်နယ် တွန်းဇံမြို့သို့ လုပ်ငန်းသုံးပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ မော်တော်ယာဉ်များဖြင့် ရောက်ရှိလာစဉ်။

အဆိုပါ နိုင်ငံတော်အစိုးရကထောက်ပံ့ပေးအပ်သည့် လူသုံးကုန်ပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်များကို မေ ၂၅ ရက်တွင် နေပြည်တော်နှင့်မန္တလေးမြို့တို့မှ တပ်မတော်လေယာဉ်များဖြင့် ကလေးမြို့သို့လည်းကောင်း၊ မေ ၂၆ ရက်တွင် ကလေးမြို့မှတစ်ဆင့် မော်တော်ယာဉ်များဖြင့် ဖလမ်းမြို့သို့လည်းကောင်း၊ မေ ၂၇ ရက်တွင် ကလေးမြို့မှတစ်ဆင့် မော်တော်ယာဉ်များဖြင့် တီးတိန်မြို့သို့ လည်းကောင်း၊ ယနေ့ မေ ၂၉ ရက်တွင် တီးတိန်မြို့မှ တွန်းဇံမြို့သို့လည်းကောင်း အသီးသီးပို့ဆောင်ရောက်ရှိခဲ့ကြောင်း သိရသည်။

အဆိုပါမော်တော်ယာဉ်များဖြင့်ရောက်ရှိလာသည့် ကုန်ပစ္စည်းများကို သက်ဆိုင်ရာတာဝန်ရှိသူများကလက်ခံရယူခဲ့ကြပြီး ဒေသခံပြည်သူများ၏လက်ဝယ်အရောက်ဆက်လက်ဖြန့်ဝေပေးအပ်ခဲ့ကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် ဒေသ၏လိုအပ်ချက်အပေါ်မူတည်၍ ဖြည့်ဆည်းပေးနိုင်ရေး စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။ (၅၀၁)



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း ဗထူးတပ်မြို့ရှိ တိရစ္ဆာန်မွေးမြူရေးနှင့် လေ့ကျင့်ရေးတပ်ရင်း၌ မျိုးစေ့များခင်းကျင်းပြသထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့်ဇနီး ဒေါ်နန်းကူးကူ နယ်မြေခံတပ်ရင်း၊တပ်ဖွဲ့များရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့်တွေ့ဆုံ၍ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစကားပြောကြားစဉ်။

တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဗထူးတပ်မြို့ရှိ တပ်မတော်ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံတပ်မှူး၊ တပ်မတော်ပါရဂူများနှင့် ဆေးမှူးများ၊ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ဎင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့်အဖွဲ့ဝင်များသည် ဗထူးတပ်မြို့ နယ်မြေခံဆေးရုံတွင် ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ၏တစ်ဦးချင်းရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှု၊ ကျန်းမာရေးတိုးတက်ကောင်းမွန်လာမှုအခြေအနေများကို တစ်ဦးချင်းရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့်အဖွဲ့ဝင်များသည် နိုင်ငံတော်အကြီးအကဲက ဖြည့်ဆည်းပေးထားသည့် Portable Digital Dental သွားဓာတ်မှန်စက်နှင့် တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့်ဒေသခံပြည်သူများအတွက် ကွန်ပျူတာဖြင့် ခန္ဓာကိုယ်အတွင်းပိုင်းကို အလွှာလိုက်



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း ဗထူးတပ်မြို့ရှိ တပ်မတော်ဆေးရုံ၌ ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း၏ဇနီး ဒေါ်နန်းကူးကူ ဗထူးတပ်မြို့ရှိ တပ်မတော်ဆေးရုံ၌ ဆေးကုသမှုခံယူနေသည့်ကလေးငယ်တစ်ဦးကို စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

ဓာတ်မှန်ရိုက်စစ်ဆေးနိုင်သည့် CT Scan စက်အသစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အလားတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ဇနီး ဒေါ်နန်းကူးကူနှင့်အဖွဲ့ဝင်များသည် အမျိုးသမီးနှင့် ကလေးကုသဆောင်သို့သွားရောက်၍ ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် လူနာများကို လိုက်လံကြည့်ရှုအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်ကြသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့် အဖွဲ့ဝင်များသည် နယ်မြေခံတပ်ရင်း၊ တပ်ဖွဲ့များကို မော်တော်ယာဉ်များဖြင့် လိုက်လံကြည့်ရှုစစ်ဆေးပြီး အရာရှိ၊စစ်သည်၊ မိသားစုဝင်များနှင့်တွေ့ဆုံ၍ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစကားပြောကြားကာ တင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

## ယာဉ်အို၊ ယာဉ်ဟောင်းများ ပယ်ဖျက်ရေးနှင့် အစားထိုးလျှပ်စစ်သုံးယာဉ်များ တင်သွင်းရေး အသိပေးကြေညာချက်

မော်တော်ယာဉ်များထုတ်လုပ်ခဲ့သည့်ခုနှစ်ကြာမြင့်ပြီး အိုမင်းဟောင်းနွမ်းသော မော်တော်ယာဉ်များသည် စက်သုံးဆီပိုမိုသုံးစွဲရ ခြင်းကြောင့် ပြည်သူ့ဘဏ္ဍာငွေများလေလွင့်မှုဖြစ်ခြင်း၊ ယာဉ်များ၏ကြံ့ခိုင်မှုအားနည်းခြင်းသည် ယာဉ်မတော်တဆမှုများဖြစ်ပေါ် ခြင်း၊ ယာဉ်မှပိုမိုထွက်သောမီးခိုးငွေ့များသည် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးစေခြင်းတို့ကို ဖြစ်ပေါ်စေသောကြောင့် ထုတ်လုပ်သည့်ခုနှစ်မှ သက်တမ်းနှစ် ၂၀ ကျော်လွန်ယာဉ်များ၊ မော်တော်ယာဉ်ကို အန္တရာယ်ကင်းရှင်းစွာမောင်းနှင်ရန် ပြင်ဆင်၍ မရနိုင်သည့်ယာဉ်များနှင့် ထုတ်လုပ်သည့်ခုနှစ်မှ သက်တမ်းနှစ် ၂၀ မကျော်သော်လည်း မိမိဆန္ဒအရ အပ်နှံလိုသည့်ယာဉ်များကို အပ်နှံယာဉ်၏တန်ဖိုးနှင့်အညီ လျှပ်စစ်သုံးယာဉ်(EV)ယာဉ်များကို အစားထိုးလဲလှယ်နိုင်ရေးဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

ယာဉ်အို၊ယာဉ်ဟောင်းအပ်နှံမှုအတွက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ထုတ်ပေးသည့် ဖျက်သိမ်းယာဉ်ထောက်ခံ ချက်ပုံစံ(ဃ)တင်ပြပါက အပ်နှံသည့်ယာဉ်အမျိုးအစားအလိုက် သင့်လျော်သော လျှပ်စစ်သုံးယာဉ်(EV)တစ်စီးကို အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီကစိစစ်၍ အစားထိုးတင်သွင်းခွင့်ပြုမည်ဖြစ်ပြီး ကျသင့်မည့်နိုင်ငံခြားငွေများကိုလည်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က သင့်တင့်သောဈေးနှုန်းဖြင့် ရောင်းချပေးသွားမည်ဖြစ်ပါသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

## လူမှုရေးပင်စင်ထောက်ပံ့ခြင်းအစီအစဉ် အသိပေးနှိုးဆော်ခြင်း

၁၉၄၁ ခုနှစ် ဧပြီ ၁ ရက်(၁၃၀၂ ခုနှစ် ဦးတန်ခူးလဆန်း ၆ ရက်) မတိုင်မီမွေးဖွားခဲ့သည့် အသက် ၈၅ နှစ်ပြည့်ပြီးသော သက်ကြီးပုဂ္ဂိုလ်များအနေဖြင့် လူမှုရေးပင်စင်အစီအစဉ်တွင် အကျိုးခံစားခွင့်ရရှိရန် သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး သို့မဟုတ် နီးစပ်ရာ လူမှုဝန်ထမ်းရုံးများသို့ ၃၁-၅-၂၀၂၆ ရက် နောက်ဆုံးထားပြီး စာရင်းပေးသွင်းနိုင်ပါသည်။

၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် အကျိုးခံစားခွင့်ရှိသူများကို သုံးလပတ် နှစ်ကြိမ်ခြောက်လစာထောက်ပံ့သွားမည်ဖြစ်ပါကြောင်းနှင့် ယခုနှစ်မှစတင်ပြီး ဖုန်းသို့ငွေလွှဲခြင်းဖြင့် ထောက်ပံ့မည်ဖြစ်ပါ၍ ထုတ်ယူလိုသည့် ငွေလွှဲဝန်ဆောင်မှုများကို မိမိတို့၏လက်ကိုင်ဖုန်းများတွင် ဖွင့်လှစ်ထားပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ထောက်ပံ့ခြင်းအစီအစဉ်နှင့်ပတ်သက်၍ သိရှိလိုသည်များကို လူမှုဝန်ထမ်းဦးစီးဌာန Help Line ဖုန်းနံပါတ် 1566၊ 09-889900033 သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)






ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း ဗထူးတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

☆ ကျောဖုံးမှအဆက်

စေတနာထား လေ့ကျင့်သင်ကြားပေးမှုများကို အသိအမှတ်ပြုပါကြောင်း။

မိမိတို့နိုင်ငံသည် ပထဝီအနေအထားအရ မတူညီသည့် နိုင်ငံရေးစနစ်များ ကျင့်သုံးကြသည့် အင်အားကြီးနိုင်ငံနှစ်ခုအကြားတွင်တည်ရှိကြောင်း၊ လွတ်လပ်ရေးရပြီးချိန်တွင် နိုင်ငံရေး၊ လူမျိုးရေးကိုအကြောင်းပြု၍ သဘောထားကွဲလွဲမှုများဖြစ်ပေါ်လာပြီး လက်နက်ကိုင်သောင်းကျန်းမှုများပေါ်ပေါက်ခဲ့ကြောင်း၊ အဆိုပါလက်နက်ကိုင် သောင်းကျန်းမှုများကို တပ်မတော်အနေဖြင့် ပြည်သူလူထုနှင့်လက်တွဲ၍ အောင်မြင်စွာတွန်းလှန်တိုက်ထုတ်နိုင်ခဲ့ကြောင်း။

၂၀၂၁ ခုနှစ် နောက်ပိုင်းကာလများတွင် နိုင်ငံရေးအမြင်ကွဲလွဲမှုအပေါ် အခွင့်ကောင်းယူကာ တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှအဖွဲ့အစည်းများ၊ ပြည်ဖျက်မီဒီယာများ၏ သွေးထိုးလှုံ့ဆော်မှုများကြောင့် တရားမဝင်ဖွဲ့စည်းထားသည့် CRPH နှင့် NUGတို့၏ လက်ဝေခံPDF အမည်ခံအကြမ်းဖက်အဖွဲ့ အပါအဝင်အကြမ်းဖက်အဖွဲ့များသည် ဒေသအလိုက်အမည်အမျိုးမျိုးဖြင့် ပေါ်ပေါက်လာခဲ့ပြီး PDF အမည်ခံအကြမ်းဖက်အဖွဲ့နှင့် အချို့သော EAO အဖွဲ့များ၏ အကြမ်းဖက်လုပ်ဆောင်မှုများကြောင့် အချို့ဒေသများ၌ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့ကို ထိခိုက်စေလျက်ရှိပြီး အချို့သော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအနေဖြင့်လည်း အဆိုပါအခြေအနေကို အခွင့်ကောင်းရယူပြီး နယ်မြေချဲ့ထွင်မှုများ ကြိုးပမ်းဆောင်ရွက်နေသည့်အတွက် တပ်မတော်အနေဖြင့် တပ်ရင်းတပ်ဖွဲ့များရှိ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ တည်ငြိမ်အေးချမ်းရေးကိုလိုလားသည့် ပြည်သူလူထုများနှင့်အတူ တကွပူးပေါင်း၍ နယ်မြေလုံခြုံရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် နယ်မြေဒေသများ တည်ငြိမ်အေးချမ်းလာခဲ့ကြောင်း။

**စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် လမ်းကြောင်းပေါ်တွင် ခိုင်မာစွာ လျှောက်လှမ်းနိုင်ရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် အဓိကလိုအပ်သည့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို တပ်မတော်က ကြိုးပမ်း ထမ်းဆောင်ရမည်ဖြစ်သည့်အတွက် တိုက်စွမ်းရည်၊ တိုက်စွမ်းအားပြည့်ဝသော ပြည်သူကအားကိုးယုံကြည်ရသည့် တပ်မတော်ဖြစ်အောင် မိမိတို့ကိုယ်စီ အစဉ်ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။**




ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း ဗထူးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများပေးအပ်ရာ တပ်နယ်မှူးက လက်ခံရယူစဉ်။




ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၏ဇနီး ဒေါ်နန်းကူးကူ ဗထူးတပ်နယ်ရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူစဉ်။

တပ်မတော်အတွက် စွမ်းရည်၊ စွမ်းအားပြည့်ဝသည့် တပ်မတော်သားများပေါ်ထွန်းလာစေရေး လေ့ကျင့်ရေးသင်တန်းကျောင်းများက စနစ်တကျဖြင့် သင်ကြားမွေးထုတ်ပေးကြရမည်ဖြစ်ကြောင်း၊ ဗထူးတပ်နယ်ရှိ လေ့ကျင့်ရေးကျောင်းများသည် တပ်မတော်အတွက်လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်ပေးနေသဖြင့် နည်းပြများကလည်း စေတနာထား၍အပြည့်အဝ သင်ကြားပေးရမည်ဖြစ်ကြောင်း၊သင်ကြားပြသပေးရာတွင် **“ရှေးရှုမေတ္တာ ကရုဏာနှင့် နာနာကျင်ကျင် အပြစ်မြင်တိုင်း ဝမ်းတွင်းမသို ဟုတ်တိုင်းဆို၍ ကျိုးလိုစိတ်က ဆုံးမတတ်သူ ဆရာဟူလော့”**ဆိုသည့်အတိုင်း မေတ္တာ၊ စေတနာအပြည့်ဖြင့် သင်ကြားပေးစေလိုကြောင်း၊ နည်းပြများအနေဖြင့်လည်း မိမိသင်ကြားပေးရသည့် သက်ဆိုင်ရာ ဘာသာရပ်များအလိုက် ကျွမ်းကျင်ပိုင်နိုင်စွာ လေ့လာထားရမည်ဖြစ်ကြောင်း။

လူသားမျိုးနွယ်စုကို လူညွန့်တုံးစေသည့် မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ သယ်ဆောင်ခြင်း၊ ရောင်းဝယ်ခြင်း၊ သုံးစွဲခြင်းများတွင် ပါဝင်ပတ်သက်ခြင်းမရှိစေရေး အလေးထားဆောင်ရွက်ကြရန်နှင့် ပါဝင်ပတ်သက်ခြင်းရှိပါက ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

နေ့စဉ်ဆောင်ရွက်နေသည့် လုပ်ငန်းတာဝန်များ လစ်ဟင်းမှုမရှိစေရန်မှာ ကျန်းမာကြံ့ခိုင်ရေးသည် အရေးကြီးကြောင်း၊ ကျန်းမာကြံ့ခိုင်မှ အလုပ်လုပ်နိုင်မည်ဖြစ်သဖြင့် ကျန်းမာရေးကိုထိခိုက်စေနိုင်သည့် အရက်သေစာသောက်စားခြင်းများကို ရှောင်ကြဉ်ရန်လိုကြောင်း၊ နေ့စဉ်ကိုယ်လက်လှုပ်ရှားမှုများကိုလည်း အမြဲမပြတ် လုပ်ဆောင်သွားကြရန်လိုကြောင်း၊ သို့မှသာ ကိုယ်ကျန်းမာစိတ်ချမ်းသာဖြင့် လုပ်ငန်းတာဝန်များနှင့် စိန်ခေါ်မှုအမျိုးမျိုးကို ကိုယ်ခန္ဓာကြံ့ခိုင်မှု၊ စိတ်ဓာတ်ကြံ့ခိုင်မှုတို့ဖြင့် အောင်မြင်စွာဖြေရှင်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် တစ်ဦးတစ်ယောက်ချင်းစီအလိုက် ကြံ့ခိုင်သန်စွမ်းမှုရှိစေရေး လေ့ကျင့်နေရမည်ဖြစ်ပြီး မိမိတို့တစ်ဦးချင်း နေ့စဉ်လုပ်ဆောင်ရမည့်တာဝန်များကို မှန်မှန်ကန်ကန်လုပ်ဆောင်နေခြင်းသည် လေ့ကျင့်နေခြင်းပင်ဖြစ်ကြောင်း။

တပ်မတော်သားများနှင့် မိသားစုဝင်များအနေဖြင့် နိုင်ငံတော်နှင့် တပ်မတော်အပေါ် သစ္စာရှိရန်လိုကြောင်း၊ တပ်မတော်သည် လွတ်လပ်ရေးရပြီးချိန်မှစ၍ နိုင်ငံတော်မပြိုကွဲရေးအတွက် အသက်သွေးချွေးများစွာပေးဆပ်၍ ကာကွယ်စောင့်ရှောက်ခဲ့ကြောင်း၊ မိမိတို့တပ်မတော်သည် နိုင်ငံတော်၌ကြုံတွေ့လာသောအခက်အခဲအမျိုးမျိုးကို အစိုးရအဆက်ဆက်၊ ခေတ်အဆက်ဆက်ရှေ့ဆုံးက မားမားမတ်မတ်ရပ်တည်ကာကွယ်ခဲ့သည့် ကောင်းမြတ်သောအတိတ်သမိုင်းကြောင်း အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားကြရန် လိုကြောင်း၊ မိမိတို့တပ်မတော်သားများသည် သစ္စာလေးချက် ဦးထိပ်ပန်ဆင်ကြသူများဖြစ်သည်နှင့်အညီ နိုင်ငံတော်နှင့် တပ်မတော်အပေါ် သစ္စာရှိကြရန်လိုကြောင်း။

တပ်မတော်သားများ၏ ပါရမီဖြည့်ဖက်မိသားစုဝင်များအနေဖြင့်လည်း မိမိအကျိုး၊မိသားစုအကျိုး၊မိမိအဖွဲ့အစည်းအကျိုးအတွက် ပါရမီဖြည့်ဖက်ကောင်းများဖြစ်အောင် ကျင့်ကြံနေထိုင်ကြရန်လိုကြောင်း၊ ထို့ပြင် မိသားစုဝင်များအနေဖြင့် မိမိတို့ရရှိသည့် ဝင်ငွေနှင့်ထွက်ငွေကို ညီညွတ်မျှတအောင်သုံးစွဲခြင်းဖြင့် သက်သာချောင်ချိမှုကို ဖန်တီးနိုင်မည်ဖြစ်ပြီး ဝင်ငွေနှင့်ထွက်ငွေမျှတမှုရှိစေရေး အသုံးနှင့်အဖြုန်းကို ခွဲခြားသိရှိအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ဗထူးဒေသသည် စိုက်ပျိုးဖြစ်ထွန်းသည့် မြေအမျိုးအစားဖြစ်သည့်အတွက် တစ်ပိုင်တစ်နိုင်စိုက်ပျိုးမွေးမြူရေးများကို ကြိုးစားဆောင်ရွက်ကြရန်လိုကြောင်း၊ သို့မှသာ မိမိတို့၏သက်သာချောင်ချိရေးအတွက် များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း။

ပညာရေးနှင့်ပတ်သက်၍ ပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲအနေဖြင့် ပညာရေးကို အထူးအလေးထားအားပေးလျက်ရှိပြီး ကျောင်းနေအရွယ်ကလေးငယ်တိုင်း KG+9 ထိ မသင်မနေရပညာသင်ကြားရေးကိစ္စရပ်များကို အလေးထားဆောင်ရွက်လျက်ရှိသဖြင့် တပ်မတော်သားမိသားစုဝင်များအနေဖြင့် မိမိတို့၏ သားသမီးများကိုပေးနိုင်သည့်အမွေသည် ပညာအမွေသာဖြစ်သည့်အတွက် ပညာတတ်များဖြစ်အောင် အလေးထားဆောင်ရွက်ပေးကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းက တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများပေးအပ်ရာ တပ်နယ်မှူးက လက်ခံရယူသည်။ အလားတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ ဇနီးက တပ်နယ်ရှိ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက်ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့် အဖွဲ့ဝင်များသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ မဟာထေရ်မြတ်မိန့်ကြားတော်မူအပ်သော သာရဏီယသြဝါဒကထာ

(၇၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲသို့ ဝင်ရောက်ပြန်ဆို ဖြေဆိုတော်မူခဲ့ကြပြီး အောင်မြင်တော်မူခဲ့ကြသည့် သာသနဝ္ဂအာဇာနည် အရှင်မြတ်များနှင့်တကွ ချီးကျူးပူဇော်ပွဲသို့ လာရောက်ဖူးမြော်ပူဇော်ကြသည့် ဒါယကာ ဒါယိကာမအပေါင်း သူတော်ကောင်းတို့အား အသက်ထက်ဆုံး အောက်မေ့ဖွယ်အမှတ်ရဖွယ်ဖြစ်သော သာရဏီယသြဝါဒကထာ မြွက်ကြားလိုသည်မှာ သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားရှင်သည်-

**"ဧကပုဂ္ဂလော ဘိက္ခဝေ လောကေ ဥပ္ပဇ္ဇမာနော ဥပ္ပဇ္ဇတိ ဗဟုဇနဟိတာယ ဗဟုဇနသုခါယ လောကာ နုကမ္ပာယ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ ကတမော ဧကပုဂ္ဂလော တထာဂတော အရဟံ သမ္မာသမ္ဗုဒ္ဓေါ"**အစရှိသည်ဖြင့် အင်္ဂုတ္တိုရ် ပဌမတွဲ၊ ဧကပုဂ္ဂလဝဂ်၊ စာမျက်နှာ(၂၁)၌ မိန့်ကြားတော်မူပါတယ်။

ရဟန်းတို့ လောက၌ တစ်ဦးတည်းသောပုဂ္ဂိုလ် ဖြစ်ပေါ်လာသည်ရှိသော် လူအများ အစီးအပွားအလို့ငှာ၊ လူအများချမ်းသာခြင်းငှာ လောကကို အစဉ်သနားစောင့်ရှောက်ခြင်းငှာ၊ နတ်လူတို့၏ အကျိုးများရန် အစီးအပွားများရန် ချမ်းသာဖို့ရန်အလို့ငှာ ဖြစ်တော်မူ၏။ တစ်ဦးတည်းသော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်းဟူမူ ပူဇော်အထူးကို ခံယူတော်မူထိုက်သော အလုံးစုံသောတရားတို့ကို မဖောက်မပြန် ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားပင်တည်း။

ဤလောကလူသား လူအများသည် ဆင်းရဲကို ဆင်းရဲမှန်းမသိ၊ ဆင်းရဲကြောင်း အလုပ်များကို လုပ်ကိုင်ဆောင်ရွက်နေကြသော်လည်း ဆင်းရဲကြောင်း အလုပ်များပဲဟု မသိမမြင်ကြပေ၊ ကုသိုလ် အကုသိုလ်ဟူ၍လည်း မကွဲပြားမသိမမြင်နိုင်ကြပေ။ လောကကြီးသည် မောဟအမှောင်ဖုံးနေသော အမိုက်တိုက်လောကကြီး ဖြစ်ပါသည်။ အဝိဇ္ဇာအမှောင်ထုကြီး ဖုံးလွှမ်းနေသောလောကကြီးထဲတွင် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး ပွင့်ထွန်းပေါ်ပေါက်လာသဖြင့်သာ ဤတရားက အပြစ်မရှိ ချမ်းသာသောအကျိုးတရားကိုပေးခြင်း လက္ခဏာရှိသော ကုသိုလ်တရားပဲ၊ ဤတရားက အပြစ်နှင့်တကွဖြစ်ပြီး ဆင်းရဲသော အကျိုးကိုပေးခြင်း လက္ခဏာရှိသော အကုသိုလ်တရားပဲ၊ ဤတရားက ဆောင်ရန်၊ ရှောင်ရန်၊ လိုက်နာရန်တရားပဲ စသည်ဖြင့် ဟောကြားတော်မူခဲ့ပါတယ်။

ထို့ပြင်လည်း ဤသဘောတရားများသည် ဧကန်စင်စစ် ဆင်းရဲသော တရား **"ဒုက္ခသစ္စာ"**ပဲ၊ ဤသဘောတရားသည် ဆင်းရဲကြောင်း အမှန်တရား **"သမုဒယသစ္စာ"**ပဲ၊ ဤသဘောတရားသည် ဆင်းရဲချုပ်ရာ ချမ်းသာမှန်တရား **"နိရောဓသစ္စာ"**ပဲ၊ ဤသဘောတရားသည် ဆင်းရဲချုပ်ရာ ချမ်းသာသို့ ဆိုက်ရောက်စေနိုင်သော အမှန်တရား **"မဂ္ဂသစ္စာ"**ပဲ စသည်ဖြင့် သစ္စာလေးပါးတရားတော်တို့ကိုလည်း ဟောကြားတော်မူခဲ့ပါတယ်။ ဤသစ္စာလေးပါးတရားတော်တို့ကို ဟောကြားတော်မူလိုက်သောအခါ အချို့သော ဝေနေယျသတ္တဝါများ အဝိဇ္ဇာအမှောင် လုံးဝ



ကင်းရှင်းပြီး ဝိဇ္ဇာအလင်းရောင် ကောင်းကောင်းရရှိသွားကြပါတယ်။ ဒါကြောင့် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး ပွင့်ထွန်း ပေါ်ပေါက်တော်မူလာခြင်းဟာ နေမင်းကြီး လမင်းကြီး ထွက်ပေါ်လာသကဲ့သို့ ဖြစ်ပြီး ကြာမြင့်စွာသော ကာလပတ်လုံး လူနတ်ဗြဟ္မာ သတ္တဝါအများ စီးပွားချမ်းသာဖို့ ဖြစ်ပါတယ်။

မြတ်စွာဘုရားရှင် ဟောကြားတော်မူသော တရားဒေသနာတော်များကို ရတနာခြင်းတောင်းသုံးမျိုးထဲသို့ သဘောတူရာ စုပေါင်းထည့်လိုက်လျှင် ဝိနယပိဋက၊ သုတ္တန္တပိဋက၊ အဘိဓမ္မပိဋကဟူ၍ ပိဋကသုံးပုံဖြစ်လာပါတယ်။ သုံးပုံပိဋက တရားဒေသနာတော်မြတ်များကို သင်ကြားပို့ချပေးခြင်း၊ သင်ယူမှတ်သားခြင်းတို့ကို ပရိယတ္တိဟု ခေါ်ပါတယ်။ ပရိယတ္တိတရားတော်များသည် ရှောင်ကြဉ်ဖို့၊ ကျင့်ကြံဖို့၊ နှလုံးသွင်းသိရှိဖို့ကို ညွှန်ကြားတော်မူပါတယ်။ ထိုပရိယတ္တိ တရားဒေသနာတော်များက ညွှန်ကြားသည့်အတိုင်း လိုက်နာကျင့်ကြံပွားများအားထုတ်ခြင်းကို ပဋိပတ္တိလို့ခေါ်ပါတယ်။ ပဋိပတ္တိအစွမ်းကြောင့် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် စသော အသိထူးများရရှိခြင်းကို ပဋိဝေဓလို့ ခေါ်ပါတယ်။

ဒါကြောင့် မြတ်စွာဘုရားရှင်၏ သာသနာတော်သုံးရပ်တို့တွင် ပရိယတ္တိသည် အခြေခံမူလ ပဓာနကျပါတယ်။ သစ်ပင်ကြီးတစ်ပင်မှာ ရေသောက်မြစ်ရှိမှသာ ပင်စည်၊ အကိုင်းအခက်တွေ ကြာရှည်စွာ တည်တံ့နေမှာ ဖြစ်ပါတယ်။ ရေသောက်မြစ်မရှိလျှင် ကြာရှည်စွာ တည်တံ့မနေနိုင်ပေ။ အပွင့်၊ အသီးများလည်း ဖူးပွင့်ဝေဆာ မဖူးနိုင်၊ မပွင့်နိုင်၊ မသီးနိုင်ကြသကဲ့သို့ ထိုနည်းတူစွာပင် သာသနာတော်သုံးရပ်၌လည်း ပရိယတ္တိမှ မရှိလျှင် ပဋိပတ္တိသာသနာ၊ ပဋိဝေဓ သာသနာတို့သည်လည်း မတည်ရှိနိုင်တော့ပေ။

ရေကန်ကြီးဥပမာနှင့် ပြောရလျှင် ရေကန်ကြီးမှာ ကန်ပေါင်ကန်ရိုးသာမရှိလျှင် ရေကန်ထဲ၌ ရေတွေ၊ ကြာပင်တွေ ကြာရှည်စွာ မတည်နိုင်ပေ၊ ရေမရှိလျှင်လည်း ကြာပင်များ မပေါက်ရောက်နိုင်ပေ။

ထိုဥပမာအတိုင်းပင် ပရိယတ္တိသည် ကန်ပေါင်ကန်ရိုးနှင့် တူပါသည်။ ပဋိပတ္တိသည် ရေနှင့် တူပါသည်။ ပဋိဝေဓသည် ကြာပင်၊ ကြာပွင့်များနှင့် တူပါသည်။ ထို့ကြောင့် ပဋိပတ္တိဟူသောရေကြည်ရေအေး၊ ပဋိဝေဓ ဟူသော ကြာပင် ကြာပွင့်များနှင့် လှပတင့်တယ်စွာရှိဖို့ဆိုသည်မှာ ပရိယတ္တိဟူသော ကန်ပေါင်ကန်ရိုးကြီး ခိုင်ခိုင်ခံ့ခံ့ ရှိဖို့လိုအပ်ပါတယ်။ ကန်ပေါင်ကန်ရိုးကြီးကတော့ ခိုင်ခိုင်ခံ့ခံ့ရှိပါ၏။ သို့သော် ကန်ထဲ၌ ရေလည်းမရှိ၊ ကြာလည်းမရှိလျှင် ခြောက်သွေ့နေသည့် ကန်ကြီးသည် တင့်တယ်မှုမရှိသဖြင့် မည်သူမည်ဝါမျှ စိတ်ဝင်စားမှုမရှိ၊ ရေကိုလည်း မသောက်ရ မချိုးရသဖြင့် ဘာမျှအကျိုးမရှိတော့ပါ။ ထို့အတူ ကန်ပေါင်ရိုးနှင့်တူသည့် ပရိယတ္တိတစ်ခုတည်းသာ ရှိမည်ဆိုပါကလည်း ပဋိပတ္တိ ဟူသော သာသနာ့အရသာဖြစ်သည့် ရေကြည်ရေအေးလည်း မသောက်ရ၊ ပဋိဝေဓဟူသော ကြာဖူး၊ ကြာပန်းများလည်း မပွင့်နိုင်သဖြင့် သာသနာတော်ကြီးသည် တင့်တယ်လှပမည် မဟုတ်ပါ။

ဒါကြောင့် (၇၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲသို့ ဝင်ရောက်ပြန်ဆို ဖြေဆိုတော်မူခဲ့ကြပြီး အောင်မြင်တော်မူခဲ့ကြသည့် သာသနာ့အာဇာနည်အရှင်မြတ်များအား ရေတွေတည်တံ့ဖို့ ကန်ပေါင်ရိုးကြီးကို ခိုင်ခိုင်ခံ့ခံ့ရှိအောင် ကြိုးစားအားထုတ်တော်မူကြခြင်းဖြစ်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးနှင့် ဒါယကာ ဒါယိကာမအပေါင်းသူတော်ကောင်းတို့က ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရပါတယ်။ ရေကန်ကြီးထဲမှာ ရေတွေရှိအောင် ကြာပင်၊ ကြာပန်းများနှင့် လှပတင့်တယ်မှုရှိအောင် ဆက်လက်၍ ကြိုးစားအားထုတ်ကြဖို့လည်း သတိပေးစကား ပြောကြားလိုပါတယ်။

သာသနာတော်ကို စောင့်ရှောက်ထောက်ပံ့နေကြသည့် နိုင်ငံတော်အစိုးရနှင့်တကွ ဒါယကာ ဒါယိကာမအပေါင်းတို့က ဥယျာဉ်မှူးနှင့် တူပါတယ်။ ဥယျာဉ်မှူးသည် သစ်ပင်များကို ရေမလောင်း ပေါင်းမသင်ဘဲ ထားလျှင် သစ်ပင်များဟာ ညှိုးနွမ်းခြောက်သွေ့ပြီး ရေတွေများစွာ လောင်းပြန်လျှင်လည်း စိမ့်ဖမ်းပြီး သစ်ပင်သည် သေသွားနိုင်ပါတယ်။ ထိုနည်းတူစွာပင် သာသနာတော်ကို စောင့်ရှောက်ထောက်ပံ့ရာမှာ ရေပြတ်နေသည့် သစ်ပင်များလိုလည်း မဖြစ်ရအောင်၊ ရေတွေများပြီး စိမ့်ဖမ်းလို့ သေသွားသည့်သစ်ပင်များလိုလည်း မဖြစ်ကြရလေအောင် ပြုစုစောင့်ရှောက်ထောက်ပံ့ပါက သာသနာတော်မြတ်ကြီး အရှည်ခံ၍ တည်တံ့ကာ ဆရာဒကာနှစ်ဖြာစလုံး ဆင်းရဲဆုံးရာ ချမ်းသာအမှန် မြတ်နိဗ္ဗာန်သို့ ဆိုက်ရောက်နိုင်ကြောင်း၊ ဆိုက်ရောက်နိုင်ကြပါစေလို့လည်း ဆုတောင်းပတ္ထနာပြုရင်း သာရဏီယသြဝါဒကထာကို နိဂုံးချုပ်အပ်ပါသည် ဒါယကာ ဒါယိကာမအပေါင်း သူတော်ကောင်းတို့........။

ရှေ့ဖုံးမှအဆက်

ဒေါက်တာသက်ခိုင်ဝင်း၊ ဦးထိန်လင်း၊ ဦးတင်ဦးလွင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူနှင့် ၎င်းတို့၏ ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ သြဝါဒါစရိယအဖွဲ့ ဥက္ကဋ္ဌ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ မိုးကောင်းကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တသုဓမ္မာစာရာဘိဝံသ မဟာထေရ်မြတ်ကြီးထံမှ ဒုတိယသမ္မတ ဦးညိုစောနှင့်ဇနီး အမှူးပြုသော ဧည့်ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ဦးစီး ပဓာနနာယက ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာ ဘိဝံသက သာရဏီယသြဝါဒကထာကို မြွက်ကြားချီးမြှင့်တော်မူသည်။ **(နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်၏ သာရဏီယသြဝါဒကထာကို သီးခြား ဖော်ပြထားပါသည်။)**

ယင်းနောက် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ဆက်လက်၍ တိပိဋကဓရ တိပိဋက ကောဝိဒဘွဲ့ရရှိတော်မူသည့် ရန်ကုန်တိုင်း ဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် တိပိဋကမဟာဂန္ဓဝင်နိကာယ် ကျောင်း တိုက်မှ အရှင်ဝိစိတ္တာသာရနှင့် မူလအာဘိ ဓမ္မိက ဘွဲ့တံဆိပ်တော်ရရှိတော်မူသည့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် တိပိဋက နိကာယကျောင်းတိုက်မှ အရှင်ဂန္ဓမာတို့ကို ဒုတိယသမ္မတ ဦးညိုစောက ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များကို ဆက်ကပ် လှူဒါန်းသည်။

ထို့နောက် မူလအာဘိဓမ္မိက ဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည်အရှင်မြတ် နှစ်ပါး၊ ဒီဃနိကာယကောဝိဒဘွဲ့ တံဆိပ်တော်ရ သာသနာ့အာဇာနည် အရှင်မြတ် သုံးပါး၊ ဒီဃဘာဏက ဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည် အရှင်မြတ် တစ်ပါး၊ ဝိနယကောဝိဒ ဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည် အရှင်မြတ် ခုနစ်ပါး၊ ဝိနယဓရ ဘွဲ့တံဆိပ် တော်ရ သာသနာ့အာဇာနည်အရှင်မြတ် ၂၈ ပါး၊ ဥဘတောဝိဘင်္ဂကောဝိဒ ဘွဲ့တံဆိပ်တော်ရ သာသနာ့ အာဇာနည် အရှင်မြတ် ၁၁ ပါး၊ ဥဘတောဝိဘင်္ဂဓရဘွဲ့ တံဆိပ်တော်ရ သာသနာ့အာဇာနည် အရှင်မြတ် ၄၆ ပါးတို့ကို ပြည်ထောင်စု ဝန်ကြီးများ၊တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များ ဆက်ကပ်လှူဒါန်း ကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေး မြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဓမ္မသမိဒ္ဓိကျောင်း ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသထံမှ ဒုတိယသမ္မတ နှင့်ဇနီး၊ ဧည့်ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်ဇနီး၊ ဧည့်ပရိသတ်များနှင့် အလှူရှင်များက တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ် ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့ အာဇာနည်အရှင်သူမြတ် တို့ကို ဓမ္မပူဇာအဖြစ် လှူဖွယ်ဝတ္ထုပစ္စည်း များလောင်းလှူပူဇော်ကြပြီး လိုဏ်ဂူ တော် ပရိဝုဏ်အတွင်း ဆဋ္ဌသင်္ဂါယနာတင် အောင်ပွဲ နှစ် ၇၀ ပြည့် အထိမ်းအမှတ် အဖြစ်ဖွင့်လှစ်ထားသည့် ပဌမသင်္ဂါ ယနာတင်မှ ဆဋ္ဌသင်္ဂါယနာတင် အကြောင်း အရာများနှင့် ယနေ့ခေတ်သာသနာရေး ဆိုင်ရာဆောင်ရွက်ချက် ပြကွက်များကို လှည့်လည်ကြည့်ရှုကြသည်။

တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ် ရေးစာမေးပွဲကြီးကို ဗုဒ္ဓသာသနာတော်၌ ဘုန်းကံပါရမီအထူး ဉာဏ်ပညာအထူး နှင့်ပြည့်စုံသောပုဂ္ဂိုလ်ထူးတို့ကို ဖော်ထုတ် ရေး၊ ပရိယတ္တိသာသနာတော်ကို အားပေး ချီးမြှောက်ရာတွင် အထက်တန်းအကျဆုံး ချီးမြှောက်ရေးနှင့် သာသနာတော်၌ ဓမ္မစေတီထိုက်သော ပိဋကသုံးပုံနှုတ်ငုံ ဆောင်ပုဂ္ဂိုလ်ထူးတို့ကို ဖော်ထုတ်ပူဇော် ရေးတို့ကို ရည်ရွယ်၍ ကျင်းပခြင်းဖြစ် ကြောင်း၊ စာမေးပွဲကြီး စတင်ကျင်းပသည့် (၁၃၁၀ ပြည့်နှစ်) ၁၉၄၈ ခုနှစ်မှစ၍ ၂၀၂၆ ခုနှစ်အတွင်း တိပိဋကဓရ တိပိဋက ကောဝိဒဘွဲ့တံဆိပ်တော်ရ သာသနာ့ အာဇာနည်အရှင်သူမြတ်များ ထူးခြားစွာ ပေါ်ထွန်းခဲ့ရာ ယခု ၇၈ ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ် ရေးစာမေးပွဲတွင် ပေါ်ထွန်းလာသည့် အရှင်ဝိစိတ္တာသာရ အရှင်သူမြတ်မှာ ၁၈ ပါး မြောက် သာသနာ့အာဇာနည်ဖြစ်ကြောင်း နှင့် တိပိဋကဓရ တိပိဋကကောဝိဒ သာသနာ့အာဇာနည် အရှင်သူမြတ်များ ဆက်လက် ပေါ်ထွန်းလာဦးမည်ဖြစ် ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီနှင့် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာသုံးသပ်ရေးအဖွဲ့ဝင်တို့ကို တွေ့ဆုံ

**ရန်ကုန် မေ ၂၉**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဌေးအောင်၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်စိုး၊ ဥပဒေကြမ်းကော်မတီ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာသုံးသပ်ရေးအဖွဲ့ဝင်များ၊ ဥပဒေပညာရှင်(အငြိမ်းစား)များကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ရုံး ပုလဲခန်းမ၌ တွေ့ဆုံသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဌေးအောင်က ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာသုံးသပ်ရေးအဖွဲ့ ဖွဲ့စည်းထားရှိမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး အဖွဲ့ဝင်များက တစ်ဦးချင်း မိတ်ဆက်စကားပြောကြားသည်။



ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်သူများ၏ အကျိုးစီးပွားကို အကာအကွယ်ပေးနိုင်ရေး ဥပဒေပြဋ္ဌာန်းရာ၌ အထောက်အကူဖြစ်စေရန်နှင့် ထိရောက်စေရန်အတွက် ယခုကဲ့သို့ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ရှိ ဥပဒေပညာရှင်များနှင့် တွေ့ဆုံရခြင်းဖြစ်ပါကြောင်း၊ မိမိအနေဖြင့် ဥပဒေပညာရှင်များနှင့်တွေ့ဆုံပြီး ဥပဒေစကားဝိုင်း ပြုလုပ်ရန် အမြဲစဉ်းစားခဲ့ပါကြောင်း၊ ဥပဒေပညာရှင်များအနေဖြင့် တည်ဆဲဥပဒေများနှင့်ပတ်သက်ပြီး ခေတ်နှင့်မလျော်ညီတော့သည့် ဥပဒေများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အစားထိုးခြင်း၊ ခေတ်နှင့်အညီ အသစ်ပြဋ္ဌာန်းသင့်သည့် ဥပဒေများကို အကြံပြုဆွေးနွေးပေးစေလိုပါကြောင်း၊ ဥပဒေ၏ အကာအကွယ်အောက်တွင် ပြည်သူများအေးချမ်းလုံခြုံစွာနေထိုင်ပြီး အကျိုးစီးပွားဖြစ်ထွန်းစေရန်အတွက် မိမိတို့အနေဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာဆက်ဆံရေးများတွင် မိမိတို့နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားအတွက် လိုအပ်သည့်ဥပဒေများ ပြဋ္ဌာန်းရမည်ဖြစ်ပါကြောင်း၊ လတ်တလောအနေဖြင့် နိုင်ငံတော်အတွက် လက်ရှိအခြေအနေများနှင့်ကိုက်ညီမည့် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာဥပဒေကို ဆောလျင်စွာပြဋ္ဌာန်းနိုင်ရေး ဦးစားပေးဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဥပဒေပညာရှင်များအနေဖြင့် ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးစေလိုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ရန်ကုန်ဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ဥပဒေကြမ်းကော်မတီ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာသုံးသပ်ရေး အဖွဲ့ဝင်များ၊ ဥပဒေပညာရှင်(အငြိမ်းစား)များက ဥပဒေပြုရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် အသီးသီး ဆွေးနွေးတင်ပြကြပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးကာ နိဂုံးချုပ်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ရုံးသင်တန်းခန်းမ၌ ပြုလုပ်သည့် စီမံကိန်း၊ ရသုံးမှန်းခြေငွေစာရင်းနှင့် ငွေကြေးစီမံခန့်ခွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်နေကြသည့် လွှတ်တော်ကိုယ်စားလှယ်များကို တွေ့ဆုံအားပေးစကားပြောကြားကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၂၃၀၀ ကျော်ကို ဖန်တီးပေးနိုင်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၁၂ ခု ခွင့်ပြု

**နေပြည်တော် မေ ၂၉**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၄/၂၀၂၆) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၅) အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးနှင့် ကော်မရှင်အဖွဲ့ဝင်များတက်ရောက်ကြသည်။

အစည်းအဝေးတွင် လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်းတိုးမြှင့်ခြင်း အပါအဝင် ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအသစ်တစ်ခုကိုလည်းကောင်း၊ စက်မှုကဏ္ဍမှ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအသစ် ရှစ်ခုကိုလည်းကောင်း၊ ဟိုတယ်နှင့် ခရီးသွားကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍများမှ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအသစ် သုံးခုတို့ကိုလည်းကောင်း ခွင့်ပြုပေးခဲ့သည်။ အဆိုပါ လုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၄၇ ဒသမ ၆၀၅ သန်းနှင့် ငွေကျပ် ၂၉၉၇၇၃ ဒသမ ၆၃၉ သန်းဖြစ်ပြီး အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၄၈၇၉ ဦးကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

ယနေ့ အစည်းအဝေးက ခွင့်ပြုပေးသည့် လုပ်ငန်းများမှာ ရေနံထုတ်လုပ်ခြင်းလုပ်ငန်း၊ အဆင့်မြင့်ဟိုတယ်နှင့် ဈေးဝယ်စင်တာလုပ်ငန်း၊ ဆိပ်ကမ်းဝန်ဆောင်မှုလုပ်ငန်း၊ တိရစ္ဆာန်အစာ ထုတ်လုပ်ခြင်းလုပ်ငန်း၊ ဝါစိုက်ပျိုးခြင်း၊ ဆီသန့်ထုတ်လုပ်ခြင်းနှင့် သိုးဆိတ်မွေးမြူထုတ်လုပ်ခြင်းလုပ်ငန်း၊ ဘီစကွတ်ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း၊ ပေါင်မုန့်နှင့် မုန့်အမျိုးမျိုးထုတ်လုပ် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း၊ ဆေးဝါးထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း၊ မော်တော်ဆိုင်ကယ်ကျွတ်အမျိုးမျိုး ထုတ်လုပ်ခြင်းလုပ်ငန်း၊ ဆံပင်တုထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း၊ အလူမီနီယံထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်မည့် အဝတ်အထည်အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်းတို့လည်း ပါဝင်သည်။



၂၀၂၆ ခုနှစ် ဧပြီလကုန်ထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံ၊ ဒေသပေါင်း ၅၃ ခုအနက် ရင်းနှီးမြှုပ်နှံမှုအများဆုံးပြုလုပ်သော နိုင်ငံ၊ ဒေသများမှာ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံတို့ဖြစ်ပါသည်။ စီးပွားရေးကဏ္ဍ ၁၂ ခုအနက် အများဆုံးရင်းနှီးမြှုပ်နှံထားသည့် ကဏ္ဍများမှာ လျှပ်စစ်ဓာတ်အားကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၈ ဒသမ ၂၉ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၄ ဒသမ ၆၁ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ စက်မှုကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၆၈ ရာခိုင်နှုန်းဖြင့်လည်းကောင်း အသီးသီး ရင်းနှီးမြှုပ်နှံထားသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများက တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှုအဆိုပြုချက်များ စိစစ်ခွင့်ပြုခြင်းကိုလည်းကောင်း၊ လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဝန်ဆောင်မှုများကိုလည်းကောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့က မွေးဖွားလာသော အသက်နှစ်နှစ်အောက်ကလေးသူငယ်များကို ငွေကြေးထောက်ပံ့ခြင်း (MCCT)အစီအစဉ် အသိပေးနှိုးဆော်ခြင်း

တိုင်းဒေသကြီး၊ ပြည်နယ် ခုနစ်ခုဖြစ်သော ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ၂၀၂၆ ခုနှစ် မေ ၂၆ ရက်ထိ ကိုယ်ဝန်ဆောင်အဖြစ်ရှိနေသူများ အနေဖြင့် MCCT အစီအစဉ်တွင် အကျိုးခံစားခွင့်ရရှိရန် သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး သို့မဟုတ် နီးစပ်ရာ လူမှုဝန်ထမ်းရုံးများသို့ ၃၁-၅-၂၀၂၆ ရက် နောက်ဆုံးထားပြီး စာရင်းပေးသွင်းနိုင်ပါသည်။


၂၀၂၆ - ၂၀၂၇ ဘဏ္ဍာနှစ်တွင် အကျိုးခံစားခွင့်ရှိသူများကို သုံးလပတ် နှစ်ကြိမ် ခြောက်လစာ ထောက်ပံ့သွားမည်ဖြစ်ပါကြောင်းနှင့် ယခုနှစ်မှစတင်ပြီး ဖုန်းသို့ငွေလွှဲခြင်းဖြင့် ထောက်ပံ့မည်ဖြစ်ပါ၍ ထုတ်ယူလိုသည့် ငွေလွှဲဝန်ဆောင်မှုများအား မိမိတို့၏လက်ကိုင်ဖုန်းများတွင် ဖွင့်လှစ်ထားပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ထောက်ပံ့ခြင်းအစီအစဉ်နှင့်ပတ်သက်၍ သိရှိလိုသည်များကို လူမှုဝန်ထမ်းဦးစီးဌာန Help Line ဖုန်းနံပါတ် 1566 ၊ 09-889900077 သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

# တပ်မတော်ဆေးရုံများနှင့် ဆေးတပ်ရင်းများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်ကျော်လင်းမောင် ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။



နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက် ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

နေပြည်တော် မေ ၂၉

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းက ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများ၌ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ပြည်သူ့စစ်မှုထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအပြင် သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကိုလည်း လက်ခံဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက် ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သူရဇော်လွင်စိုး ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)တို့၌ ဆေးရုံတက်ရောက် ကုသမှုခံယူလျက်ရှိသော အရာရှိစစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်ကျော်လင်းမောင်နှင့် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်တို့က သွားရောက်ကြည့်ရှု၍ လူနာတစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ နေပြည်တော်ကောင်စီနယ်မြေ တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ တပ်မတော်ဆေးရုံ၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ နန်းမြို့တွင်းရှိ တပ်မတော်ဆေးရုံနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက် ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကား ပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ထို့နောက် တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင် ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ငွေး ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းရတနာ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၃) သင်တန်းဆင်းပွဲများ ကျင်းပပြုလုပ်








တိုင်းစစ်ဌာနချုပ်နယ်မြေများရှိ သင်တန်းကျောင်းအသီးသီးတွင် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၃) သင်တန်းဆင်းပွဲများ ကျင်းပစဉ်။

**နေပြည်တော် မေ ၂၉**

နိုင်ငံသားတိုင်းသည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန် တာဝန်ရှိသည့်အပြင် "နိုင်ငံတစ်နိုင်ငံ၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်"ဟူသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်များကို လက်တွေ့အကောင်အထည်ဖော်ခဲ့သည့် ပြည်သူ့စစ်မှုထမ်း ဥပဒေအရ ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် စိတ်အားထက်သန်စွာ စာရင်းပေးသွင်းကြသည့် လူငယ်များကို ပြည်သူ့စစ်မှုထမ်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ထိုသို့ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ယနေ့တွင် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၃)၏ သင်တန်းဆင်းပွဲ အခမ်းအနားများကို တိုင်းစစ်ဌာနချုပ် အသီးသီးရှိ နယ်မြေခံသင်တန်းကျောင်းများ၌ကျင်းပရာ အဆိုပါသင်တန်းဆင်းပွဲများကို သင်တန်းဆင်းစစ်ရေးပြ အစီအစဉ်အတိုင်း ဆောင်ရွက်ကြပြီး သင်တန်းသားများက နိုင်ငံတော်အလံကို ကိုင်၍ ကတိသစ္စာခံယူကြသည်။ ထို့နောက် သင်တန်းကျောင်းများအလိုက် သက်ဆိုင်ရာတာဝန်ရှိသူများက သင်တန်းဆင်းအမှာစကားများ အသီးသီးပြောကြားကြပြီး သင်တန်းဆင်းထူးချွန်ဆုရရှိသူများကို ဂုဏ်ပြုဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

သင်တန်းဆင်းပွဲ အခမ်းအနားများ အပြီးတွင် သင်တန်းဆင်းပွဲများသို့ တက်ရောက်ကြသော နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၃)မှ သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များကို သင်တန်းကျောင်းခန်းမများ၌ တွေ့ဆုံအမှာစကား ပြောကြားပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကြသည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၃)မှ သင်တန်းသားများကို ကြံ့ခိုင်ရေးဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ စစ်နည်းဗျူဟာဘာသာရပ် စသည့် ဘာသာရပ်များနှင့် အထွေထွေဘာသာရပ်များကို အဆင့်ဆင့်လေ့ကျင့် သင်ကြားပေးခဲ့ကြကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ နိုင်ငံသားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပြီး နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည် ဖြစ်ရာ နိုင်ငံတော်က ပေးအပ်သည့် တာဝန်များကို နိုင်ငံကြီးသားပီသစွာနှင့် ကျေပွန်စွာထမ်းဆောင်ရန်ဆန္ဒရှိကြသည့် နိုင်ငံ့သားကောင်းများသည် ပြည်သူ့စစ်မှုထမ်းသင်တန်းများ တက်ရောက်ကာ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်များကို အမြဲတမ်းစစ်မှုထမ်းများနှင့်အတူ ထမ်းဆောင်နေကြပြီဖြစ်သည်။

ထိုသို့ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၃)တွင် တက်ရောက်ခဲ့ကြသည့် အတွေ့အကြုံများ၊ သင်တန်းမှ ရရှိခဲ့သည့် အလေ့အကျင့်ကောင်းများ၊ ယုံကြည်ချက်၊ ခံယူချက်များနှင့် သင်တန်းဆင်းပြီးနောက် မိမိတို့တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့များ၌ ဆက်လက်တာဝန်ထမ်းဆောင်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များ၏ စကားသံများကို လည်း ယခုကဲ့သို့ ကြားသိရပါသည်-

"ပြည်သူ့စစ်မှုထမ်း အမှတ်စဉ်(၂၃)မှာ ရရှိခဲ့တဲ့ဆုကတော့ စစ်သည်တော် ကျင့်ဝတ်ဆုဖြစ်ပါတယ်။ ဒီဆုကိုရရှိဖို့



အတွက် ဆရာသမားတွေရဲ့ သွန်သင်ဆုံးမမှု သင်ပြမှုအပါအဝင် ကျွန်တော်ကိုယ်တိုင်အားစိုက်မှုတွေနဲ့ ရရှိခဲ့တာဖြစ်ပါတယ်။ ပြည်သူ့စစ်မှုထမ်း အမှတ်စဉ်(၂၃)မှာ ကျွန်တော်ရရှိခဲ့တဲ့ အမှတ်တရအဖြစ်ဆုံးကတော့ ဒီဆုကိုရရှိခဲ့တဲ့ အချိန်ပဲဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အပြင်မှာ ကျွန်တော် ကျောင်းတက်တုန်းကလဲ အတန်းတွေမှာဆိုရင် ပထမဆု၊ ဒုတိယဆုတွေကို အကြိမ်ပေါင်းများစွာ ရရှိသူတစ်ယောက်ဖြစ်ပါတယ်။ တပ်မတော်အတွင်းမှာ ဒီဆုကို ရရှိခဲ့တဲ့ခံစားချက်နဲ့တော့ လုံးဝခြားနားပါတယ်။ အပြင်လောကမှာရရှိခဲ့တဲ့ ဆုတွေထက် ဒီဆုကို ရရှိတဲ့အချိန်မှာ ရရှိတဲ့ခံစားချက်က အများကြီးသာလွန်ပါတယ်။ ဒီသင်တန်းမှာ ရောက်ရှိနေတဲ့ ညီအစ်ကိုတွေက ဘဝပေါင်းစုံ အလွှာပေါင်းစုံမှ လူတွေအများကြီးရှိပါတယ်။ ဒီလူတွေနဲ့ သင့်မြတ်အောင်ပေါင်းသင်းဆက်ဆံရတယ်။ အပြင်လောကမှာနဲ့ ဒီတပ်မတော်အတွင်းမှာနဲ့ နေထိုင်ရတာ အစစအရာရာမတူပါဘူး။ အပြင်လောကမှာ စည်းစနစ်သိပ်မရှိဘူး။ တပ်မတော်အတွင်းမှာက မနက်မျက်လုံးဖွင့်ချိန်ကစပြီး စည်းစနစ်ကျဖို့လိုတယ်။ အချိန်ကန့်သတ်ချက်ရှိတယ်။ တပ်မတော်မှာ One For All ဆိုတဲ့ စကားလုံးရှိပါတယ်။ တစ်ယောက်မကောင်းဘူးဆိုရင် အကုန်လုံးမကောင်းပါဘူး။ တစ်ယောက်ချင်းစီကကောင်းမှ တပ်မတော်ကကောင်းမှာပါ။ ဒါကြောင့် ဒီအတွေ့အကြုံလေးတွေ ကျွန်တော်ရရှိခဲ့ပါတယ်"ဟု ပြောသည်။

"သင်တန်းမှာ ရရှိခဲ့တဲ့ဆုကတော့ ချေမှုန်းရေးဆုဖြစ်ပါတယ်။ ကိုယ်တစ်ယောက်ထဲ ကောင်းလို့တော့မရပါဘူး။ ချေမှုန်းရေးဆုဆိုတာကတော့ ကိုယ့်နောက်လိုက် ရဲဘော်တွေကောင်းတာရယ် ဆရာကြီးတွေရဲ့ သင်ပြပေးတဲ့ နည်းစနစ်တွေကို လိုက်နာကျင့်သုံးပြီးမှ ဒီဆုကို ရရှိခဲ့တာပါ။ အများကြီးပြောင်းလဲလာပါတယ်။ ကျွန်တော်တို့ အပြင်မှာနေရင် စည်းကမ်းမရှိတာက များတယ်။ စားတယ်၊ သောက်တယ်။ အခုဒီမှာဆိုတော့ နေမှုထိုင်မှုနဲ့ အပြောအဆိုတွေကအစ စည်းနဲ့ကမ်းနဲ့ နေထိုင်ရတယ်၊ ပြောရဆိုရတယ်။ ကိုယ့်ထက်ကြီးတဲ့သူကို ဘယ်လိုဆက်ဆံရတယ်ကအစ နည်းပြတွေက သင်ကြားဆုံးမတဲ့အတွက် ကျွန်တော်တို့အနေနဲ့ ဂုဏ်ယူပါတယ်။ သင်တန်းဆင်းတော့ သင်ကြားပေးတဲ့ နည်းပြများနဲ့ သင်တန်းအတူတက်ခဲ့တဲ့ ရဲဘော်ရဲဘက်တွေနဲ့ ခွဲခွာရတော့မယ့်အတွက်ကြောင့် ဝမ်းနည်းမိပါတယ်။ ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်တွေကို ကာကွယ်ပေးဖို့လိုတယ်လို့ ယုံကြည်ပါတယ်။ နောက်တက်ရောက်



မယ့် ညီငယ်တွေကိုလဲ တိုင်းပြည်ကို ကာကွယ်ရန်အတွက် ပြည်သူ့စစ်မှုထမ်းကို လာရောက်ထမ်းဆောင်တက်ရောက်ဖို့ ဖိတ်ခေါ်ချင်ပါတယ်"ဟု ပြောသည်။

ထို့နောက် ညပိုင်းတွင် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၃)မှ နိုင်ငံ့သားကောင်းစစ်သည်များကို သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲများကို သင်တန်းကျောင်းအသီးသီး၌ ပြုလုပ်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# တပ်မတော်သားမိသားစုဝင် ကျောင်းသား၊ ကျောင်းသူများအတွက် ပထမအကြိမ် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဌေး ကျောင်းသားတစ်ဦးကို ကျောင်းဝတ်စုံနှင့်စာရေးကိရိယာများ ပေးအပ်စဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင် ကျောင်းသားတစ်ဦးကို ကျောင်းဝတ်စုံနှင့်စာရေးကိရိယာများ ပေးအပ်စဉ်။



အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ကျောင်းသားတစ်ဦးကို ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်စဉ်။

**နေပြည်တော် မေ ၂၉**

၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားကြမည့် တပ်မတော်သားမိသားစုဝင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းသား၊ ကျောင်းသူများအတွက် ပထမအကြိမ် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်ပွဲများကို ယနေ့နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အောင်ဇေယျခန်းမ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် ရောဝတီခန်းမနှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ရန်အောင်မြင်ခန်းမတို့၌ပြုလုပ်ကြရာ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ တိုင်းစစ်ဌာနချုပ် အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများက အမှာစကားများ ပြောကြားကြသည်။ ထို့နောက် တိုင်းမှူးများနှင့်တာဝန်ရှိသူများက တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများအတွက် ပညာသင်စရိတ်နှင့် အခြေခံပညာအဆင့် ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်ရာ ကျောင်းသား၊ ကျောင်းသူများက အသီးသီးလက်ခံရယူကြသည်။ ယင်းနောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက အခမ်းအနားသို့တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ်များ ကွပ်ကဲမှုအောက်ရှိ တပ်နယ်အသီးသီးနှင့် တပ်ရင်း၊ တပ်ဖွဲ့များတွင်လည်း ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် တက်ရောက်ကြမည့် ကျောင်းသား၊ ကျောင်းသူများကို ပထမအကြိမ် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာ၊ ပညာသင်စရိတ်များ ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

## တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဆုပေးပွဲပြုလုပ်



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးကိုယ်စား နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူတစ်ဦးက အုတ်တွင်းတပ်နယ်အသင်းကို တံခွန်စိုက်ဒိုင်းဆု ပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် မေ ၂၉**

တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် အုတ်တွင်းမြို့ နယ်မြေခံသင်တန်းကျောင်း စက်ပစ်ကွင်း၌ပြုလုပ်ရာ နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသူများက ဗိုလ်လုပွဲစဉ်ယှဉ်ပြိုင်ပစ်ခတ်နေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကိုကျင်းပရာ တိုင်းမှူးကိုယ်စား နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူတစ်ဦးက တံခွန်စိုက်ဒိုင်းဆုရရှိသွားသော အုတ်တွင်းတပ်နယ်အသင်းနှင့် တစ်ဦးချင်းဆုရရှိသူများ၊ အသင်းလိုက်ဆုများကို ဆုများအသီးသီးပေးအပ်သည်။

အဆိုပါ သေနတ်ပစ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် မေ ၂၀ ရက်မှ ယနေ့ထိ ယှဉ်ပြိုင်ပစ်ခတ်ခဲ့ကြောင်း သတင်းရရှိသည်။(၅၀၁)

## ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း ပြေးခုန်ပစ်ပြိုင်ပွဲ ဆုပေးပွဲပြုလုပ်



ကာကွယ်ရေးဦးစီးချုပ်(ရေ) ကိုယ်စား နယ်မြေခံရေတပ်စခန်းဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက တံခွန်စိုက်ဒိုင်းဆုရရှိသောအသင်းကို ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် မေ ၂၉**

၂၀၂၆ ခုနှစ် ကာကွယ်ရေးဦးစီးချုပ် (ရေ) တံခွန်စိုက်ဒိုင်း ပြေးခုန်ပစ်ပြိုင်ပွဲ ဆုပေးပွဲကို ယနေ့ညနေပိုင်းတွင် သန်လျင်တပ်နယ်ခန်းမ၌ပြုလုပ်ရာ နယ်မြေခံရေတပ်စခန်းဌာနချုပ်မှ တာဝန်ရှိသူများနှင့် အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ကိုယ်စား နယ်မြေခံရေတပ်စခန်းဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အမှာစကားပြောကြားသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တာဝန်ရှိသူများက တံခွန်စိုက်ဒိုင်းဆုရရှိသည့် အသင်းနှင့် ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိသူများကို ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ ပြေးခုန်ပစ်ပြိုင်ပွဲကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကွပ်ကဲမှုအောက် ရေတပ်စခန်းဌာနချုပ်များမှ ပြိုင်ပွဲဝင်အသင်း ကိုးသင်းဖြင့် မေ ၂၃ ရက်မှ ယနေ့ထိ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကိုအားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## မိုးရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်းတို့ဖြစ်ပေါ်နိုင်

**နေပြည်တော် မေ ၂၉**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုအပ်ပါကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက်အမှတ် (၆/၂၀၂၆) ထုတ်ပြန်

၁။ ပညာသင်ကြားခွင့်သည် လူသားတိုင်းရရှိရမည့် အခြေခံအခွင့်အရေးဖြစ်ပါသည်။ ပညာသင်ကြားခွင့်နှင့်စပ်လျဉ်း၍ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် ၂၆ (၁)နှင့် မြန်မာနိုင်ငံက ပါဝင်ချုပ်ဆိုထားသည့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် အပိုဒ် ၂၈ နှင့် ၂၉ တို့တွင် ဖော်ပြထားပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၃၆၆၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ ပုဒ်မ ၄၆၊ ၄၇ နှင့် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေပုဒ်မ ၂၀ မှ ၂၅ ထိတို့တွင် အတိအလင်းပြဋ္ဌာန်းထားပါသည်။

၂။ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် မသန်စွမ်းကလေးငယ်များအပါအဝင် ကျောင်းနေအရွယ် ကလေးသူငယ်အားလုံး ကျောင်းအပ်နှံနိုင်ရေးနှင့် ပညာသင်ကြားနိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများက နှိုးဆော်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံ တည်ဆောက်ရာတွင် နိုင်ငံသားများ၏ ပညာရည်မြင့်မားရေးသည် ပဓာနကျသည် ဖြစ်ရာ ပညာရေးကို အားပေးခြင်းဖြင့် ကလေးတစ်ဦးချင်းစီ၏ ကိုယ်ကျင့်တရားနှင့် ဆင်ခြင်တုံတရား မြင့်မားလာစေခြင်း၊ ကိုယ်ပိုင်ဘဝရပ်တည်နိုင်စွမ်းကို မြှင့်တင်ပေးနိုင်ခြင်း၊ မိသားစုနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေးတို့ကို အကျိုးပြုနိုင်ခြင်း စသည့် အကျိုးကျေးဇူးများရရှိစေမည့်အပြင် နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး (Sustainable Development) ကို အထောက်အကူပြုနိုင်သည့် မျိုးဆက်သစ်လူသားအရင်းအမြစ်များ ဖွံ့ဖြိုးလာမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ "နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့" ဟူသည့် နိုင်ငံတော်၏ဆောင်ပုဒ်နှင့်အညီ မသန်စွမ်းကလေးများ အပါအဝင် ကျောင်းနေအရွယ်ကလေးများ စာသင်နှစ်အလိုက် ကျောင်းအပ်နှံရေး၊ စာသင်ခန်းသို့ ပြန်လည်ရောက်ရှိရေး၊ အခြေခံပညာနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားခွင့်ရရှိရေး မိဘအုပ်ထိန်းသူများ၊ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပြည်သူလူထုတစ်ရပ်လုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြပါရန် အလေးအနက်တိုက်တွန်းနှိုးဆော်အပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ မေလ ၂၉ ရက်

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန Polytechnic University (ကျိုင်းတုံ) ပါမောက္ခချုပ် ဒေါက်တာသင်းသုနိုင်အား သတင်းအချက်အလက်နှင့် နည်းပညာတက္ကသိုလ် ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

# ၂၀၂၆ ခုနှစ် တရုတ်ရုပ်ရှင်ပြပွဲ ရက်သတ္တပတ်အစီအစဉ် ကျင်းပမည်

နေပြည်တော် မေ ၂၉

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့ကြား ပိုမိုချစ်ကြည်ရင်းနှီးစေရေး၊ ယဉ်ကျေးမှုဖလှယ်ရေးနှင့် ပြည်သူများအကြား ထိတွေ့ဖလှယ်မှုမြှင့်တင်နိုင်ရေးတို့ကိုရည်ရွယ်၍ **"၂၀၂၆ ခုနှစ် တရုတ်ရုပ်ရှင်ပြပွဲ ရက်သတ္တပတ်အစီအစဉ်"**ကို ဇွန် ၈ ရက်မှ ၁၁ ရက်ထိ နေပြည်တော် ဥတ္တရသီရိမြို့နယ် Ocean ဈေးဝယ်စင်တာရှိ JCGV ရုပ်ရှင်ရုံ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါရုပ်ရှင်ပြပွဲတွင် မြန်မာဘာသာစာတန်းထိုး တရုတ်ရုပ်ရှင်ဇာတ်ကား ခုနစ်ကား ပြသသွားမည်ဖြစ်ရာ ပြည်သူများ အခမဲ့လာရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ၂၉-၅-၂၀၂၆ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၅၃ ~ ၃၆၆၉ | ၅၅၅.၃ ~ ၅၅၈.၇ | ၁၂၅.၃ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၆,၂၂၃,၂၇၈.၀၆ | ၆,၁၂၂,၄၈၉.၀၉ | ၁၈,၄၇၆,၆၉၄.၆၂ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်းများ၊ စက်မှုကုန်ကြမ်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ဆက်သွယ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ တိရစ္ဆာန်အစာ၊ စားသုံးကုန်စည် တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၃ ဒသမ ၉၅ သန်းကိုလည်းကောင်း၊ Non Trade ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၃၄၈၀ ဒသမ ၀၀ ကိုလည်းကောင်း၊ CMP ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၂၆၅၁ ဒသမ ၁၉ ကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

# မြန်မာကျောင်းသားလူငယ်များကို မြောက်ဝင်ရိုးစွန်းသို့ အခမဲ့ ၁၀ ရက်ကြာ သိပ္ပံလေ့လာရေးခရီးစဉ် သွားရောက်ခွင့်ရမည့် "Icebreaker of Knowledge 2026" ပြိုင်ပွဲကြီးတွင် ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ထား

နေပြည်တော် မေ ၂၉

ရုရှားနိုင်ငံ ROSATOM အဖွဲ့အစည်းက ကြီးမှူးကျင်းပသည့် "Icebreaker of Knowledge 2026" နိုင်ငံတကာအဆင့် သုံးကြိမ်မြောက် သိပ္ပံပြိုင်ပွဲကြီးကို ကျင်းပလျက်ရှိရာ မြန်မာနိုင်ငံမှ အသက် ၁၄ နှစ်နှင့် ၁၆ နှစ်အကြား ကျောင်းသားလူငယ်များ ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ပြိုင်ပွဲကို မေ ၅ ရက်မှ ဇွန် ၁၅ ရက် ကာလအတွင်း အဆင့်သုံးဆင့်ဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်ကာ ရမှတ်အမြင့်ဆုံးဖြင့် အောင်နိုင်သူ ၁၀ ဦးသည် ၂၀၂၆ ခုနှစ် ဩဂုတ်တွင် နျူကလီးယားစွမ်းအင်သုံး ရေခဲခွဲသင်္ဘောကြီးဖြင့် မြောက်ဝင်ရိုးစွန်းသို့ ၁၀ ရက်ကြာ အခမဲ့သိပ္ပံလေ့လာရေးခရီး သွားရောက်ခွင့် ရရှိမည်ဖြစ်ကြောင်း သိရသည်။

ပါဝင်ယှဉ်ပြိုင်လိုသူများအနေဖြင့် ၂၀၂၆ ခုနှစ် ဇွန် ၃ ရက်နောက်ဆုံးထား၍ တရားဝင်ဝက်ဘ်ဆိုက် https://goarctic.energy/ တွင် အွန်လိုင်းမှတစ်ဆင့် အခမဲ့စာရင်းသွင်းပြီး ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း၊ ပါဝင်ယှဉ်ပြိုင်သူများသည် အဆင့် (၁)အနေဖြင့် မေ ၅ ရက်မှ ဇွန် ၃ ရက် ကာလအတွင်း အွန်လိုင်းဉာဏ်စမ်းမေးခွန်း (Quiz) ဖြေဆိုရမည်ဖြစ်ပြီး ဖြေဆိုရာတွင် သိပ္ပံအခြေပြုဉာဏ်စမ်းပဟေဠိ (Quiz)ကို ဖြေဆိုရမည်ဖြစ်သည့်အပြင် မေးခွန်းအားလုံးဖြေဆိုကာ သတ်မှတ်ရမှတ်ရရှိသူများ အဆင့်(၂)သို့ တက်ရောက်ခွင့်ရမည်ဖြစ်ကြောင်း။

အဆင့်(၂)အနေဖြင့် မေ ၁၈ ရက်မှ ဇွန် ၃ ရက်ကာလအတွင်း Webinars ဆွေးနွေးပွဲများ တက်ရောက်ရမည်ဖြစ်ပြီး အဆင့်(၁) အောင်မြင်သူများသည် အာတိတ်ဒေသရေကြောင်းပို့ဆောင်ရေး ဘေးကင်းလုံခြုံစွာ ဖွံ့ဖြိုးတိုးတက်စေရန် အသုံးပြုသည့် နည်းပညာများအပါအဝင် Rosatom ၏ ဆန်းသစ်သော ဖြေရှင်းချက်များနှင့် ပတ်သက်သည့် အွန်လိုင်း Webinar များကို လေ့လာ၍ စာမေးပွဲဖြေဆိုရမည်ဖြစ်ကြောင်း။

အဆင့်(၃)အနေဖြင့် ဇွန် ၅ ရက်မှ ၁၅ ရက်ကာလအတွင်း ဗီဒီယိုတင်ဆက်မှု (Video Presentation) ပြုလုပ်ရမည်ဖြစ်ပြီး အဆင့်(၁)နှင့် အဆင့်(၂)တို့တွင် စုစုပေါင်းရမှတ် အမြင့်ဆုံးရရှိသည့် နိုင်ငံများမှ ဆန်ခါတင် ၁၀ ဦးသည် နောက်ဆုံးအဆင့် လုပ်ဆောင်ချက်ခေါင်းစဉ်နှင့် သက်ဆိုင်သည့် ၎င်းတို့၏ စိတ်ကူးစိတ်သန်းများကို "Video Business Card" (ဗီဒီယိုဖြင့် မိတ်ဆက်တင်ပြခြင်း)ပုံစံဖြင့် တင်ပြရမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်များ၏ ပြိုင်ပွဲရလဒ်များကို ဇွန်လတွင် ကြေညာမည်ဖြစ်ပြီး ဆုရရှိသူများသည် မြောက်ဝင်ရိုးစွန်းသို့ သွားရောက်မည့် ကမ္ဘာ့အဆင့်အထူးခရီးစဉ် လက်မှတ်ကိုရရှိမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအစီအစဉ်နှင့်ပတ်သက်၍ RAIN ကိုယ်ပိုင်အဖွဲ့အစည်းမှ ပြန်ကြားရေးဆိုင်ရာ ဒုတိယညွှန်ကြားရေးမှူးချုပ် အလက်ဇန္ဒားယူးစတပ်စ်က "ဗဟုသုတရေခဲခွဲသင်္ဘော(Icebreaker of Knowledge) စီမံကိန်းကို နိုင်ငံတကာအဆင့်အနေနဲ့ ကျင်းပတာဟာ တတိယအကြိမ်မြောက်ဖြစ်ပါတယ်။ နိုင်ငံပေါင်း ၂၂ နိုင်ငံက ကလေးငယ်တွေဟာ နျူကလီးယားစွမ်းအင်သုံး ရေခဲခွဲသင်္ဘောကြီးနဲ့ မြောက်ဝင်ရိုးစွန်းဆီကို စိတ်လှုပ်ရှားဖွယ်ရာ ပညာပေးခရီးစဉ်နဲ့ စတင်ကြမှာပါ။ ၁၀ ရက်တာအတွင်းမှာ သူတို့ဟာ ထိပ်တန်းသိပ္ပံပညာရှင်တွေ၊ သိပ္ပံပညာပြန်ကြားရေး ကျွမ်းကျင်သူတွေ၊ ဘလော့ဂါတွေနဲ့အတူ အာတိတ်ဒေသကို လေ့လာစူးစမ်းကြမှာဖြစ်ပါတယ်။ ဒီခရီးစဉ်ဟာ ကမ္ဘာ့အမြင့်ဆုံးအမှတ်ကို ရရှိဖို့အတွက် သာမက ဗဟုသုတအမြင်တွေ ကျယ်ပြန့်လာစေဖို့၊ မိတ်ဆွေသစ်တွေရရှိဖို့၊ စံချိန်သစ်တွေ တင်နိုင်ဖို့နဲ့ ဝင်ရိုးစွန်း ဝက်ဝံတွေကို မြင်တွေ့နိုင်ဖို့ အခွင့်အရေးတစ်ခုဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ၂၀၂၆ ခုနှစ် မေ ၂၉ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၇၀၅၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၂၉

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မေ ၂၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Mya Thida Win 8811" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် အမှတ်(၂)ရပ်ကွက်နေ မြသီတာဝင်း ခေါ် ရှမ်းမကို ည ၆ နာရီ ၂၅ မိနစ်တွင် မတ္တရာမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ခိုလမ်မြို့နယ်နှင့် ခရမ်းမြို့နယ်တို့ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

နေပြည်တော် မေ ၂၉

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့များက ဒေသအသီးသီးရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ၎င်းတို့၏ မြို့နယ်၊ ကျေးရွာများအရောက် သွားရောက်၍ လူမျိုး၊ ဘာသာမရွေး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့ ၆ မိုင်ကျေးရွာရှိ မဟာရတနာဘုန်းတော်ကြီးကျောင်း၌အခြေပြု၍ အဆိုပါကျေးရွာရှိ ဒေသခံပြည်သူ ၁၆၈ ဦးတို့ကို နှလုံးရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ မျက်စိရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သောလူနာများကို ခိုလမ်မြို့ရှိ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် ကမာကလူကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၁၄၁ ဦးတို့ကို ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ပရိယတ္တိစာသင်တိုက်၌ အခြေပြု၍ အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

# ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် လေးထပ် လူနေအဆောက်အအုံ သုံးလုံးကို စနစ်တကျထပ်မံဖြိုချဖျက်ဆီး၊ တရားမဝင်အဆောက်အအုံ ၁၅ လုံး ဖြိုချဖျက်ဆီးပြီးဖြစ်




ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်ဒေသရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်ခဲ့သည့် တရားမဝင် အဆောက်အအုံများကို ဖောက်ခွဲဖျက်ဆီးမှုပြမြေပုံ။

နေပြည်တော် မေ ၂၉

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများကို အများဆုံး အခြေချလုပ်ကိုင်ခဲ့ကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ လုပ်ကိုင်ခြင်းမရှိစေရေး ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ဝင်ရောက်ရှင်းလင်း၍ လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများကို စနစ်တကျဖျက်ဆီးခြင်းနှင့် တရားမဝင်အဆောက်အအုံများကိုအသုံးပြု၍ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံကျူးလွန်ခြင်း မပြုနိုင်စေရေးတို့အတွက် အပြီးတိုင် ဖြိုချဖျက်ဆီးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် လေးထပ် လူနေအဆောက်အအုံ သုံးလုံးကို ထပ်မံ၍ စနစ်တကျဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။

ရွှေကုက္ကိုလ် နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲ၍ဖျက်ဆီးမည့် အဆောက်အအုံ အလုံး ၂၀ ဖြင့် အဆောက်အအုံ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်၍ စနစ်တကျဖြိုချဖျက်ဆီးခြင်းဖြစ်ကြောင်း သိရသည်။

ယနေ့တွင် ယာဉ်ယန္တရားဖြင့် ဖြိုချဖျက်ဆီးရန် သတ်မှတ်ထားသည့် အဆောက်အအုံ ၅၇ လုံးအနက် လေးထပ် လူနေအဆောက်အအုံ သုံးလုံးကို ယာဉ်၊ ယန္တရားများအသုံးပြု၍ စနစ်တကျထပ်မံဖြိုချဖျက်ဆီးခဲ့ရာ ယနေ့ထိ စုစုပေါင်း အဆောက်အအုံ ၁၅ လုံးကို ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် တရားမဝင်အဆောက်အအုံ ၆၂ လုံးကိုလည်း ဆက်လက်၍စနစ်တကျဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော် အစိုးရအနေဖြင့် နိုင်ငံတကာနှင့် တစ်ကမ္ဘာလုံးကိုအန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)

ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်ဒေသ၌ အွန်လိုင်းလောင်းကစားလုပ်ငန်းလုပ်ကိုင်ခဲ့သည့် တရားမဝင် အဆောက်အအုံများ မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးစီးမှု မှတ်တမ်းဓာတ်ပုံ။









ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်ဒေသ၌ ယာဉ်ယန္တရားဖြင့် ဖျက်ဆီးခဲ့သည့် အွန်လိုင်းလောင်းကစားလုပ်ငန်းလုပ်ကိုင်ခဲ့သော တရားမဝင် အဆောက်အအုံ မဖြိုဖျက်မီနှင့်ဖြိုဖျက်ပြီးစီးမှုမှတ်တမ်းဓာတ်ပုံ။

# ပိုလန်နိုင်ငံ ဝါဆောမြို့၏ အရှေ့မြောက်ဘက်ရှိ မီဇီးလ်စ်ဒေသတွင် တောမီးလောင်ကျွမ်းပြီး သစ်တောဧက ၃၀ ကျော် ပျက်စီးခဲ့



**ဝါဆော မေ ၂၉**

ပိုလန်နိုင်ငံ ဝါဆောမြို့၏ အရှေ့မြောက်ဘက်ရှိ မီဇီးလ်စ် ဒေသတွင် မေ ၂၈ ရက်မှစ၍ တောမီးလောင်ကျွမ်းခဲ့ပြီး သစ်တောဧက ၃၀ ကျော် မီးလောင် ပျက်စီးခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါတောမီးလောင်ကျွမ်းမှုကြောင့် အနီးအနားရှိ ဒေသခံများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း၊ အဆိုပါတောမီးကိုငြိမ်းသတ်ရန် မီးသတ်တပ်ဖွဲ့ဝင် ဦးရေ ၄၀၀ ခန့်နှင့် မီးသတ်ယာဉ် ၇၅ စီးအသုံးပြု၍ မီးငြိမ်းသတ်ရေး လုပ်ငန်းများ ဆောင်ရွက်နေကြောင်း ပြည်နယ်မီးသတ်ဌာန အကြီးအကဲ Wojciech Kruczek က ပြောကြားခဲ့သည်။

ယနေ့တွင် တောမီးအရှိန် ပြင်းထန်မှုကြောင့် နောက်ထပ် မီးသတ်ယာဉ် အစီး ၂၀ နှင့် မီးသတ်တပ်ဖွဲ့ဝင်များကို အခင်း ဖြစ်ပွားရာသို့ ထပ်မံစေလွှတ်ထားကြောင်း သိရသည်။

ရဲတပ်ဖွဲ့နှင့် ပြည်နယ်သစ်တောဌာနကလည်း တောမီးကို ပူးပေါင်းငြိမ်းသတ်ပေးလျက်ရှိသည့်အပြင် မီးငြိမ်းသတ်ရေးရဟတ်ယာဉ်များကိုလည်း အသုံးပြုထားကြောင်း သိရသည်။

ပိုလန်ဝန်ကြီးချုပ် ဒေါ်နယ် တက်စ်က အရေးပေါ်ဝန်ဆောင်မှုအဖွဲ့ကို ဖွဲ့စည်းကာ တောမီးငြိမ်းသတ်ရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေပြီး ဒေသခံများ၏ ဘေးကင်းလုံခြုံရေးကို အဓိက ဦးစားပေး ဆောင်ရွက်နေကြောင်း၊ လက်ရှိ ဒေသခံအာဏာပိုင်များက မီးလောင်မှုဖြစ်ပွားရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးနေကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# အီတလီနိုင်ငံ တူရင်မြို့တွင် အပူလှိုင်းဖြတ်သန်းပြီး အပူချိန်မြင့်တက်မှု အမြင့်ဆုံးဖြစ်ပေါ်နေ

**ရောမ မေ ၂၉**

အီတလီနိုင်ငံ တူရင်မြို့တွင် အပူလှိုင်းဖြတ်သန်းပြီး အပူချိန်မြင့်တက်မှုအမြင့်ဆုံး ဖြစ်ပေါ်နေကြောင်း အီတလီမိုးလေဝသ ညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အပူချိန်မြင့်တက်မှုကြောင့် လျှပ်စစ်မီးပေးဝေမှုကို ယာယီရပ်ဆိုင်းထားပြီး တူရင်မြို့တွင် ကျန်းမာရေးလုံခြုံမှုဆိုင်ရာ သတိပေးချက် ထုတ်ပြန်ထားကြောင်း၊ တူရင်မြို့တွင် အပူချိန်မှာ ၃၅ ဒသမ ၅ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေပြီး တူရင်မြို့တော်ဝန်ရုံးကလည်း ကျန်းမာရေးလုံခြုံမှုဆိုင်ရာညွှန်ကြားချက်များ ထုတ်ပြန်ထားကြောင်း၊ အပူချိန်သည် လာမည့်ရက်ပိုင်းအတွင်း ဆက်လက်မြင့်တက်မည်ဖြစ်ပြီး တူရင်မြို့တွင် အပူလှိုင်းသတိပေးချက်များထုတ်ပြန်ထားကာ အပူအအေးမျှတအောင် နေထိုင်ရန်လိုကြောင်း တူရင်မြို့တော်ဝန် စတီဖာနိုက ပြောကြားခဲ့သည်။

"အပူလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန်မြင့်တက်မှု ဖြစ်ပေါ်နေပါတယ်။ အပူချိန် ပမာဏမှာ ၃၅ ဒသမ ၅ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေတယ်။ ကျန်းမာရေးလုံခြုံမှုဆိုင်ရာ သတိပေးချက်တွေ ထုတ်ပြန်ထားပါတယ်။ ညွှန်ကြားချက်တွေလဲ ထုတ်ပြန်ထားပါတယ်။ အပူချိန်မြင့်တက်မှုကြောင့် လျှပ်စစ်မီး ဖြတ်တောက်ထားရပါတယ်။ အန္တရာယ်ရှိတဲ့အခြေအနေဖြစ်တဲ့အတွက် အခုလို လျှပ်စစ်မီး ဖြတ်တောက်ထားတာ ဖြစ်ပါတယ်။ ကျန်းမာရေးလုံခြုံမှုနဲ့ ပတ်သက်ပြီး ညွှန်ကြားချက်ကို လိုက်နာကြပါ"ဟု တူရင်မြို့တော်ဝန် စတီဖာနိုက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# ဩစတြေးလျနိုင်ငံ ပက်သ်မြို့တွင် မိုးသက်လေပြင်းကျရောက်မှုကြောင့် ရေကြီးရေလျှံမှုအန္တရာယ် သတိပေးချက်ထုတ်ပြန်

**ကင်ဘာရာ မေ ၂၉**

ဩစတြေးလျနိုင်ငံ အနောက်ဩစတြေးလျပြည်နယ် ပက်သ်မြို့တွင် မိုးသက်လေပြင်းကျရောက်နေပြီး မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုအန္တရာယ် သတိပေးချက် ထုတ်ပြန်ထားကြောင်း မိုးလေဝသဌာန(BoM)က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင်ဖော်ပြထားသည်။

မိုးသည်းထန်စွာ ရွာသွန်းနေသကဲ့သို့ လေတိုက်နှုန်းလည်း မြင့်တက်နေပြီး လေတိုက်နှုန်းမှာ အခြေခံအဆောက်အအုံနှင့်နေအိမ်များကို ပျက်စီးစေနိုင်သည့် ပြင်းအားဖြစ်ကြောင်း၊ လေတိုက်နှုန်းမှာ တစ်နာရီလျှင် ကီလိုမီတာ ၁၀၀ နှုန်းဖြင့် တိုက်ခတ်နေပြီး သစ်ပင်၊ သစ်ကိုင်းများကျိုးကျနိုင်သည့် အခြေအနေဖြစ်ကြောင်း၊ မြစ်ရေလျှံတက်မှုလည်း ဖြစ်ပေါ်နေပြီး ရေကြီးရေလျှံမှုလည်း စတင်နေပြီ ဖြစ်သည့်အတွက် ယနေ့မှစ၍ ပက်သ်မြို့ကို ရေကြီးရေလျှံမှု အန္တရာယ်ရှိသည့်အဆင့် အဖြစ်သတ်မှတ်ကြောင်း BoM က ထုတ်ပြန်ခဲ့သည်။

"ပက်သ်မြို့မှာ မိုးသည်းထန်စွာရွာသွန်းနေသလို လေတိုက်နှုန်းလဲ မြင့်မားနေပါတယ်။ လေတိုက်နှုန်းဟာ တစ်နာရီကို ကီလိုမီတာ ၁၀၀ နှုန်းနဲ့ တိုက်ခတ်နေတဲ့အတွက် အခြေခံ အဆောက်အအုံနဲ့ နေအိမ်တွေအတွက် အန္တရာယ်ရှိနိုင်ပါတယ်။ မိုးရေချိန်မြင့်မားတဲ့အတွက် မြစ်ရေလျှံတက်မှုတွေ ဖြစ်ပေါ်နေတယ်။ ရေကြီးရေလျှံမှုဟာ မေ ၃၀ ရက်နဲ့ ၃၁ ရက်မှာ အခြေအနေပိုဆိုးသွားနိုင်ပါတယ်"ဟု မိုးလေဝသဌာန (BoM) မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat



# လာအိုနိုင်ငံ ဗိုင်ဆုမ်ဘွန်းပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဂူတစ်ခုအတွင်း ပိတ်မိနေသူ ခုနစ်ဦးကို ကယ်ထုတ်နေ

**ဗီယင်ကျန်း မေ ၂၉**

လာအိုနိုင်ငံအလယ်ပိုင်း ဗိုင်ဆုမ်ဘွန်းပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဂူတစ်ခုအတွင်း ပိတ်မိနေသူ ခုနစ်ဦးကို ဂူပြင်ပသို့ ကယ်ထုတ်နေကြောင်း ယနေ့သတင်းများအရ သိရသည်။

လာအိုနိုင်ငံအလယ်ပိုင်း ဗိုင်ဆုမ်ဘွန်းပြည်နယ်ရှိ ဂူတစ်ခုအတွင်း ပိတ်မိနေသူများကို အသက်ရှင်လျက် ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ ထို့နောက် ကယ်ဆယ်ရေးသမားများက ဂူအတွင်းသို့ အစားအစာနှင့် သောက်ရေများ ပံ့ပိုးပေးခဲ့ကာ ယနေ့တွင် ဂူပြင်ပသို့ ကယ်ထုတ်ပေးနေကြောင်း၊ အဆိုပါပိတ်မိနေသူများကို ဆေးဘက်ဆိုင်ရာအဖွဲ့က ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ပေးရန် ဂူအပြင်တွင် အသင့်စောင့်ဆိုင်းနေကြောင်း သိရသည်။

လာအိုသတင်းဌာန၏ ဖော်ပြချက်အရ ဗိုင်ဆုမ်ဘွန်းပြည်နယ် ဖန်ဆိုင်းရွာမှ ဒေသခံ ခုနစ်ဦး တောထဲသို့သွားချိန် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မိုးခိုရင်း ဂူတစ်ခုအတွင်း မေ ၂၀ ရက်က ပိတ်မိခဲ့ကြောင်း၊ မေ ၂၈ ရက်မှသာ ၎င်းတို့ကို အသက်ရှင်လျက်ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း၊ လက်ရှိတွင် ရေကြီးမှုအခြေအနေမတည်ငြိမ်သေးသဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ ကြန့်ကြာနေသော်လည်း ကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နေဆဲဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ



# အမေရိကန်နိုင်ငံ ကော်လိုရာဒိုပြည်နယ် အနောက်ဘက်ပိုင်းတွင် တောမီးလောင်ကျွမ်းနေပြီး ထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိနေ

**ဝါရှင်တန် မေ ၂၉**

အမေရိကန်နိုင်ငံ ကော်လိုရာဒိုပြည်နယ် အနောက်ဘက်ပိုင်းတွင် တောမီးလောင်ကျွမ်းမှု ဖြစ်ပေါ်နေပြီး တောမီးမှာ ထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိနေကြောင်း အမေရိကန်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တောမီးလောင်ကျွမ်းမှုသည် မွန့်ရို့စ်ကောင်တီအနီးတွင် လောင်ကျွမ်းနေခြင်းဖြစ်ပြီး တောမီးကို ထိန်းချုပ်နိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင်အင်အားသုံးကာ တောမီးကို ငြိမ်းသတ်ပေးနေကြောင်း၊ တောမီးလောင်ကျွမ်းမှုကို အနီရောင်အဆင့် သတိပေးချက် ထုတ်ပြန်ထားပြီး ဒေသခံများကို ဘေးလွတ်ရာ ရွှေ့ပြောင်းရန် ညွှန်ကြားထားကြောင်း၊ လေတိုက်နှုန်း မြင့်တက်နေခြင်းကြောင့် တောမီးကူးစက် လောင်ကျွမ်းမှုနှုန်း မြန်ဆန်နေကြောင်း သိရသည်။

"မွန့်ရို့စ်ကောင်တီအနီးမှာ တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်နေပါတယ်။ တောမီးလောင်ကျွမ်းမှုကို အနီရောင်အဆင့်သတ်မှတ်ထားပါတယ်။ အန္တရာယ်ရှိတဲ့ အခြေအနေဖြစ်ပါတယ်။ နေအိမ်တွေဆီကို ကူးစက်နိုင်တဲ့အတွက် ဒေသခံတချို့ကို ဘေးလွတ်ရာ ရွှေ့ပြောင်းဖို့ ညွှန်ကြားထားပါတယ်။ ကယ်ဆယ်ရေးဝန်ထမ်းတွေကလဲ ဘေးလွတ်ရာ ရွှေ့ပြောင်းပေးဖို့အတွက် ဒေသခံတွေကို ကူညီပေးနေပါတယ်"ဟု ကော်လိုရာဒို မီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မီးသတ်တပ်ဖွဲ့ဝင်များက လူနေအိမ်များဆီသို့ တောမီးမကူးစက်ရေး ဦးစားပေးငြိမ်းသတ်ပေးနေကြောင်း သိရသည်။


Ref : Sputnik News

Trs : Sai Sat

ဝတ္ထုတိုကဏ္ဍ

# အန္တေဝါသိက

**မနှင်းဖွေး**



**ယမန်နေ့မှအဆက်**

အင်း... ဒီပုံဆိုရင်တော့ စံပေါ အရင်လောက် မအူမအတော့ဘူးလို့ ပြောရမယ်ထင်တယ်။

ခြံတံခါးသော့ ဖွင့်ပေးတော့ ကျုပ်နဲ့ ကျုပ်သားက ခြံထဲကို လမ်းလျှောက်ပြီးပဲ ဝင်လာလိုက်တယ်။ စံပေါက တစ်ခါ ဘုန်းမြင့်ခေါင်ကို စေ့စေ့ကြည့်ပြန်တယ်။ ခြေဆုံးခေါင်းဆုံး ကြည့်ပြီးမှ–

"နေ... နေပါအုံး... သူ... သူက"

"ကျွန်တော်က ဘယ်သူလဲ ပြော"

ဘုန်းမြင့်ခေါင်က ပြုံးပြီးမေးတယ်။

"မင်းကြီးရဲ့သား... ကိုဘုန်း မဟုတ်လား"

ဘုန်းမြင့်ခေါင်က စံပေါကို ဝမ်းသာအားရ လှမ်းဖက်တယ်။ ပြီးတော့ နှစ်ယောက်သားဖက်ပြီး တဟားဟား ရယ်လိုက်ကြတာ။

"ဒါမှ တို့ဦးလေး စံပေါကွ"လို့ ဘုန်းမြင့်ခေါင်က ဟစ်ကြွေးတယ်။

"ဩော်... မင်းတောင် လူကြီးဖြစ်နေပြီကိုး ကိုဘုန်းရယ်"လို့ ပြောပြီး–

"အေးလေ... ဦးလေးလဲ အသက် ၇၀ ကျော်နေပြီပဲ"လို့ ဆက်ပြောပါတယ်။

ဆံပင်တွေ တစ်ခေါင်းလုံး ဆွတ်ဆွတ်ဖြူနေတဲ့ ကိုထွန်းအောင်ဇံကတော့ ကျုပ်တို့ကို သူ့အိမ်တံခါးဝကနေ ကြိုဆိုနေပါတယ်။ ကျုပ်တို့နှစ်ယောက် လက်ဆွဲနှုတ်ဆက်ကြတော့ သူ ကျုပ်လက်ကို တင်းတင်းဆုပ်ထားတာ အကြာကြီးပဲ။ ကျုပ်က သူ့ကို ကြိုအကြောင်းကြားမထားတော့ သူ သိပ်ကို အံ့သြပြီး သိပ်ကိုဝမ်းသာနေတဲ့ပုံ ပေါ်ပါတယ်။ ဩော်... အသက် ၉၀ အရွယ် မိတ်ဟောင်းဆွေဟောင်း အဘိုးကြီးနှစ်ယောက်ရဲ့ ပြန်လည် ဆုံတွေ့မှုကတော့ စိတ်လှုပ်ရှားပြီး ရင်ခုန်စရာ ဖြစ်နေပါတယ်။

"ခုလို ကျန်းကျန်းမာမာပြန်တွေ့ရတာ သိပ်ဝမ်းသာတယ် ကိုထွန်းအောင်ဇံ"

"ဟုတ်ပဲ့ါဗျာ၊ ဝမ်းသာလွန်းလို့ ကျွန်တော်ဖြင့် ဘယ်လိုပြောရမှန်းကို မသိတော့ပါဘူး။ ကဲ... ကဲ... အိမ်ထဲဝင်ဗျာ။ ထိုင်ကြပါ၊ ထိုင်ကြပါ"

"အန်ကယ် ကျန်းမာရေးကောင်းတယ်နော်"

ဘုန်းမြင့်ခေါင်က ကိုထွန်းအောင်ဇံကို နှုတ်ဆက်စကားပြောတော့–

"ဩော်...ဒါက ကိုကျော်ခေါင်ရဲ့သား ကိုဘုန်း ဟုတ်လား။ အင်း အပြင်မှာများတွေ့ရင် ဘယ်မှတ်မိပဲ့ါမလဲ။ ကွဲကွာသွားကြတာ နှစ်တွေက မနည်းတော့ဘူးနော်။ ဒါထက် မင်းက အခု ယူအက်မှာဆို"

"ဟုတ်ကဲ့ အန်ကယ်"

"အိမ်ထောင်ကျပြီပေါ့"

"ဟုတ်ကဲ့"

"မိသားစု ခေါ်မလာဘူးလား"

"ဒီတစ်ခေါက်တော့ မပါဘူး အန်ကယ်၊ နောက်တစ်ခေါက်မှပဲ"

အဲဒီနောက်တော့ ကျုပ်တို့ ရှေးဟောင်းနှောင်းဖြစ်အကြောင်း၊ မိတ်ဟောင်းဆွေဟောင်းတွေအကြောင်း မမောနိုင်မပန်းနိုင်ပြောရင်းနဲ့ ညနေစောင်းသွားပါတယ်။ ညနေစာကိုတော့ စံပေါက ပြင်ဆင်ကျွေးမွေးတယ်။ စံပေါတူမရဲ့ သမီး၊ စံပေါရဲ့ မြေးတော်တဲ့ အသက်ဆယ့်လေးငါးနှစ်အရွယ် ကလေးမလေးက ကူပေးတယ်။

ဟင်းတွေကလဲ စုံလို့ပါပဲ။ ကြက်သားဆီပြန်ပါတယ်။ ခရမ်းချဉ်သီး ငါးပိတစ်ဟင်းပါတယ်။ ကိုင်းဥကြော် ပါတယ်။ မောင်မခေါ် ပဲဟင်းချို ဆူးပုပ်ခတ်နဲ့ မြူရွက်သုပ်လဲ ပါတယ်။ အတို့အမြှုပ်ကလဲ ပန်းကန်ပြားကြီးနဲ့အပြည့်။

"ကဲ... သုံးဆောင်ကြပါဗျာ။ ကြိုသိမထားတော့ အိမ်ရှိတာလေးနဲ့ ချက်ထားရလို့ စားလို့ ဖြစ်ပဲ့ါမလားတော့ မသိဘူး။ အားလုံးက စံပေါ လက်ရာပါ"

ကိုထွန်းအောင်ဇံက စားမကောင်းမှာစိုးလို့ အားတုံ့အားနာ ဧည့်ခံရှာတယ်။

ကျုပ်က ပဲဟင်းချိုလေး ခပ်မြည်းကြည့်တယ်။ ချိုလို့။ မြူရွက်သုပ်လေးတစ်ဇွန်း စားကြည့်တော့လဲ ဆိမ့်လို့ပဲ။ ကိုင်းဥကြော်လေးကလဲ အရသာရှိသား။

"ကောင်းတယ်ဗျို့၊ စံပေါက အတော်ဟုတ်နေပြီပဲ။ ဟင်းစပ် ဟင်းဟပ်လဲ အဆင်ပြေတယ်ဗျ"

ကျုပ်က ချီးကျူးတော့ ကိုထွန်းအောင်ဇံတို့ ဆရာတပည့်နှစ်ယောက် ပြုံးလို့။

နောက်တော့ ကိုထွန်းအောင်ဇံက တစ်စုံတစ်ခုကို သတိရသွားသလို–

"စံပေါရေ"လို့ သူ့တပည့်ကို လှည့်ခေါ်တယ်။

"ဟုတ်ကဲ့ မင်းကြီး"

ခါတိုင်းလိုပါပဲ။ စံပေါက "သတိ" အနေအထားနဲ့ ဆရာ့အမိန့်ကို စောင့်စားနေတယ်။

"တို့မှာ ဟိုနေ့က ခင်မောင်ဦး လာပေးသွားတဲ့ သနပ္ပင်က ပုစွန်အသားချဉ်တွေ ရှိသေးတယ် မဟုတ်လား။ မင်းကြော်ထားတာ ကောင်းကကောင်းနဲ့။ ထည့်ခဲ့လေကွာ။ မင်းကလဲ။ ကိုကျော်ခေါင်က မင်းကို ချီးကျူးနေတဲ့ ဥစ္စာ။ ဟင်းလဲ ပိုစုံသွားတာပေ့ါ"

စံပေါက မလှုပ်ဘူး။

ခါတိုင်း သူ့ဆရာ ဘာခိုင်းခိုင်း "ဟုတ်ကဲ့ခင်ဗျ" ဆိုပြီး ချက်ချင်းလက်ငင်း ထလုပ်တတ်တဲ့ တပည့်ကျော်ဟာ ခုတော့ နေရာကမရွေ့ဘူး။ နည်းနည်းထူးဆန်းတာမို့ ကျုပ်က "နေပါစေဗျာ၊ ဒီဟင်းတွေနဲ့ လုံလောက်ပါတယ်" လို့ ပြောမဲ့စကားကို မပြောသေးဘဲ အခြေအနေကို အကဲခတ်ကြည့်လိုက်တယ်။

"စံပေါ၊ ပြောတာ မကြားဘူးလား"

"ကြားပါတယ် ခင်ဗျ"

"ကြားရင် သွားယူလေ"

"မင်းကြီး"

"ဒီနေ့ ပုစွန်ချဉ်စားလို့ မဖြစ်ဘူး မင်းကြီး"

"ဟေ... ဘာဖြစ်လို့လဲ"

"ကိုင်းဥနဲ့ ပုစွန်ချဉ်က မတည့်ဘူး မင်းကြီး"

"မင့် ဘယ်သူပြောတုံး"

"ကျွန်တော် စာအုပ်ထဲမှာ ဖတ်ဖူးထားလို့ပါ"

"စားရင် ဘာဖြစ်တတ်တုံး"

"သေတတ်တယ် မင်းကြီး"

ကိုထွန်းအောင်ဇံ အသံထွက် ရယ်တယ်။

"သေချာလို့လားကွ"

"သေချာပါတယ် မင်းကြီး၊ ဘာနဲ့ဘာနဲ့ မတည့်ဘူး။ စားရင် သေတတ်တယ်လို့ ရေးထားတဲ့ စာရင်းထဲမှာ ကိုင်းဥနဲ့ပုစွန်ချဉ်လဲ ပါတယ်"

"ဟုတ်လား၊ ဒါဆိုလဲ မစားတော့ဘူးပေ့ါကွာ"

ကျုပ်က သားကြီးဘုန်းမြင့်ခေါင်ကို လှည့်အကြည့်၊ သူကလဲ ကျုပ်ဘက်ကို လှည့်အကြည့်၊ အကြည့်ချင်း ဆုံသွားတယ်။

"အခုတော့ ကျွန်တော်က စံပေါစကား ပြန်နားထောင်နေရပြီ ကိုကျော်ခေါင်ရေ့။ သူက မစားနဲ့ ဆိုရင် မစားရဲတော့ဘူး။ သူက မသွားနဲ့ဆိုရင် မသွားရဲတော့ဘူး၊ ဟား... ဟား... ဟား"

ကိုထွန်းအောင်ဇံက ပြောင်းလဲသွားတဲ့ သူတို့ ဆရာတပည့်နှစ်ယောက်ရဲ့ ဆက်ဆံရေးကို ရယ်သွမ်းသွေးရင်း ပြောတယ်။

"စံပေါက ခင်ဗျားကို အကျိုးသင့်အကြောင်းသင့် ပြန်ရှင်းပြတတ်လာတာ ဝမ်းသာစရာပေ့ါ ကိုထွန်းအောင်ဇံ။ အရင်ကလိုသာ ခင်ဗျား ဘာခိုင်းခိုင်း မျက်စိမှိတ်ပြီး ဟုတ်ကဲ့လုပ်နေရင် ကျုပ်တို့အားလုံး ကိုင်းဥနဲ့ ပုစွန်ချဉ်စားပြီး ဒုက္ခရောက်နေပြီ"

"ဟုတ်ပဲ့ါဗျာ"

"ဒီမယ် ကိုထွန်းအောင်ဇံ။ လွန်ခဲ့တဲ့ အနှစ် ၅၀ လောက်က ခင်ဗျား ပြောခဲ့တဲ့စကား မှတ်မိသေးလား။ ဆရာက တစ်ခုခုခိုင်းလိုက်ရင် ဟုတ်ကဲ့ဆိုပြီး ခိုင်းတဲ့အတိုင်း တစ်သဝေမတိမ်းလုပ်တဲ့ တပည့်မှ တပည့်ကောင်း။ ဟို... ဒါကတော့ ဒီလိုရှိပါတယ် ဆရာရယ်၊ ဘာရယ်နဲ့ အတွန့် တက်တတ်တဲ့ တပည့်က တပည့်ကောင်းမဟုတ်ဘူး ဆိုတာလေ"

ကျုပ်စကားကြောင့် ကိုထွန်းအောင်ဇံ မျက်နှာ အမူအရာ ချက်ချင်းပြောင်းသွားတယ်။ သူ့လက်နှစ်ဖက်ထဲက ဇွန်းနဲ့ခက်ရင်းကို ထမင်းပန်းကန်ပြားပေါ် ပြန်တင်လိုက်တယ်။ ပြီးတော့ ကျုပ်မျက်နှာကို တည့်တည့်ကြည့်တယ်။

"ဟုတ်တယ် ကိုကျော်ခေါင်၊ ကျွန်တော် အဲဒီလို ပြောခဲ့မိတယ်။ အဲဒီလိုလဲ ထင်ခဲ့မိတယ်။ တပည့်ဆိုတာ ဦးနှောက်ရှိဖို့ မလိုဘူး။ အသိဉာဏ်ရှိဖို့လဲ မလိုဘူး။ ခိုင်းတဲ့အတိုင်းလုပ်ပြီး ဆရာ့အပေါ် သစ္စာရှိဖို့ပဲ လိုတယ်လို့ တထစ်ချ ယူဆခဲ့တယ်၊ အင်း... ဒါပေမဲ့..."

အင်း... ဒါပေမဲ့လို့ပြောပြီး ကိုထွန်းအောင်ဇံ စကားမဆက်ဘဲ ငိုင်နေတယ်။ တော်တော်ကြာကြာ ငိုင်နေပြီးမှ သက်ပြင်းရှည်ကြီးချရင်း–

"ဒါပေမဲ့ဗျာ... ကျွန်တော့်သမီးလေး ကစ်တီနဲ့ ကျွန်တော့်ခွေးကြီး ရန်လုံတို့က သူတို့အသက်နဲ့ရင်းပြီး ကျွန်တော့်အမှားကို ပြင်ပေးသွားကြတယ်"

သူ့စကားအဆုံးမှာတော့ ထမင်းဝိုင်းဟာ ရုတ်တရက် ငြိမ်သက်တိတ်ဆိတ်သွားတယ်။ အခိုက်အတန့် တိတ်ဆိတ်ငြိမ်သက်နေပြီးမှ ကိုထွန်းအောင်ဇံကပဲ အခြေအနေကို ပြန်ထိန်းလိုက်ပါတယ်။

"ကဲ... ကဲ... စားကြပါအုံးဗျာ၊ စားကြပါအုံး။ ပြီးမှ စကားဆက်ပြောကြတာပေ့ါ"

ဒီတော့မှ ထမင်းဝိုင်းလေးဟာ ပြန်စိုပြည်လာတယ်။ အဲဒီနေ့က ထမင်းဝိုင်းလေးကိုတော့ မေ့နိုင်စရာ မရှိပါဘူး။ ကျုပ်တို့အားလုံး ထမင်းစားသောက်၊ စကားပြောလက်စသတ်ပြီး ပြန်ဖို့ပြင်ဆင်တော့ ည ၈ နာရီ ထိုးလုရှိနေပါပြီ။ မပြန်ခင်မှာ ဘုန်းမြင့်ခေါင်က ကိုထွန်းအောင်ဇံကိုရော၊ စံပေါကိုရော ငွေစကြေးစလေးနဲ့ ထိုင်ကန်တော့တယ်။ ခြံဝထိ လိုက်ပို့တဲ့ ကိုထွန်းအောင်ဇံရဲ့လက်ကို ကားပေါ်တက်ခါနီး ကျုပ် အားရပါးရဖျစ်ညှစ်နှုတ်ဆက်လိုက်ပါတယ်။ အရွယ်လွန် အဘိုးကြီးနှစ်ယောက်ရဲ့ နောက်ဆုံးခွဲခွာ နှုတ်ဆက်ခြင်းများ ဖြစ်နေမလားတော့ မသိဘူး။

"ဦးလေးစံပေါ ကျန်းမာအောင်နေနော်။ ပြီးတော့ အန်ကယ် ဦးထွန်းအောင်ဇံကိုလဲ ကောင်းကောင်း ဂရုစိုက်ပါနော်"

ဘုန်းမြင့်ခေါင်က စံပေါရဲ့ပခုံးကို သိုင်းဖက်ရင်း အတန်တန်မှာတယ်။ စံပေါက မျက်ရည်လည်လည်နဲ့ ခေါင်းတဆတ်ဆတ် ညိတ်တယ်။

ကျုပ်တို့ကား ထွက်လာတာကို မျက်နှာညှိုးငယ်ငယ်နဲ့ လက်ပြကျန်ရစ်ခဲ့တဲ့ ဆရာတပည့်နှစ်ယောက်ရဲ့ပုံရိပ်ဟာ ကျုပ်မျက်စိထဲက မထွက်တော့ဘူး။ ဘုန်းမြင့်ခေါင်ကလဲ တစ်လမ်းလုံး နှုတ်ဆိတ်လာတယ်။

ချင်းတွင်းမြစ်ကူးတံတားပေါ် ဖြတ်သန်းတဲ့ အချိန်ရောက်မှ သူ့ဆီက စကားသံထွက်လာတယ်။ ထွက်လာတဲ့ သူ့စကားကလဲ တိုက်တိုက်ဆိုင်ဆိုင် ကျုပ် တွေးနေတာနဲ့ တစ်ထပ်တည်း ဖြစ်နေတယ်ဗျာ။

သူ ပြောလိုက်တာက...

"ဘာပဲပြောပြော အန်ကယ် ဦးထွန်းအောင်ဇံကော၊ ဦးလေး စံပေါကော သဘောထားတွေ ပြောင်းသွားတာမြင်ရတော့ သူတို့နှစ်ယောက်စလုံးအတွက် ကျွန်တော် စိတ်နည်းနည်း အေးသွားသလိုပဲ ဒယ်ဒီ"တဲ့။

# ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၃၈၄၀၉ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ပဲတီစိမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ဝက်လက် မေ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၃၈၄၀၉ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝက်လက်မြို့နယ်တွင် ပဲတီစိမ်း ၃၈၄၀၉ ဧက စိုက်ပျိုးရန် လျာထားပြီး အဆိုပါစိုက်ပျိုးမှုကို ယခုနှစ် ဇွန်လ ပထမပတ်မှ စတင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ ပဲတီစိမ်းဧက ၃၈၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမှာပါ။ ပဲတီစိမ်း စိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ပညာပေးတာတွေ ရှိပါတယ်"ဟု ဝက်လက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ်တွင် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့အတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)

# ဟသ်ာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ကွမ်းသီးနု ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဟသ်ာတ မေ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်းကွမ်းသီးနု ပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဟသ်ာတမြို့နယ် ကွမ်းသီး၊ ကွမ်းရွက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာဝင်းက ပြောပြသည်။

ဟသ်ာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် မတ်လအတွင်း ကွမ်းသီးနုပိဿာချိန် ၄၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဧပြီလအတွင်း ကွမ်းသီးနုပိဿာချိန် ၅၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ကွမ်းသီးနုများ တင်ပို့အားကောင်းလာခြင်းသည် ရန်ကုန်ဈေးကွက်မှ ဝယ်ယူမှု အားကောင်းနေခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။

"ဟသ်ာတမြို့နယ်ထဲကနေ ရန်ကုန်ဈေးကွက်ကို ကွမ်းသီးနု ပိဿာချိန် ၅၆၀၀၀ ထိ ဧပြီလထဲမှာ တင်ပို့ရောင်းချခဲ့ပါတယ်။ လက်ရှိမှာ ကွမ်းသီးနုတစ်ပိဿာကိုငွေကျပ် ၁၅၅၀၀ ထိ ဈေးပေါက်နေပါတယ်။ အခုလို ကွမ်းသီးတွေ အရောင်းအဝယ်ဖြစ်နေတော့ ကွမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တွေ လုပ်ငန်းအဆင်ပြေပြေ လည်ပတ်လုပ်ကိုင်နေရပါတယ်"ဟု ဟသ်ာတမြို့နယ် ကွမ်းသီး၊ ကွမ်းရွက် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာဝင်းက ပြောပြသည်။



ဟသ်ာတမြို့နယ်မှ ထွက်ရှိသည့် ကွမ်းသီးနုများကို ကုန်သည်များက ကွမ်းခြံများအရောက် သွားရောက်ဝယ်ယူ၍ စနစ်တကျ ရွေးချယ်ထုပ်ပိုးပြီး ရန်ကုန်မြို့သို့ တင်ပို့ ရောင်းချလျက်ရှိကြောင်း၊ ရန်ကုန်ဈေးကွက်မှတစ်ဆင့် အခြားဈေးကွက်များသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ယခင်ကကွမ်းသီးအစိမ်းအမှည့် ဈေးကွက်နှစ်မျိုးသာရှိပြီး ယခုအခါ ရင့်မှည့်ချိန်ထိ စောင့်ရောင်းရန်မလိုဘဲ ကွမ်းသီးအနုများ အရောင်းအဝယ်ပြုလုပ်နေကြောင်း သိရသည်။

ကျော်ကျော်လင်း

# ကဝမြို့နယ် ဇွဲဘကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ကဝ မေ ၂၉**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဇွဲဘကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို မေ ၂၈ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ရွှေဇင်နှင့် ဝန်ထမ်းများက ဇွဲဘကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ လိုအပ်သည်များကို မြို့နယ်ဦးစီးမှူးက ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ ကွန်ကရစ်လမ်း အရှည်ပေ ၅၀၀၊ အကျယ် ၁၀ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်းဖြင့် ဦးစီးဌာနမှဝန်ထမ်း များ၏ နည်းပညာကူညီပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဧပြီလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှုကြောင့် ကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန်လာပြီး ကျေးရွာမှထွက်ရှိလာသော ထုတ်ကုန်ထွက်ကုန်များကို ဈေးကွက်သို့ အချိန်နှင့်တစ်ပြေးညီ ပေးပို့နိုင်ပြီဖြစ်ကြောင်း သိရသည်။

အေးမြတ်

## ကျောင်းအပ်နှံရေး ပါဝင်ပေး

- မေလဝယ် နှစ်ဆယ့်ငါး
  မျိုးဆက်များ ကျောင်းအပ်မယ်၊
  ငါးနှစ်ရွယ် ကလေးများ
  ကျောင်းထားပါကွယ်၊
  သူငယ်တန်း ရောက်ဖို့ရယ်
  ကျောင်းသို့ဝယ် စာရင်းပြု၊
  ကျောင်းနေရွယ် ကလေးများကို
  အားပေးရေးရှု။
- အစိမ်းဖြူ ဝတ်စုံလေးနဲ့
  ကျောင်းသို့မနှေး သွားစို့ကွယ်၊
  ကျောင်းဥယျာဉ် စာသင်ခန်း
  ရွှင်လန်းတင့်တယ်၊
  ပညာများ သင်ယူမယ်
  တို့လူငယ် တက်ကြွ၊
  လမ်းပြနေ ပညာရေးကို
  လေးစားသင်ကြ။
- ကျောင်းဥယျာဉ် စာသင်ခန်း
  ပညာနန်း ရောက်ဖို့ရာ၊
  မိဘဆရာ လက်တွဲလျက်
  ဆောင်ရွက်ရမှာ၊
  ကလေးများ အနာဂတ်ဟာ
  ကျောင်းတော်သာ ဖြစ်တာမို့၊
  ကျောင်းအပ်နှံ ပူးပေါင်းပေးကွယ်
  ဆွေးနွေးပါစို့။ ။

ရွှေမြိုင်သူ(မြန်မာစာ)

# ဒိုက်ဦးမြို့နယ် ဗျက်ကလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဒိုက်ဦး မေ ၂၉**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး ကျေးလက်ဒေသ ဆင်းရဲမှုနှုန်း လျော့ကျလာစေရန်ရည်ရွယ်၍ ဗျက်ကလေး ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို မေ ၂၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်အေးမြင့်ကြည်က မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းမှ ရရှိလာမည့် အကျိုးကျေးဇူးများ၊ စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ဦးစီးအရာရှိက စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများလွှဲပြောင်း ပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဗျက်ကလေးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၆၀ ကို ငွေကျပ် ၂၇ ဒသမ ၄ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၅၁ ဦးကို ငွေကျပ် ၁၇ ဒသမ ၂ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ကျပ် ၄၄ ဒသမ ၆ သန်းကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ချိုလေး

# ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၇၀၀၃၃ ဧက စိုက်ပျိုးမည်



ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

ပွင့်ဖြူ မေ ၂၉

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၇၀၀၃၃ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၇၀၀၃၃ ဧက စိုက်ပျိုးရန်လျာထားပြီး အဆိုပါစပါးစိုက်ပျိုးမှုကို ယခုနှစ် ဇူလိုင်လမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ စပါး ၇၀၀၃၃ ဧကစိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ စပါးစိုက်တောင်သူတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်း တိုးတက်စေဖို့အတွက် လိုအပ်တဲ့စိုက်ပျိုးရေး အသိပညာပေးတာတွေကို ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးမည့်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေး၊ မြေဩဇာစနစ်တကျသုံးစွဲရေးနှင့် ပိုးမွှားရောဂါ ကင်းရှင်းရေးတို့အတွက် အသိပညာပေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

# ပြည်မြို့နယ် မုဋ္ဌောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

ပြည် မေ ၂၉

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မုဋ္ဌောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နှဟန်နီလွင်နှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ မုဋ္ဌောကျေးရွာ၌ ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စက် တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာတွင်းလမ်းဖြစ်မြောက်ရေး ကော်မတီဝင်များကို ဆောင်ရွက်ပြီး လုပ်ငန်းများ ရေရှည်အသုံးပြုနိုင်ရေး သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားခဲ့သည်။

မုဋ္ဌောကျေးရွာ၌ အရှည်ပေ ၁၁၈၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်း၊ အချင်းတစ်ပေ၊ အရှည်ပေ ၂၀ ရှိ ရေပြွန်သုံးခုတပ်ဆင်ခြင်းနှင့် တစ်နာရီ ရေသန့်ဂါလန် ၂၀၀ ကျော်ထွက်ရှိသည့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၆ ဒသမ ၅၅ သန်းအသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အင်ဂျင်နီယာ ဝန်ထမ်းများ၏ နည်းပညာကူညီမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် မေလ ပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

ကိုညို









## အများသိစေရန် ကြေညာချက်

၁။ Shan Shan Company Limited သည် အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင် လိုင်စင်အမှတ်–103322537 (အမြဲတမ်း) ဖြင့် မန္တလေးတိုင်းဒေသကြီးအခြေစိုက်အဖွဲ့အစည်းဖြစ်ပါသည်။ ယခုအခါ ယခင်အစုရှယ်ယာရှင် BOD အဖွဲ့ဝင်(၄)ဦးအနက် (၃)ဦးနုတ်ထွက်ပြီး အစုရှယ်ယာရှင် BOD အသစ် (၃)ဦး ဝင်ရောက်ခြင်းနှင့် ပိုင်ဆိုင်မှုရှယ်ယာများအား လွှဲပြောင်းရယူပြီး လုပ်ငန်းဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ လွှဲပြောင်းရယူပြီးပါက မူလအတိုင်း အသေးစားငွေရေးကြေး ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအား အပြောင်းအလဲ တစ်စုံတစ်ရာမရှိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

| ယခင် | | ယခု | |
|---|---|---|---|
| BOD | ရှယ်ယာရှင် | BOD | ရှယ်ယာရှင် |
| ၁။ ဦးအောင်မျိုးသန့်(မန်နေဂျင်းဒါရိုက်တာ) | ၁။ ဦးအောင်မျိုးသန့်(မန်နေဂျင်းဒါရိုက်တာ) | ဒေါ်ဆောင်းယမင်းဖြူ(မန်နေဂျင်းဒါရိုက်တာ) | ဒေါ်ဆောင်းယမင်းဖြူ(မန်နေဂျင်းဒါရိုက်တာ) |
| ၂။ ဦးမျိုးမြင့်ကြည်(ဒါရိုက်တာ) | ၂။ ဦးမျိုးမြင့်ကြည်(ဒါရိုက်တာ) | ဒေါ်စုသော်သော်(ဒါရိုက်တာ) | ဒေါ်စုသော်သော်(ဒါရိုက်တာ) |
| ၃။ ဒေါ်ဝင်းပြည့်ပြည့်သင်း(ဒါရိုက်တာ) | ၃။ ဒေါ်ဝင်းပြည့်ပြည့်သင်း(ဒါရိုက်တာ) | ဒေါ်ဂျူးဂျူး(ဒါရိုက်တာ) | ဒေါ်ဂျူးဂျူး(ဒါရိုက်တာ) |
| ၄။ ဦးနေအောင်(ဒါရိုက်တာ) | ၄။ ဦးနေအောင်(ဒါရိုက်တာ) | ဦးနေအောင်(ဒါရိုက်တာ) | ဦးနေအောင်(ဒါရိုက်တာ) |

## အမည်ပြောင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ အထက(၂)၊ Grade–9 တွင် ပညာသင်ကြားနေသော (ဘ) ဦးအောင်ကျော်ဦး၏သမီး မသဲနူဝါ အား မသဲငုဝါဟု ပြောင်းလဲခေါ်ဆိုပါရန်။

မသဲငုဝါ

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ဖောင်တော်ဦးဘုန်းတော်ကြီးသင် အထက်တန်းကျောင်း၊ Grade–10 တွင် ပညာသင်ကြားနေသော မသီရိရှင်းသန့်ဇော်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးသန်းဇော်ထွေးဖြစ်ပါကြောင်း။

ဦးသန်းဇော်ထွေး(၅/မမတ(နိုင်)၀၆၁၄၉၉)

## မွေးသက္ကရာဇ်အမှန်

မြစ်သားမြို့၊ သံတော်ဦးကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade–8 တွင် ပညာသင်ကြားနေသော (ဘ) ဦးအောင်နိုင်စန်း၏သမီး မမြင့်မြတ်သော်တာ၏ မွေးသက္ကရာဇ်အမှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ၁၃–၁၀–၂၀၁၁ ဖြစ်ပါကြောင်း။

မမြင့်မြတ်သော်တာ၊ ၁၃–၁၀–၂၀၁၁

## ဖခင်အမည်မှန်

အမရပူရမြို့နယ်၊ ကြည်းမြင့်နိုင်အလက၊ Grade–11 တွင် ပညာသင်ကြားနေသော မောင်ခန့်ကိုကို၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးမြင့်ဇော်ဖြစ်ပါကြောင်း။

ဦးမြင့်ဇော်(၈/နမန(နိုင်)၁၆၅၈၃၃)

## ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ ဆင်မင်းအထက၊ Grade–9 တွင် ပညာသင်ကြားနေသော မောင်သန်းတိုးအောင်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးစိုးစိုးဖြစ်ပါကြောင်း။

ဦးစိုးစိုး(၁၃/နခတ(နိုင်)၀၆၈၉၁၆)

## အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ (၇)မိုင်၊ အောင်ချမ်းသာကျေးရွာအလက၊ Grade–9 တွင် ပညာသင်ကြားနေသော မအေးမြသူ၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မအေးအေးထက် ဖြစ်ပါကြောင်း။

မအေးအေးထက်

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

**အဖိုးတန်ရေချိုကို ချွေတာပါ**

**အိမ်ပြင်ပဌ်ထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကိုချွေတာပါ**

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း ဗထူးတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြား

နေပြည်တော် မေ ၂၉

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းသည် ဇနီး ဒေါ်နန်းကူးကူး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် အောင်ဆန်းခန်းမ၌ ဗထူးတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများကို သွားရောက်တွေ့ဆုံအမှာစကားပြောကြားသည်။

ဦးစွာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းက အမှာစကားပြောကြားရာတွင် တပ်မတော်အတွက် အရေးပါသည့်လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးလျက်ရှိသည့် ဗထူးတပ်မြို့မှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များကို တွေ့ဆုံရသည့်အတွက် များစွာဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ ဗထူးတပ်နယ်ရှိ သင်တန်းကျောင်းများမှ သင်တန်းနည်းပြများ၏

စာမျက်နှာ ၁၈ ကော်လံ ၁ ☆

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။



# ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်မည့် ချင်းပြည်နယ် တွန်းဇံမြို့သို့ လုပ်ငန်းသုံးပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ ရောက်ရှိ



နေပြည်တော် မေ ၂၉

တပ်မတော်အနေဖြင့် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ချင်းပြည်နယ်အတွင်းရှိ ဖလမ်းမြို့၊ တီးတိန်မြို့၊ တွန်းဇံမြို့နှင့် ဒေသတစ်ဝိုက်တို့ကို အပြည့်အဝပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ဒေသပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အုပ်ချုပ်မှုယန္တရားများပြန်လည်လည်ပတ်၍ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်စေရေးအတွက် နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်နှင့်အညီ

စာမျက်နှာ ၁၆ ကော်လံ ၁ ❖

ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်မည့် ချင်းပြည်နယ် တွန်းဇံမြို့သို့ လုပ်ငန်းသုံးပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ ရောက်ရှိလာရာ တာဝန်ရှိသူများက ဒေသခံပြည်သူများထံ ဆက်လက်ဖြန့်ဝေပေးအပ်စဉ်။

## နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ဒေသအလိုက် နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် မေ ၂၉

စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မကွေးတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ဧရာဝတီတိုင်းဒေသကြီးတွင် ဒေသအလိုက်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

